# သစ်တောကြေးမုံ

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ



## ကုသိုလ်ရအောင်၊ ကတုံးတောင် တို့ယောင်ထုံးစို့၊ တောညို့ညို့






















# မာတိကာ

**မျက်နှာဖုံး**

- သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ် ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး — မျက်နှာဖုံး

**ခေါင်းကြီး**

- စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းကောင်းများ ဖြစ်စေရန်... — ၁

**သတင်းများကဏ္ဍ**

- သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၅

**ဘာသာရပ်ဆိုင်ရာကဏ္ဍ**

- ဆီးဖြူပင် - **ဦးဟုတ်လင်း** — ၆-၇
- ကြောင်လျှာပင်ပုံပြင် - **အောင်ခင်(သစ်တော)** — ၈-၉
- QGIS ကိုအသုံးပြု၍ 3D model တည်ဆောက်ခြင်း(၃)- JICA-FDSNR — ၁၀-၁၂၊၂၅
- အပူပိုင်းဒေသနှင့် ကိုက်ညီသည့် ဝါးနွယ်စိမ်းပင် - **ငြိမ်းချမ်း(၄)** — ၄၇-၄၉
- သိမှတ်စရာ အတိုကောက်စာလုံးများ — ၃၅

**သစ်တောလုပ်ငန်းများကဏ္ဍ**

- သစ်လုံးဇစ်မြစ်သိဖို့ကွယ် QR Code နဲ့စစ်ကြမယ် - **မြန်မာ့သစ်လုပ်ငန်း** — ၁၃-၁၄
- မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ကြေညာချက်ထုတ်ပြန်ခြင်းကိစ္စ — ၁၅-၁၆
- သစ်တောလုပ်ငန်းဆိုင်ရာဆွေးနွေးချက်များ(၂)- **တိုးချဲ့** — ၁၇-၂၀
- မန်းတောင်ရိပ်ခို - **အုန်းလွင်လေး** — ၂၁-၂၅
- WHAT IS PEFC? - **မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးအဖွဲ့** — ၂၆-၂၈

**နိုင်ငံတကာသစ်တောရေးရာကဏ္ဍ**

- IPBES ကဇီဝမျိုးစုံမျိုးကွဲနှင့် ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ... - **မေဇင်မြင့်** — ၃၀-၃၁
- ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆယ်စုနှစ်အတွင်း ဆောင်ရွက်ရန်တိုက်တွန်းထားသည့်... — ၃၂-၃၃
- နိုင်ငံတကာ Website များရှိ သစ်တောကဏ္ဍနှင့် သက်ဆိုင်သည့်သတင်းများ — ၃၄

**ရသကဏ္ဍ**

- ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်နှင့် သစ်တောပညာမဟာဌာန... - **သိရိတင်(သစ်တော)** — ၃၆-၃၉

**ကဗျာ/ကာတွန်းကဏ္ဍ**

- (ကဗျာ) - **စိုးလှ** — ၁၄
- ရှိုက်သံ (ကဗျာ) - ATM — ၂၉
- မြတ်ဆုမွန်(ကဗျာ) - **သိရိတင်(သစ်တော)** — ၁၇
- ကာတွန်း - **အော်ပီကျယ်** — ၄၁

**အင်္ဂလိပ်ကဏ္ဍ**

- Bio-Engineering for Soil and Water Conservation - **U Sein Thet** — ၄၀-၄၁

**ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ-နောက်ကျောဖုံး**

- မိန်းမလှကျွန်း(ယခင်လမှအဆက်) - **ကျော်မျိုးလွင်(ကောလင်း)** — ၄၂-၄၄
- ငဟစ် - **ဒေါက်တာသိန်းအောင်** — ၄၅-၄၆, နောက်ကျောဖုံး

## စာတည်းချုပ်နှင့် ထုတ်ဝေသူ

ဦးဥက္ကာ
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြဲ-၀၀၄၀၀)

## စာတည်း

ဦးအေးနိုင် - ဒုတိယညွှန်ကြားရေးမှူး

## စာတည်းအဖွဲ့ဝင်များ

| | |
|---|---|
| ဦးထွန်းလတ် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါက်တာဇာခြည်ဝင်း | ဦးစီးအရာရှိ(English Editor) |
| ဒေါ်မေဇင်မြင့် | တောအုပ်ကြီး(English Editor) |
| ဦးမျိုးညွန့်(၂) | တောအုပ်ကြီး |
| ဦးကျော်ကိုလှ | တောအုပ်ကြီး |

## ပုံနှိပ်သူ

ဦးရဲလွင်ဌေး(မြဲ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၁)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
extension@forest.gov.mm

## စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းကောင်းများ ဖြစ်စေရန် နိုင်ငံ့ဝန်ထမ်းများ၏တာဝန်များ

ယနေ့အချိန်၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် အဖြစ်ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သော စီမံအုပ်ချုပ်ရေး၊ တည်ဆောက်ရေး၊ တရားဥပဒေ လေးစားလိုက်နာရေး စသည်တို့အား ဦးတည်ချက်ချမှတ် ဆောင်ရွက်နေသည့် အားလျော်စွာပင် ဝန်ထမ်းအဆင့်အသီးသီးဖြင့် ဖွဲ့စည်းထားသည့် အစိုးရယန္တရား သန့်ရှင်းကောင်းမွန်ရေးနှင့် အရည်အသွေးတိုးတက်ရေးများကိုလည်း အလေးပေးဆောင်ရွက်နေကြောင်းတွေ့ရှိနိုင်ပါသည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်သော လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြစ်မှသာလျှင် မိမိဌာနနှင့်နိုင်ငံတော် တစ်နည်းအားဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်မှ စီမံချက်ချမှတ်ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ပြည်သူတို့၏စားဝတ်နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် နိုင်ငံသားလုပ်ငန်းရှင်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအားပေးရန်တို့အတွက်လုပ်ထုံးလုပ်နည်းများဖြေလျှော့ပေးခြင်း၊ ကျွန်းနှင့်အုပ်စု(၁)သစ်မာမျိုးများမှအပ ကျန်သစ်မာမျိုးများမှ ရရှိသည့် အခွန်အခများကို သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးများသို့ ခွဲဝေပေးခြင်းများအားစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင်သစ်တောကဏ္ဍရေရှည်တည်တံ့ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် သစ်တောမြေများ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေးအတွက်လည်း စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်ယူနိုင်ရေး၊ သစ်တောစိုက်ခင်းများအောင်မြင်ရေး၊သစ်တောမှုများ လျော့နည်းပပျောက်ရေးများကိုလည်း အလေးထား၍ ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းရပ်များစွာရှိသည့်အထဲမှနိုင်ငံ့ဝန်ထမ်းဘဝကို ရွေးချယ်လျှောက်လှမ်းခဲ့ကြသူများဖြစ်သဖြင့် မိမိဌာန၏အကျိုး၊ ထိုမှတစ်ဆင့်တက်၍ နိုင်ငံတော်အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဉာဏ်ရည်ဉာဏ်သွေးသဘောအရ တစ်ဦးနှင့်တစ်ဦး ကွာခြားမှုရှိနိုင်သော်လည်း မိမိအလုပ်အပေါ်တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုသော စိတ်ဓာတ်နှင့် ခံယူချက်ကိုလေ့ကျင့်မွေးမြူရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍သစ်တောဦးစီးဌာန၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည့်ဝန်ထမ်းများအနေဖြင့်နိုင်ငံတော်မှရှေးရှုဆောင်ရွက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်တစ်ရပ်တည်ဆောက်ရာတွင်စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းများအနေဖြင့်ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်းဖော်ပြအပ်ပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများ ချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နီးကြားတက်ကြွသည့် အသိရင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရင်သန်စေရန် လှုံ့ဆော်သွားရမည်။

## သတင်းများကဏ္ဍ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်း ကွင်းဆင်းဆောင်ရွက်ခြင်း





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းသည် (၁၄-၁၁-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင်နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အတွင်းရှိ ကုမုဒြာရေကန်၌ ဝန်ထမ်းများစိတ်အပန်းဖြေနိုင်ရေးအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက တံတားဝန်းကျင်အနီး အပန်းဖြေနားနေနိုင်ရန်အတွက် ထိုင်ခုံများထားရှိ ဆောင်ရွက်ရန်၊ ကုမုဒြာရေကန်ဝန်းကျင် သာယာလှပရေး အတွက် ပန်းအလှပင်များစိုက်ပျိုးဆောင်ရွက်ရန်၊ အပန်းဖြေလျှောက်လမ်းတံတားကြံ့ခိုင်မှုရှိစေရေး စိစစ်ဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်းအား ရေတိုက်စားမှုမဖြစ်စေရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ ရုံးဇရိယာအတွင်း အာစီသုံးထပ်ရုံးအဆောက်အအုံ သစ်အားဆောက်လုပ်ရေးဝန်ကြီးဌာန၊တည်ဆောက်ရေး၂၊ အဆောက်အအုံအထူးအဖွဲ့၄ က တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးလုပ်ငန်းတာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး က ရုံးအဆောက်အအုံသစ်အတွက် ရေနှင့်လျှပ်စစ်မီး လိုအပ်ချက်၊ လျှပ်စစ်မီးတပ်ဆင်ရာတွင်လည်း စွမ်းအင် အနည်းဆုံးအသုံးပြု၍ အလင်းရောင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများအား ရုံးခန်း နေရာချထားရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ရန်၊ ရုံးအသုံးအဆောင်နှင့် ပရိဘောဂပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ရံပုံငွေလိုအပ်ချက်တို့ကို အချိန်နှင့်တစ်ပြေးညီတင်ပြတောင်းခံဆောင်ရွက်ရန် တို့ကိုဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်သို့ဆက်လက်ထွက်ခွာ၍ သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာညီညီကျော်နှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သစ်တောဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ၂၀၁၈ခုနှစ်မှ၂၀၂၀ပြည့်နှစ်အထိ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်၍ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ၂၀၂၁ ခုနှစ်၊ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးရေးအတွက် ရွေးချယ်ထားရှိသည့်နေရာကိုကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပွဲဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့သည့်စိုက်ခင်းများ၏နှစ်အလိုက် စိုက်ပျိုးရှင်သန်အောင်မြင်မှုအခြေအနေကို မှတ်တမ်းထားရှိရန်၊ စိုက်ပင်များရှင်သန်ကြီးထွားမှုရှိစေရေးအတွက် သစ်တောပြုစုထိန်းသိမ်းရေး လမ်းညွှန်ချက်များနှင့်အညီ ပြုစုဆောင်ရွက်ရန်၊ စိုက်ခင်းအလိုက်စိုက်ပျိုးသည့်သစ်မျိုးများ၏အမြင့်နှင့်ကြီးထွားမှုတို့ကို တိုင်းတာမှတ်တမ်းတင်ထားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ ညီညီကျော်နှင့်အတူ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌တည်ဆောက်လျက်ရှိသော ကျောင်းသူကျောင်းသားများ အပန်းဖြေနားနေနိုင်ရန်အတွက် ဦးပိန်တံတားပုံစံ ရေကန်ဖြတ်လျှောက်တံတားတည်ဆောက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ ရေကန်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက်သစ်ပင်စိုက်ပျိုးရန်၊ ရေကန်ပတ်လည်တွင် ခုံတန်းများထားရှိဆောင်ရွက်ရန်၊ ရေကန်ပေါင်တွင် မြေဆီလွှာထိန်းသိမ်းနိုင်ရေးအတွက် ဗာတီဗာမြက်စိုက်ပျိုးဆောင်ရွက်ရန် တို့ကိုဆွေးနွေးမှာကြား၍ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပြည်ထောင်စုနယ်မြေ၊ ရေဆင်းရှိ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့ကိုကြည့်ရှုစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၁ရက် နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ရေဆင်းရှိတိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့ကိုကြည့်ရှုစစ်ဆေးသည်။

တိရစ္ဆာန်ဥယျာဉ်ရှင်းလင်းဆောင်တွင် တိရစ္ဆာန်ဥယျာဉ်များဌာန၊ ညွှန်ကြားရေးမှူးက ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါနိုင်ငံတွင်းကူးစက်ပြန့်ပွားမှုကြောင့် ယခုနှစ် မတ်လ၂၆ရက်မှစ၍ တိရစ္ဆာန်ဥယျာဉ်များပိတ်ခဲ့ရသည့်အတွက် ဝင်ငွေကျဆင်းလာမှု၊ တိရစ္ဆာန်အစာရိက္ခာဝယ်ယူရန်၊ ဝန်ထမ်းလုပ်ခလစာနှင့် ပြုပြင်ထိန်းသိမ်းကုန်ကျစရိတ်များအတွက် ကြုံတွေ့ရသည့် အခက်အခဲများအားရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တိရစ္ဆာန်ဥယျာဉ်များအား သက်တမ်းတိုးဆက်လက်ငှားရမ်းဆောင်ရွက်မည့်အစီအစဉ်၊ ငှားရမ်းမှု သက်တမ်းကုန်ဆုံးချိန်၌ Package စနစ်ဖြင့်တင်ဒါခေါ်ယူဆောင်ရွက်မည့်အစီအစဉ်နှင့် ဌာနက ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သဘောထားမှတ်ချက်နှင့် ခွင့်ပြုချက် တင်ပြတောင်းခံထားမှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဥယျာဉ်များကို ပြန်လည်ဖွင့်လှစ်ပါက ဖွင့်လှစ်ချိန်အကန့်အသတ်၊ လူဦးရေအကန့်အသတ်များဖြင့် ဝင်ရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ပါက ကျောင်းသား၊ လူငယ်၊ ပြည်သူများလည်းစိတ်အပန်းဖြေနိုင်မည့်အပြင် ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့်ပြည်သူများ၏ စိတ်ဖိစီးမှုများကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ တိရစ္ဆာန်ဥယျာဉ်၏ အခက်အခဲများကိုအတိုင်းအတာတစ်ခုအထိဖြေရှင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၌ တိရစ္ဆာန်ဥယျာဉ် ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေနှင့် ချမှတ်ဆောင်ရွက်ကြသည့် ကျန်းမာရေးလမ်းညွှန်ချက်များအား လေ့လာထားရှိရန်၊ တိရစ္ဆာန်များကိုလည်း အစာအာဟာရလုံလောက်စွာ ဖြည့်တင်းနိုင်ရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ကျန်းမာရေးအတွက်လည်း အထူးအလေးထားစောင့်ရှောက်စေလိုကြောင်း၊ တိရစ္ဆာန်ပြုန်းတီးမှုနှင့် တိုးပွားမှုကိုမှတ်တမ်းပြုစုထားရှိရန်လိုအပ်ကြောင်းနှင့် လိုအပ်သည့် ရန်ပုံငွေကို အချိန်နှင့်တစ်ပြေးညီရရှိရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန်ပြောကြားခဲ့ကြောင်းသိရသည်။

## နှစ်တစ်ရာဝန်းကျင်က သစ်တောဝန်ထမ်းများစိုက်ပျိုးခဲ့သည့်ဟု ယူဆရသော ပရုတ်ပင်ကြီးများအား အကြီးဆုံးစာရင်းမှတ်တမ်းတင်



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ သစ်တောရုံးဝင်း၊ ရတနာသစ်ခန်းမအနီးရှိ ရင်စို့လုံးပတ် ၂၂ ပေ ၈လက်မအရွယ်ရှိ ပရုတ်ပင်ကို အကြီးဆုံးပရုတ်ပင်ကြီးအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံးဝင်း၊ ချယ်ရီရိပ်သာအနီး၊ ရင်စို့လုံးပတ် ၂၂ ပေ ၄ လက်မရှိ ပရုတ်ပင်ကြီးကို ဒုတိယအကြီးဆုံး ပရုတ်ပင်အဖြစ်လည်းကောင်းမှတ်တမ်းတင်နိုင်ခဲ့ပါသည်။



တောင်ကြီးမြို့ရှိ ပရုတ်ပင်ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် သစ်တောဦးစီးဌာနရုံးစတင်ဖွင့်လှစ်ခဲ့သည့် ၁၈၉၆ ခုနှစ်ဝန်းကျင်ကလည်းကောင်း၊ လားရှိုးမြို့ရှိပရုတ်ပင်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သစ်တောရုံးစတင်ဖွင့်လှစ်သည့် ၁၉၂၅ ခုနှစ် ဝန်းကျင်ကလည်းကောင်း သစ်တောဝန်ထမ်းများ စိုက်ပျိုးခဲ့သည်ဟုယူဆရပါသည်။

ပရုတ်ပင်သည် တရုတ်နှင့်ဂျပန်နိုင်ငံသစ်မျိုးဖြစ်၍ ကိုင်းတက်ထွက်များသော အပင်မျိုးစိတ်ဖြစ်သည်။ သစ်သားမှာဆွဲဆောင်မှုရှိသော အဆင်းရှိပြီး အင်းဆက်ပိုးမွှားများဒဏ်ကိုခံနိုင်ရည်ရှိသည်။ ပရုတ်ပင်၏ အသားအရွက်နှင့်အမြစ်တို့ကို ဆေးဖော်သည့် နေရာတွင်သုံးပြီး အရိပ်ရပင်အဖြစ်စိုက်ပျိုးကြသည်။

ရုက္ခဗေဒအမည်-*Cinnamomum camphora*(L.) Nees& Ebrern

## ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS)ဖြင့် သတင်းပေးပို့ချက်အရ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း သတင်းကဏ္ဍ

### မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်များ







(၅-၁၁-၂၀၂၀)ရက်နေ့မှ (၆-၁၁-၂၀၂၀)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ အောက်မတ္တရာတိုးချဲ့ကြိုးဝိုင်းအတွင်း တရားမဝင်ပျဉ်းကတိုး/သစ်ယာ/အင်/ထောက်ကြန့်သစ်(၁၄၀)လုံး (၅၇.၆၆၀၀)တန်နှင့်အတူ (၃)ပေလွှဝိုင်း(၂)ဝိုင်းများအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့၏ အနောက်ဘက် ချင်းတွင်းမြစ်၏ နောက်ဘက်ကမ်း (၃)မိုင်ခန့်အကွာနေရာမှ တရားမဝင် ကညင်သစ်(၁၃)လုံး (၇.၂၄၄၀)တန်အားလည်းကောင်း၊ မင်းကင်းမြို့နယ်၊ ပိတ်ချင်းတောကြိုးပြင်ကာကွယ်တောအတွင်း၊ စမြင်ရွာအနီးတစ်ဝိုက်နေရာတို့မှ တရားမဝင် ကျွန်း/သစ်ယာ/ကညင်/အင်/သပြေ/စကားဝါသစ်/ ခွဲသား/ ခွဲခြမ်း (၁၂၁၄)လုံး/ချောင်း/ခြမ်း (၇၅.၇၆၃၄)တန်နှင့် တာယာဘီးတပ်လှည်း(၁)စီး၊ အင်ဂျင်(၂)လုံး၊ သစ်စက်ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ပဲခူးခရိုင်၊ကျောက်တံခါးမြို့နယ်၊ရန်ကုန်-နေပြည်တော်အမြန်လမ်း(၈၅/၀)မိုင်လမ်း အရှေ့ဘက်(၁)ဖာလုံခန့်အကွာတွင် တရားမဝင်ကျွန်းခွဲသား (၉၄)ချောင်း (၅.၄၃၆၂)တန်တို့အားလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။

---

### စစ်ကိုင်းတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့အတွင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်များ






(၈-၁၁-၂၀၂၀)ရက်နေ့မှ (၁၀-၁၁-၂၀၂၀)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဆတ်-မိုင်းခုတ်သွားကားလမ်း၊ ဟိုနားလမ်းဆုံနေရာ၌ မော်တော်ယာဉ်အမှတ်(SHN 2B/5377) NISSAN (၁၀)ဘီး (ကြက်သွေးရောင်/ခဲရောင်)ယာဉ်ပေါ်မှ တရားမဝင် ကျွန်း/ပိတောက်ခွဲသား/စကွဲယား(၈၂)တုံး/ချောင်း(၁၁)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်၊ ကျောက်တောင်ကြိုးဝိုင်းအကွက်အမှတ်(၁၀)အတွင်း ထွန်စက် (နောက်တွဲပါ)(၂)စီးပေါ်မှ တရားမဝင်ကျွန်းသစ်(ဖုံတို)/အင်ကြင်း/ကညင်/အင်သစ်/ လုံးပတ်(၃)ပေအောက် ကျွန်းသစ်(ဖုံတို) (၂၃)လုံး၊ (၃)တန်နှင့် တရားခံ(၂)ဦးအားလည်းကောင်း၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာ ဆိပ်ကမ်း၌ ရေမင်းနဒီ-၂ အမည်ပါရေယာဉ်တွင် တရားမဝင်ကျွန်း/ကညင်ခွဲသား/ပကာ/ပါကေး (၅၈၃၁)ချောင်း၊ (၈၈.၁၅၁၃)တန်နှင့် တရားခံ(၄)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့အတွင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်များ






(၁၄–၁၁–၂၀၂၀)ရက်နေ့မှ (၁၆–၁၁–၂၀၂၀)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊စီပဒုံးချောင်းဖျား၊တန့်ဆည်–မင်းကင်းမြို့နယ်၊ နယ်နိမိတ်ဆက်စပ်သည့် တည်နေရာအနီးတွင် တရားမဝင် သစ်ယာ/အင်/ကညင်ခွဲသား ခန့်မှန်း(၄၀)တန်ခန့်အား ဖွဲအမျိုးအစားထွန်စက်(၆)စီးနှင့် စက်ခေါင်းမပါတာယာဘီးတပ်ထွန်စက်နောက်တွဲယာဉ်(၁၁)စီးတို့အားလည်းကောင်း၊ ကလေးခရိုင်၊ကလေးဝမြို့နယ်၊ရွှေကျင်ကြိုးဝိုင်းအကွက်အမှတ်(၁၈)အတွင်း တရားမဝင်အင်/သစ်ယာ/ကညင်ခွဲသား(၁၂၁)ချောင်း (၁၇)တန်အားလည်းကောင်း၊ မင်းကင်းမြို့နယ်၊ စရိုကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်ကညင်ခွဲသား(၁၄၀)ချောင်း (၃၀)တန်အား ဆိုင်ကယ်(၁)စီး၊ ချိန်းဆော(ဖြူပြာကြား)(၁)လုံးအားလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊လယ်ဝေးမြို့နယ်၊မင်းပြင်ကြိုးဝိုင်းအကွက်အမှတ်(၁၁)အတွင်း တရားမဝင် ချဉ်ယုတ်/ဒီးဒူး/နဘဲ/သစ်(၇၅၉)လုံး၊ (၁၃)တန်၊ အင်ဂျင်(၁)လုံး၊ ချိန်းဆော(၁)လက်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မြို့မဘိနယ်၊ ကလရောင်မြစ်ချောင်း လက်တက်အတွင်း တရားမဝင်သစ်ခွဲသားမျိုးစုံ အချောင်း(၉၀၀)ကျော်တို့အားလည်းကောင်း၊ ထို့အတူ တောင်ကုတ်မြို့နယ်၊ လမူးဘိနယ်၊ တောင်ရင်ချောင်းအတွင်း တရားမဝင် သစ်ခွဲသားဆိုဒ်စုံခန့်မှန်း(၂၀၀၀)ချောင်းခန့်၊ ခန့်မှန်းတန်(၁၀၀)ကျော် ခန့်အား ဖမ်းဆီးရမိခဲ့ပါသည်။

### နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၆၉၂ | |
| ၂ | သစ်မာ | တန် | ၃၆၇ | |
| ၃ | အခြား | တန် | ၁,၆၅၉ | |
| | စုစုပေါင်း | တန် | ၂,၇၁၈ | |
| ၄ | မီးသွေး | တန် | ၁၄၅ | |
| ၅ | ကား | စီး | ၆၅ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၁ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၃၀ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၃၄ | |
| | စုစုပေါင်း | စီး | ၁၃၆ | စဉ် (၅) မှ (၉)၊ ယာဉ်/ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၃၃ | |

# ဆီးဖြူပင်

ဦးဟုတ်လင်း







အင်္ဂလိပ်အမည်။ Eastern Gooseberry, Indian Gooseberry, Emblic Myrobalan.
ရုက္ခဗေဒအမည်။ *Phyllanthus emblica*
မျိုးရင်း။ Phyllanthaceae ယခုအခါ (Euphorbiaceae) ယခင်အခါက
၄င်းမျိုးရင်းတွင်ပါဝင်သောအပင်များမှာ–
၁။ သင်္ဘောဆီးဖြူပင် Star gooseberry.
၂။ မြေသျှိသျှားပင် Seed under-leaf
၃။ ကြက်သဟင်းပင် Flor-de-joja
၄။ ရေချင်းယားပင် Black honey shrub.
၅။ မရှော့ပင် Stone breaker
၆။ မြေဆီးဖြူပင် Grapeweed တို့ဖြစ်ကြသည်။

**ပေါက်ရောက်ခြင်း**

ဆီးဖြူပင်သည် မြန်မာနိုင်ငံ၌ ရွက်ပြတ်ရောနှောသောတောများတွင် အပင်ကြီးမားသန်စွမ်းစွာပေါက်ရောက်ကြသည်။ အထက်မြန်မာနိုင်ငံတွင်ခြောက်သွေ့သည့် မြေပြန့်နှင့်တောင်နိမ့်တောများ၌ ပေါက်ရောက်ကြသည်။ ပင်လယ်ရေမျက်နှာပြင်မှအမြင့်ပေ ၄၅၀၀အထိပေါက်ရောက်နိုင်သည်။ များသောအားဖြင့် မြန်မာနိုင်ငံတွင် ဆီးဖြူပင်များကို တောအရပ်များတွင် တွေ့မြင်နိုင်သည်။

အချို့ကျေးရွာများတွင် နေအိမ်ခြံဝင်းအတွင်း၌ စိုက်ပျိုးထားလေ့ရှိကြသည်။ ဆီးဖြူပင်များ သဘာဝအလျောက်ပေါက်ရောက်သည့်မူရင်းဒေသ၏ရာသီဥတုမှာ အရိပ်အာဝါသတွင်အမြင့်ဆုံးအပူချိန်မှာ ၁၀၀ မှ ၁၁၀ဒီဂရီ ဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာအရိပ်အာဝါသအောက်၌ ၃၅ မှ ၅၀ဒီဂရီဖာရင်ဟိုက်အထိဖြစ်သည်။ နှစ်စဉ်ရွာသွန်းသည့်မိုးရေချိန်မှာ ၃၀ မှ ၁၀၀လက်မအတွင်းဖြစ်သည်။ မိုးအလွန်များသည့်အရပ်ဒေသများတွင် ဆီးဖြူပင်များသဘာဝအတိုင်းပေါက်ရောက်ကြသည်ကို မတွေ့ရှိရပေ။ အထက်ရွက်ပြတ်ရောနှောသောတောစိုနှင့် အထက်ရွက်ပြတ်ရွက်ပြတ်ရောနှောသော တောခြောက်အတွင်းရှိ ရေစီးရေလာကောင်းပြီး ရေမဝပ်သည့်သဲနုန်းမြေမျိုးတွင် ဆီးဖြူပင်များကြီးမားသန်စွမ်းစွာပေါက်ကြသည်။ အပူပိုင်းဒေသများတွင် ဆီးဖြူပင်များပေါက်ရောက်ကြသော်လည်း အပင်များမှာသန်မာထွားကြိုင်းခြင်းမရှိကြပေ။

**ပုံသဏ္ဍာန်**

ဆီးဖြူပင်သည် ရာသီအလိုက်အရွက်ကြွေသော အလတ်စားအပင်ဖြစ်သည်။ အရွယ်ရောက်သည့်အပင်ကြီးများသည် အမြင့်ပေ ၃၀မှ၄၀ကျော်အထိမြင့်မားပြီး ပင်စည်မှာရင်စို့လုံးပတ်မှာ ၃ပေမှ ၄ပေအထိကြီးမားကြသည်။ အရွက်များသည်အလွန်သေးငယ်၍ အစိမ်းနုရောင်ရှိပြီး မန်ကျည်းရွက်နှင့် အလွန်တူသည်။ အရွက်များမှာရွက်ပေါင်းရွက်လွှဲ ထွက်ပြီး ရွက်မြွာများမှာ ၅၀ မှ ၆၀ ခန့်အထိပါရှိသည်။ ရွက်နုရွက်သစ်များမှာ အနီရောင်ဖျော့ဖျော့အရောင်ရှိပြီး အလွန်သေးငယ်သည့် အမွေးနုများပါရှိကြသော်လည်း အရွက်ရင့်များမှာ အစိမ်းရောင်ဖြစ်ပြီး ချောမွေ့ကြသည်။ အရွက်များမှာ မျက်နှာချင်းဆိုင် ခပ်စိတ်စိတ်ထွက်ပြီး အရွက်များသည် ၄လက်မမှ ၈ လက်မအထိရှည်သည်။ ရွက်မြွာကလေးများမှာ လက်မဝက်နီးပါးခန့်ရှည်ပြီး ထူထပ်စွာထွက်ကြသည်။ ရွက်မြွာရွက်ညှာများမှာ အညှာမဲ့သလောက် ဖြစ်ကြသည်။ အခေါက်များမှာချောပြီး မီးခိုးရောင်ဖြစ်သည်။ အခေါက်သည် ပါးပြီးအထူ ၃/၄လက်မခန့်ရှိသည်။ အခေါက်၌အကြေးများပါရှိသည်။

အရွက်များသည် နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလတွင်ကြွေကျပြီး ဖေဖော်ဝါရီလမှမတ်လအတွင်း အပင်များတွင်အရွက်မရှိဘဲနေတတ်သည်။ ရွက်နုရွက်သစ်များသည် များသောအားဖြင့် မတ်လမှဧပြီလအတွင်းထွက်ပေါ်လာကြသည်။ ရွက်နုရွက်သစ်များနှင့်အတူ ဖက်ဖူးရောင်ရှိသော ပန်းခိုင်များလည်းထွက်ပေါ်လာကြသည်။ ထိုအချိန်၌ ပန်းဝတ်ရည်ကိုစုပ်ယူရန်လာကြသည့် ပျားကောင်များကိုအမြောက်အမြားတွေ့ရှိရသည်။ အပွင့်များသည် အကိုင်းအခက်များတွင်အဆုပ်လိုက်၊ အဆုပ်လိုက်ဖူးပွင့်ကြသည်။ အပွင့်များမှာသင်းပျံ့သောမွှေးရနံ့ရှိသည်။ တစ်ပင်တည်း၌ အဖိုပွင့်နှင့်အမပွင့်နှစ်မျိုးလုံးဖူးပွင့်ကြရာ အဖိုပွင့်မှာ နည်းပါးပြီး အမပွင့်များအများအပြားဖူးပွင့်ကြသည်။ အဖိုပွင့်နှင့် အမပွင့်နှစ်မျိုးစလုံးသည် အကိုင်းအခက်တစ်ခုထဲ၌ပင် အတူတူပွင့်ကြသည်။

အသီးများမှာအကိုင်းအခက်များတွင် တွယ်ကပ်၍သီးကြသည်။ အသီးများသည် လုံးဝန်း၍ပြောင်လက်သော အရောင်ရှိသည်။ အသီးစိမ်းများသည်အစိမ်းရောင်ရှိပြီး ရင့်မှည့်လာလျှင် အနည်းငယ်အဝါရောင်သန်းလာသည်။ တစ်

ခါတစ်ရံအသီးမှည့်များမှာ အနီရောင်လည်းရှိတတ်သည်။

ဆီးဖြူသီးများမှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလ အတွင်းရင့်မှည့်ကြသည်။ ကြီးရင့်လာသည့်အသီးများမှာ အချင်း ၀.၅မှ ၀.၈လက်မအထိရှိပြီး ယင်း၌ဒေါင်လိုက်အမြှောင်း၆မြှောင်းပါရှိကြသည်။

အသီးအရသာမှာ ချဉ်ဖန်ခါးဖြစ်သည်။ အသီးမှာ အသားများပြီးအရည်ရွှမ်းသည်။ အသီးတစ်လုံးတွင် အစေ့တစ်စေ့သာပါရှိပြီး ထိုအစေ့မှ သေးငယ်သော သုံးမြှောင့်အစေ့ကလေးများ ၄ခု မှ ၆ ခုအထိ ကွာထွက်တတ်သည်။ အစေ့အရောင်မှာ အညိုရင့်ရောင်ဖြစ်ပြီး အလေးချိန် တစ်အောင်စလျှင် အစေ့ငယ်ကလေးပေါင်း ၁၈၀၀ မှ ၁၉၀၀ အထိပါရှိကြသည်။ အသီးမှည့်များကို နေလှန်းပြီး ကွဲအက်သည့်အခါအစေ့များကို အလွယ်တကူထုတ်ယူနိုင်သည်။ အသီးမှည့်များမှာ ခြောက်သွေ့သွားသည့်အခါ အရောင်မည်းသွားသည်။ ရင့်မှည့်သည့်ဆီးဖြူသီးများသည် ဆောင်းအကုန်နွေအကူးတွင် ကြွေကျကုန်သည်။ ဆီးဖြူသီးများကို ချေသတ္တဝါများစားကြသည်။ ချေများ အိပ်တတ်သည့်နေရာများတွင် ဆီးဖြူစေ့များကို အစုလိုက်အပုံလိုက်တွေ့ရတတ်သည်။ မြေပေါ်သို့ကြွေကျသည့်အသီးမှည့်များမှာ နွေရာသီတွင်အသားများ တဖြည်းဖြည်းခြောက်သွေ့လာပြီး အစေ့များမှာအမြှောင်းလိုက်ကွဲအက်လာပါသည်။ ၄င်းအစေ့များမှာမိုးရာသီတွင် အပင်ငယ်များပေါက်လာပါသည်။ ပေါက်ရောက်လာသည့်အပင်ကလေးများမှာ ငယ်ရွယ်စဉ်အခါ အလွန်နုနယ်သည့်အတွက် မိုးခေါင်ခြင်းနှင့် ပူပြင်းသည့်ဒဏ်ကိုခံနိုင်ရည်မရှိကြပေ။ မိုးပြင်းထန်စွာ ရွာသွန်းပါကလည်းအပင်များ မျောပါသွားပြီးပျက်စီးတတ်သည်။ ၄င်းအပြင် ကြွက်များနှင့်ရှဉ့်များကလည်း ဖျက်ဆီးတတ်သည်။

ပျိုးဥယျာဉ်တွင် ဆီးဖြူစေ့များကို ပလပ်စတစ်အိတ်များဖြင့် မတ်လတွင်စတင်ပျိုးထောင်ရပါသည်။ ရေမှန်မှန်လောင်းပေးရန်လိုအပ်ပြီး အပင်ငယ်ကလေးများပေါက်ရောက်လာသည့်အခါအရိပ်စင်များပြုလုပ်ပေးရန်လိုအပ်ပါသည်။

ဆီးဖြူပင်သည် အလင်းရောင်ကြိုက်နှစ်သက်သော လင်းလုပင်မျိုးဖြစ်သည်။ အလွန်အေးသည့်ဆီးနှင်းခဲသည့်ဒဏ်နှင့်မိုးခေါင်သည့်ဒဏ်ကိုလည်းခံနိုင်ခြင်းမရှိပေ။ နှင်းခါးကျပြီး အလွန်အေးသည့်အခါစိမ်းဝါရောင်မှ အဖြူရောင်သို့ပြောင်းလဲသွားပြီး အသီးရင့်များမှာ အသီးကို ရေနွေးဖြင့်ပြုတ်ထားသကဲ့သို့ဖြစ်ပေါ်လာပါသည်။ ဆီးဖြူပင်များမှာ ငုတ်တက်ထွက်စွမ်းအားလည်း အလွန်ကောင်းသည်။ အခြေအနေပေးပါက အပင်ပေါက်ရောက်မှုမှာ အသင့်အတင့်အကြီးမြန်ပါသည်။ ဆီးဖြူစေ့များမှာ ပေါက်ရောက်မှု ရာခိုင်နှုန်းအလွန်နည်းပါးသည့်အပြင် အစေ့များကိုလည်းသိမ်းဆည်းထား၍မရပေ။ တစ်နှစ်ကြာသိမ်းဆည်းထားသည့်အစေ့များမှာအပင်ပေါက်မှုမရှိတော့ကြောင်း စမ်းသပ်တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံဒါရာဒွန်းတွင် ပေါင်းသင်မြေဆွရေလောင်းစိုက်ပျိုးသည့်အခါ ဆီးဖြူပင်များမှာ လေးနှစ်အတွင်းတွင် ပထမနှစ်တွင် အမြင့်၂ပေ၈လက်မ၊ ဒုတိယနှစ်တွင် အမြင့် ၇ပေ၊ တတိယနှစ်တွင် အမြင့် ၉ပေ ၇လက်မနှင့် စတုတ္ထနှစ်တွင် အမြင့်ပေ ၁၆ပေ ၆လက်မအထိကြီးမြင့်ကြောင်း စမ်းသပ်တွေ့ရှိရသည်။ ပေါင်းသင်မြေဆွမပြုလုပ်ပါက ပထမနှစ်တွင် ၅လက်မ၊ ဒုတိယနှစ်တွင် အမြင့် ၃ ပေ ၈လက်မအထိသာ ကြီးမြင့်ကြသည်။ သဘာဝအတိုင်းတောထဲ၌ပေါက်ရောက်သည့်ဆီးဖြူပင်များမှာ အကြီးနှေးပါသည်။

**သစ်သား**

ဆီးဖြူသားသည် နီ၍မာပြီးခိုင်ခံ့သည်။ ၄င်းအသား၌ အနှစ်သားမပါရှိကြပေ။ နှစ်ကွင်းများကိုလည်း ထင်ရှားစွာမတွေ့ရပေ။ သစ်သားမှာကွဲအက်လိမ်ကောက်တတ်သည်။ အများအားဖြင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းကြမ်းများကို ပြုလုပ်ကြသည်။ အမိုးအကာအောက်နှင့်ရေအောက်တွင် အသုံးပြုပါကကြာရှည်စွာအသုံးခံသည်။ ပရိဘောဂများပြုလုပ်ရာတွင်လည်းအသုံးပြုနိုင်သည်။ ယာယီအဆောက်အအုံများဆောက်လုပ်ရာ၌လည်း အသုံးပြုနိုင်သည်။ လေဖြင့် ခြောက်သွေ့ပြီးသော သစ်သားတစ်ကုဗပေသည် အလေးချိန် ၅၂ ပေါင်စီးသည်။

**မှတ်ချက်**

ဆီးဖြူသီးမှည့်ကိုမြုပ်စားကြသည်။ ပေါင်း၍ သနပ်ပြုလုပ်စားကြသည်။ ဆားရေစိမ်ပြုလုပ်၍လည်းစားသည်။ သားငါးတို့နှင့်လည်း ရောချက်စားသည်။ စမ်းသပ်ချက်အရဆီးဖြူသီးတွင် ဗီတာမင်(စီ)အမြောက်အမြားပါဝင်နေသည်ကိုတွေ့ရှိရသည်။ ဆီးဖြူသီးတစ်လုံးသည် လိမ္မော်သီးနှစ်လုံးနှင့်ဗီတာမင်(စီ)ပါဝင်မှုညီမျှသည်။ ၄င်းအပြင် ဆီးဖြူသီးကိုအခြောက်လှန်း သို့မဟုတ် မီးဖြင့် အပူပေးသော်လည်း ၄င်းတွင်ပါဝင်နေသည့် သဘာဝဗီတာမင် (စီ) များမှာ လျော့နည်းသွားခြင်းလည်းမရှိကြပေ။



(U Hoke Lin Facebook ) လူမှုကွန်ရက်စာမျက်နှာမှ ကူးယူဖော်ပြသည်။
http://m.facebook.com/story/php? story fbid= 362491728161475 & id=100032019512791?sfnsn=mo
U Hoke Lin



# ကြောင်လျှာပင်ပုံပြင်

အောင်ခင်(သစ်တော)

ရှေးတုန်းက မြစ်ကမ်းစပ်အနီးမှာ ရေဆင်းသောက်တဲ့ ယုန်ကလေး တစ်ကောင်ကို မိကျောင်းတစ်ကောင်က လှမ်းဟပ်ပြီး ဖမ်းလိုက်တော့မိသွားတယ်။ ယုန်ကလေးလည်း မလွတ်မှန်းသိတော့ အကြံထုတ်ပြီး မိကျောင်းကိုပြောတယ်။ ''အသင်မိကျောင်း၊ ကျွန်ုပ်၏ခန္ဓာကိုယ်က သေးသေးလေး၊ အရိုးများတယ်၊ အသားခါးတယ်၊ သင် အရသာရှိရှိစားချင်ရင် ကျွန်ုပ်ရဲ့အူအသည်းတွေကိုစားပါ၊'' ''ဒါဆို မင်းဗိုက်ထဲက အသည်းကို အရင်ဖောက်စားရမှာပေါ့'' လို့ မိကျောင်းကပြန်ပြောတယ်၊ ''မဟုတ်ဘူး၊ အသင် မိကျောင်း၊ ကျွန်ုပ်တို့က ခုန်ပေါက်ဆော့ကစားတတ်တဲ့အမျိုးမို့လို့ အသည်းတွေကို သစ်ပင်မှာချိတ်ထားတယ်။ သင်လိုချင်ရင် သွားယူပေးပါမယ်''လို့ပြောပြီး မြစ်ကမ်းအနီးက သဖန်းပင်မှာ သီးနေတဲ့ သဖန်းသီးနီနီရဲရဲတွေကို လက်ညှိုးထိုးပြသတဲ့။

မိကျောင်းကယုံပြီး ''ကဲ ဒါဆိုမင်းသွားယူလေ''ဆိုပြီး ပါးစပ်ဟပေးလိုက်တဲ့အခါက ယုန်ကလေးက မိကျောင်းရဲ့လျှာကို အရင်းကကိုက်ဖြတ်ပြီး ယူပြေးသတဲ့။ မိကျောင်းရဲ့ အန္တရာယ်လွတ်တဲ့နေရာရောက်တဲ့အခါ မိကျောင်းလျှာကို သစ်ငုတ်တိုတစ်ငုတ်ပေါ်တင်ထားခဲ့တယ်။

နောက်တစ်နေ့ကျတော့ ယုန်ကလေးဟာ ကြောင်တစ်ကောင်နဲ့တွေ့ပြီး အကျိုးအကြောင်းပြောပြတဲ့အခါ ကြောင်က စိတ်ဝင်စားပြီး စားချင်လို့အတူတူသွားရှာကြတယ်။ ဒါပေမဲ့ မိကျောင်းလျှာအပြတ်ကြီးကိုမတွေ့တော့ဘူး။ အဲ့ဒီသစ်ငုတ်နေရာမှာ စိမ်းစိမ်းညိုညိုအပင်တစ်ပင်ပေါက်နေတာပဲတွေ့တယ်။ အဲ့ဒီအပင်ကြီးက အသီးကြီးတွေသီးနေကြတယ်။ အသီးပုံသဏ္ဍာန်ကလည်း မိကျောင်းရဲ့လျှာပုံရှည်ရှည်မျောမျောကြီးတွေဖြစ်နေတယ်။

ကြောင်လိုက်ရှာတဲ့နေရာက အပင်ကသီးတဲ့ အသီးတွေဖြစ်တာကြောင့် ကြောင်ရှာပင်၊ ကြောင်ရှာသီးရယ်လို့ ခေါ်ကြသတဲ့၊ နောင်ကာလရွေ့လျားပြီး နှောင်းလူတွေက ကြောင်လျှာသီးလို့ခေါ်ကြတယ်။

မိကျောင်းရဲ့လျှာကို သေသေချာချာမမြင်ဖူးပေမဲ့၊ မိကျောင်းရဲ့ခန္ဓာကိုယ်အရွယ်အစားနဲ့ ယှဉ်သုံးသပ်ပြီးပြောရရင် အသီးက မိကျောင်းလျှာနဲ့ပုံပြီး နီးစပ်လိမ့်မယ်ထင်တယ်။ ကြောင်ရဲ့လျှာကတော့ သေးသေးတိုတိုလေးပဲနေမှာ၊ အခုကြောင်လျှာသီးကတော့ကြီးလာရင် တစ်တောင်ကျော်ကျော်အလျားရှည်တာလေ၊ အချို့ လူကြီးသူမတွေပြောတာတစ်ခုရှိသေးတယ်၊ ''လျှာရှည်လိုက်တာ မိကျောင်းသားနှယ်''လို့။ အဲဒီလို အသီးပုံသဏ္ဍာန်ရှည်ရှည်ပြားပြားနဲ့ ဒြဗ်ဏာရီလာ ကြောင်လျှာသီးကား ခါးသောအရသာရှိပြီး စပ်ရှားရှားအရသာလည်းရှိပါတယ်။ ဒါကိုပဲစားလို့ကောင်းအောင်ချက်၊ ပြုတ်၊ ကြော်၊ သုပ်၊ အချဉ်လုပ်စားကြတဲ့အခါ စွဲမက်စရာအရသာများလည်းရရှိပါတယ်။

ကြောင်လျှာသီးကို ခပ်ပါးပါးလေးလှီးပြီး ဆားနဲ့သေသေချာချာနယ်၊ ပြီးမှရေဆေးပြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီကြော်၊ မြေပဲကြော်ထောင်း၊ ပုစွန်ခြောက်မှုန့်တွေနဲ့ အစိမ်းလိုက်သုပ်စားရင် အလွန်ကောင်းပါတယ်၊ သံပုရာရည်လေး ညှစ်ထည့်လိုက်ပါက ချဉ်ပြုံးပြုံး မွှေးတေးတေးလေးမို့ ပိုကောင်းပါတယ်။ ကြောင်လျှာသီးကို မီးဖုတ်ပြီး တို့စရာအဖြစ် စားကြတာတွေ့ဖူးပါတယ်။

မကြာသေးခင်က ကျွန်တော်ရဲ့ စိုက်ခင်းသွားပြီး မီးတားလမ်းစစ်ဆေးလမ်းတွေဖောက်တော့ အလုပ်သမားတွေ နေ့လယ်စာထမင်းစားကြတာကို မြင်ခဲ့ရတာလေး ပြန်ပြောချင်ပါတယ်။

သစ်ပင်ရိပ်ကောင်းကောင်း ရှိရာနေရာ ဘူမိကမ္ဗလာမှာပဲ ဝိုင်းဖွဲ့ထိုင်စားနေကြတာပါ။ ထမင်းကို ချိုင့်နဲ့ထည့်လာတဲ့သူရှိသလို၊ ငှက်ပျောဖက်နဲ့ ထုတ်လာတဲ့သူလည်း ရှိပါတယ်။ တစ်ယောက်ကတော့ ထမင်းကို ကြွပ်ကြွပ်အိတ်နဲ့ထည့်ယူလာပြီး အဲဒီ အိတ်ထဲကို ငါးပိရည်ဆမ်း၊ တို့စရာနဲ့စားကြတာပါ။ ငါးပိရည်ကိုတော့ Royal D အချိုရည်ဗူးအခွံနဲ့ ထည့်ယူလာပါတယ်။ အဖုံးမှာအပေါက်ကလေး တစ်ခုဖောက်ထားပြီး ထမင်းပေါ်ကို ဖြန်းချနယ်ဖတ်ပြီး စားကြတာပါ၊ သနားစရာကောင်းပါတယ်။

ဟိုတလောက TV အစီအစဉ်တစ်ခုက အင်တာဗျူးမှာ မြန်မာပြည်အလယ်ပိုင်းက ရွာတစ်ရွာမှာ ဆန်ရှားလို့ ဆန်ကွဲထမင်းပဲစားနေရကြောင်း ကြည့်လိုက်၊ကြားလိုက်ရတယ်၊ဒါတောင် လူတစ်ချို့က ပြောင်းနဲ့ရောပြီး စားကြရတာတဲ့။ အဲဒီအရပ်က လူတွေနဲ့စာရင်တော့ ကျွန်တော့်လူတွေက ဆန်ထမင်းစားနိုင်တာ မဆိုးသေးဘူးပေါ့။

တစ်ယောက်ကတော့ ကြောင်



လျှာသီးကို လက်တစ်လုံးလောက်အထူပိုင်းဖြတ်ပြီးချက်လာတယ်။ ကြည့်ရတာနူးနူးအိအိလေး အဲဒါကို ဆရာမြည်းကြည့်ပါဦးဆိုတော့ မြည်းကြည့်လိုက်တာ တော်တော်အရသာရှိတယ်ဗျာ။ ခါးသက်သက်လေးပါ၊ ပုစွန်ခြောက်တို့ ငါးခြောက်တို့နဲ့ရောချက်တာမဟုတ်ပေမဲ့ အရမ်းကြီးမခါးဘူး။

ဒါနဲ့ နောက်တစ်နေ့ကျတော့ ရွာထဲကဝယ်လာတဲ့ ကြက်ဥကို ကြိုပြုတ်ထားပြီး သူတို့ ထမင်းစားချိန်မှာ တစ်ယောက်တစ်လုံးစီဝေပေးလိုက်တော့ ဝမ်းသာလွန်းလို့ ထင်ပါရဲ့။ သူတို့ကိုးကွယ်ရာဘာသာအလျောက် ကျွန်တော့်ကို ဆုတွေများတောင်ပေးလို့။

ကျွန်တော့်စခန်းတဲရှေ့မှာရှိတဲ့ ကြောင်လျှာပင်မှာ အသီးသုံးလေးတောင့်တွေ့လို့ ခြံစောင့်တပည့် ကရင်လေးကိုခူးခိုင်းတာ၊ အပင်က ဝါးတစ်ပြန်လောက် မြင့်နေတာကြောင့် တပည့်ကျော်အခက်တွေ့နေစဉ်မှာ သူ့မိန်းမကဖြေရှင်းပေးလိုက်ပါတယ်။ ဝါးလုံးထိပ်ဖျားမှာ မြက်ရိတ်တဲ့ တံစဉ်ကို နှီးနဲ့ခိုင်ခိုင်ချည်ပြီး အသီးခိုင်ကို သူ့ယောကျ်ားဆွဲချခိုင်းတယ်။ တော်တော်တော်တဲ့ ကရင်မပဲ။ ဉာဏ်ပြေးတယ်၊ လက်တွေ့အသုံးချ ဗဟုသုတတွေပါ၊ အခိုင်လိုက်ဆွဲချလိုက်တော့ နုတဲ့အသီးရော၊ ရင့်တဲ့အသီးရော အကုန်ကျလာတာပေါ့။ နုတဲ့အသီးကတော့ ဆရာတို့မြို့ရောက်မှ ချက်စား၊ သုပ်စားပါဆိုပြီးပေးတယ်။ ရင့်တဲ့အသီးကိုတော့ ထက်ခြမ်းခွဲခွာပြီး အစေ့တွေကို အချပ်လိုက်နွာယူတယ်၊ အစေ့လေးတွေရဲ့ ပတ်လည်မှာတောင်ပံ(Wing)လို့ပြောနိုင်တဲ့ ပါးလှပ်လှပ်အလွှာလေးတွေရှိတယ်။ အလွှာပါးလေးတွေက သဘာဝအလျောက် အသီးရင့်ပြီး အက်ကွဲတဲ့အခါ လေထဲမှာ ပျံဝဲကာ အဝေးထိပါသွားပြီး မျိုးဆက်နိုင်တယ်။

အသီးက ရင့်သွားပေမဲ့ အစေ့လေးတွေက နုဖတ်စိုပြည်နေပါသေးတယ်၊ အဲဒီအစေ့လေးတွေကို ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့နဲ့ဆီသတ်ပြီး ကြော်စားလို့ရတယ်၊ ခါးသက်သက်လေးနဲ့ စားလို့ကောင်းတယ်၊ ကျွန်တော်တော့ ခုမှစားဖူးတာ၊ ကျွန်တော်တို့ အိန္ဒိယပြည်၊ ဗုဒ္ဓဂါယာဘုရားဖူးသွားတော့ မဟာဗောဓိစေတီအနီးမှာ မြတ်စွာဘုရား စင်္ကြံ(၇)ရက်လျှောက်တဲ့နေရာမှာ ကြာပွင့်ကြီးတွေနဲ့ အထိမ်းအမှတ်ပန်းခုံလုပ်ထားတယ်။ အဲ့ဒီပန်းခုံပေါ်မှာ တခြားသော ဘာဘူပန်း၊ ရောင်စုံပန်းတွေသာမက ကြောင်လျှာအပွင့်တွေနဲ့ လှပစွာပြုလုပ်ထားတဲ့ ပန်းခိုင်တွေနဲ့ ဘုရားကိုလှူထားတာ တွေ့ခဲ့ရပါတယ်။ အလွန်လှပါတယ်။ အဲဒီအရပ်မှာလည်း ကြောင်လျှာပင်တော်တော်ပေါလိမ့်မယ်ထင်ပါရဲ့။

ကြောင်လျှာပွင့်ကိုတော့ ရေနွေးနဲ့ဖျောပြီး အဆာပလာစုံလင်စွာဖြင့် သုပ်စားရင် စားလို့ကောင်းပါတယ်၊ နားရောဂါရှိသူ နားလေးသူများအတွက် ဆေးဖက်ဝင်တယ်ဆိုလို့ အသုပ်ဆိုင်တစ်ခုခုကို ရောက်တိုင်း ကြောင်လျှာပွင့်သုပ်ရရင် ကြောင်လျှာပွင့်သုပ် မှာစားဖြစ်ပါတယ်။ ကျွန်တော်က နားလေးတဲ့လူတစ်ယောက်ပေကိုး။ မထူမပါးလှီးထားတဲ့ ကြောင်လျှာသီးကို အချဉ်စိမ်၊ ချဉ်ဖတ်လုပ်ပြီး ငါးပိရည်နဲ့တို့စားရတာလည်း နှုတ်မြိန်စေပါတယ်၊ အရွက်နုလေးတွေကိုလည်း ရေနွေးဖျောပြီးတို့စားလို့ရပါသေးတယ်၊ အရွက်ကတော့ အပင်လောကမှာ ''one of the biggest leaves'' လို့ ဆရာများပြောတာမှတ်သားဖူးပါတယ်၊ ကျွန်တော်တို့ အလွယ်တကူ အရွက်လို့ပြောနေကြတာက အမှန်တော့ ရွက်မြွှာ(Leaflets)လေးတွေပါ၊ အဲဒီအရွက်မြွှာလေးတွေနဲ့ ဖွဲ့စည်းထားတာကမှ တကယ့်အရွက်ကြီးတစ်ရွက်ပါ၊ ရုက္ခဗေဒလေ့လာဖူးသူများကတော့သိမှာပါ၊ မသိသေးတဲ့သူများ ဗဟုသုတပေါ့ဗျာ၊ ကြောင်လျှာပင်ဟာ အသီး၊ အပွင့်၊ အရွက်မကျန်စားသုံးဖို့ သင့်လျော်သလို ပြင်ဆင်ပြီး စားနိုင်သလို ဆေးဖက်လည်းဝင်တဲ့အတွက် အခေါက်တို့ အမြစ်တို့ကိုလည်း ဆေးဖော်ရာမှာသုံးကြတယ်လို့ လေ့လာသိရှိရပါတယ်။

ကျွန်တော်ပြောခဲ့တာကတော့ Scientific Name-*Oroxylum indian*(L) kuze လို့ခေါ်တဲ့ ကြောင်လျှာပင်ဖြစ်ပြီး အပွင့်ကိုတော Indian Trumpet Flowers လို့ခေါ်ပါတယ်။ လူငယ်များအနေနဲ့ ပိုမိုပြည့်စုံအောင် လေ့လာချင်ရင် internet မှာပဲဖြစ်ဖြစ်၊ ဆရာကြီးများ ပြုစုထားတဲ့ ကျမ်းစာအုပ်များမှာပဲဖြစ်ဖြစ်လေ့လာကြပါ။

ကျွန်တော်ကတော့ အလုပ်ဝင်ကတည်းက သစ်ပင်စိုက်တဲ့ အလုပ်နဲ့စတင်ခဲ့ပြီး ပင်စင်ယူပြီးတာတောင် ကိုယ်စိုက်ချင်တဲ့ အပင်တွေစိုက်နေတဲ့ ဝါသနာရှင်တစ်ဦးပီပီ၊ သစ်ပင်စိုက်တဲ့ လုပ်ငန်းခွင်မှာတွေ့မြင်၊ ကြား၊ သိတာလေးတွေကို ခံစားရေးဖွဲ့တင်ပြခြင်းသာဖြစ်ပါတယ်။

ဗဟုသုတဆိုတာကတော့ ရှာဖွေလေတွေ့ရှိလေဆိုတာလိုပါပဲ၊ အသက်(၇၀)နီးပါးရောက်နေပြီဖြစ်တဲ့ senior forest officer တစ်ဦးဖြစ်ပေမဲ့ စာမတတ်ပေမတတ် တောသူတောင်သား အလုပ်သမားများဆီက လက်တွေ့ ဗဟုသုတပြန်ရခဲ့တဲ့အကြောင်း message လေးလည်း ပေးချင်တာလည်းဖြစ်ပါတယ်။

ကျွန်တော်တွေးမိတာလေးတစ်ခု ဆက်ပြောချင်ပါသေးတယ်။ ပုံပြင်ထဲကကြောင်ဟာ သူစားချင်လို့ မိကျောင်းလျှာကိုလိုက်ရှာပေမဲ့ ရတာမလို၊ လိုတာမရဆိုသလို ဖြစ်ခဲ့ရပြီး လူသားတွေကတော့ ခါးတဲ့အရသာရှိတဲ့ ကြောင်လျှာပင်ကို အသီး၊ အပွင့်၊ အရွက်၊ အမြစ်၊ အခေါက်ပါမကျန်စားသုံးလို့ရအောင် ကြံစည်ပြုပြင် အသုံးချနိုင်ကြလို့ အကျိုးခံစားခဲ့ကြပါတယ်။

ကျွန်တော်တို့တစ်တွေလည်း ရည်မှန်းချက်တွေဘယ်လိုပဲရှိရှိ၊ မအောင်မြင်လွဲချော်တာ ကြုံဖူးကြမှာပါ၊ ဒါပေမဲ့ လူသားများပီပီ တီထွင်၊ ကြံဆ၊ ကြိုးစားအားထုတ်ကြရင် မိမိ၊သူတစ်ပါးအကျိုးခံစားနိုင်တဲ့ အောင်မြင်မှု တစ်စုံတစ်ရာ ရနိုင်ကောင်းတယ်လို့ တွေးမိကြောင်းပါခင်ဗျာ။

+ + + + + +

# QGIS ကို အသုံးပြု၍ 3D model တည်ဆောက်ခြင်း(၃)

-သင်သည် သုံးဖက်မြင်ပုံရိပ် ပုံစံငယ်များကို နှစ်သက်ပါသလား?
-သင့်တွင် ကွန်ပျူတာတစ်လုံး၊ အင်တာနက်လိုင်းရှိရုံမျှဖြင့် ၎င်းကဲ့သို့သောပုံစံငယ်များကို သင်ကိုယ်တိုင်ဖန်တီးနိုင်ပါသည်။
-ထိုသို့ ဖန်တီးခြင်းတွင် အပိုင်းသုံးပိုင်း လိုအပ်ပါမည်။
၁။ QGIS နှင့် plugin များ ထည့်သွင်းခြင်း (install)
၂။ DEM နှင့် satellite image setup ကို ဒေါင်းလုတ်လုပ်ခြင်း (download)
၃။ 3D model ပြုလုပ်ခြင်းနှင့် ဖိုင်များထုတ်သိမ်းခြင်း (process & export)

Part 3 – 3D model ပြုလုပ်ခြင်းနှင့်ဖိုင်များထုတ်သိမ်းခြင်း(process & export) ~ 3D model တည်ဆောက်ကြပါစို့ ~

**1. materials များကို Map View သို့ထည့်ခြင်း**

(၁) QGIS ကိုဖွင့်ပါ။
Start menu မှတစ်ဆင့် "QGIS3" ကို ဖွင့်ပါ။

(၂) Browser window မှ DEM file ကို ထည့်ပါ (နှစ်ချက်နှိပ်၍ (သို့) file Manager မှ ဆွဲ၍ထည့်ပါ။)
E:\ (Data folder)
GIS
DEM
N020E096_AVE_DSM.tf




(၃) Browser window မှ satellite image (သို့) map image ကို ထည့်ပါ။
XYZ Tiles
Google Satellite
OpenStreetMap




(၄) Layers များ၏ order ကို ပြောင်းလဲ/ချိန်ညှိပါ။
အကယ်၍ satellite image/map သည် Map View window ပေါ်တွင် သင့်တော်စွာ ဖော်ပြမနေပါက Layer order တွင်ပြောင်းလဲချိန်ညှိကြည့်ပါ။




Map View ရှိ viewing area (မြင်ကွင်း) ကို Layers order, Pan နှင့် Zoom တို့ကိုအသုံးပြု၍ ပြောင်းလဲ/ချိန်ညှိပါ။ အဘယ်ကြောင့်ဆိုသော် viewing contents များသည် 3D image တိုက်ရိုက်ဖြစ်သွားသောကြောင့်ဖြစ်သည်။ Map View တွင် သင်ဦးတည်သော ဧရိယာ ပါဝင်အောင် ချိန်ညှိပြီးနောက် နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ပါ။

**2. 3D image တည်ဆောက်ခြင်း**

(၁) 3D image window "Qgis2threejs Exporter" ကိုဖွင့်ပါ။

Web – Qgis2threejs – Qgis2threejs Exporter




(၂) DEM ကို စစ်ဆေးပါ။

DEM file ကိုရွေးချယ်ပြီး လေးထောင့်ကွက်ပေါ်တွင် အမှတ်ခြစ်ပါ(နှိပ်ပါ)၊



ပုံပြပါ error မျိုးဖြစ်ပေါ်လာပါက coordinate ကိုစစ်ပါ။









(၃) Scene setting ကို ချိန်ညှိပါ။

"Qgis2threejs Exporter" window ပေါ်တွင် , Scene – Scene setting သို့သွားပါ။ ထိုအခါ sub menu window ပေါ်လာမည်။



ထို့နောက် Vertical exaggeration ကို 1.0 (Default) မှ 3.0 – 5.0 သို့ လိုသလိုပြောင်းပါ။

- Vertical shift ကို မြေပြင်ရှိ အမြင့်ပေါ်မူတည်၍ ပြောင်းပါ။ ဥပမာ – အင်းလေးကန်အတွက်ဆိုလျှင်–"900"



**3. File export လုပ်ခြင်း (ဖိုင်ထုတ်သိမ်းခြင်း)**

(၁) 3D model ကို စစ်ပါ။

3D model ၏ detail ကိုအောက်ဖော်ပြပါ manipulation ကိုအသုံးပြု၍ စစ်ဆေးပါ။ လိုအပ်ပါက model တစ်ခုလုံး၏ process ကိုပြန်လုပ်ပါ။

Angle – Left click

Zoom – Scroll wheel

Pan – Right click

(၂) 3D model ကို အခြားသော viewers များတွင် သုံးရန် Export လုပ်ပါ။

3D model ကို သင်စိတ်တိုင်းကျပါက အခြားသို့ share နိုင်ရန် ဒေတာကိုသိမ်းဆည်းပါ။

File – Save Scene as – glTF (for 3D model) or Image

Image ကို website ပေါ်တင် မျှဝေရန်အတွက်ဆိုလျှင် as Save as type တွင် Binary glTF (*.glb)" ကိုရွေးပေးပါ။




(၃) Saved data ကိုတစ်ချက်စစ်ပါ။

သိမ်းထားသောဖိုင်ကို 3D viewer နှင့် ဖွင့်ကြည့်ပါ။ ထို့နောက် contents များကိုထပ်မံစစ်ဆေးပါ။

### 4. DEMs များကို ပေါင်း (Merge) လုပ်ခြင်း

အကယ်၍ သင်ရည်ရွယ်သောဧရိယာသည် DEM နှစ်ခုနှင့်အထက် ပိုနေပါက DEM များကို process မလုပ်ခင် merge လုပ်ထားရမည်။



(၁) DEMs များကိုထည့်ပါ။

အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း နံပါတ်စဉ် 1 ၏ (၂) ကဲ့သို့ပင် လိုအပ်သော DEMs များကို Map View window သို့ထည့်ပါ။



(၂) DEMs များကို merge လုပ်ပါ။

menu bar တွင် Raster မှတစ်ဆင့် – Miscellaneous – Merge ကိုရွေးပါ။ ထိုအခါ နောက်ထပ် window ပေါ်လာလိမ့်မည်။

DEMs များကို Parameter tab ထဲတွင်ရွေးပါ။ – "Input layers" boxထဲတွင် ညာဖက်စွန်းရှိ"....." ကိုနှိပ်၍ ရွေးပါ။

"Run"ကိုနှိပ်ပါ။ ထို့နောက် processing ပြီးလျှင် "Close" ကို နှိပ်ပါ။






(၃) Tentative layer ကိုသိမ်းပါ။

Merge လုပ်ခြင်းအောင်မြင်စွာပြီးစီးခဲ့လျှင် Layers window တွင် "OUTPUT" layer ပေါ်လာလိမ့်မည်။ ၎င်း layer သည် ယာယီသာဖြစ်သောကြောင့် အမြဲတမ်းအသုံးပြုစရာကျန်ရစ်စေရန် permanent file အဖြစ် သိမ်းဆည်းပေးရမည်။

၎င်း "OUTPUT" layer ပေါ်တွင် Right Click နှိပ်, ထို့နောက် select Export – Save as

File name ကို သင်နှစ်သက်သလိုပေးပြီး "OK" နှိပ်ပါ။ အကယ်၍ file save ရာတွင် မအောင်မြင်ခဲ့ပါက File name row ၏ညာဖက်စွန်းရှိ "...." ကိုနှိပ်၍ folder ပြောင်းကြည့်ပါ။

စာမျက်နှာ (၂၅) သို့

မြန်မာ့သစ်လုပ်ငန်း ၊ သစ်ထုတ်ရေးဌာန



# သစ်လုံးဇစ်မြစ်သိဖို့ကွယ် QR Code နဲ့ စစ်ကြမယ်

မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံတော်ကိုယ်စား၊ ဝန်ကြီးဌာန၏တာဝန်ပေးအပ်ချက်အရ တရားဝင်ထုတ်လုပ်ရောင်းချလျက်ရှိသော ကျွန်း/သစ်မာသစ်လုံးများ၏ သစ်နောက်ကြောင်းပြန် ခြေရာခံနိုင်ရေးပိုမိုခိုင်မာမှုရှိ စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဈေးကွက်၏လိုအပ်ချက်အရ လပ်ပုံထိုင်ရောင်းချလိုက်သော သစ်လုံး၏ မူလဇစ်မြစ် (Source of Origin)အား ခေတ်မီနည်းစနစ်ဖြင့်လွယ်ကူလျင်မြန်စွာသိရှိနိုင်သော QR Code စနစ်ကို စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

QR Code ဆိုသည်မှာ မိမိဖော်ပြသိရှိစေလိုသောအချက်အလက်များအား QR Software တွင် ထည့်သွင်းခြင်းဖြင့် ၎င်းမှ အဖြူအမဲပုံရိပ်လိုင်းများဖြင့် စတုရန်းပုံလေးထောင့်ကွက် ပုံသဏ္ဌာန်အလိုအလျောက်ပုံဖော်ပေးသော Quick Response Codeဖြစ်သည်။ QR Software တွင် အချက်အလက်ထည့်သွင်းပြီးပါက ထွက်ရှိလာသည့်ပုံရိပ်အား လက်ကိုင်ဖုန်းများတွင် လွယ်လင့်တကူရယူနိုင်သည့် QR Reader ဖြင့် လျင်မြန်စွာဖတ်ရှုနိုင်ပါသည်။




မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်သည့်သစ်လုံးများနှင့် ပတ်သက်၍သိသင့်သိထိုက်သည့် တရားဝင်ထုတ်လုပ်မှုနှင့် မူလဇစ်မြစ်ဆိုင် ရာအခြေခံအချက်အလက်များအား အချိန်နှင့် တစ်ပြေးညီ(Timely)သိရှိစေနိုင်ရန်၊ ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်နိုင်ရန်(Transparency)၊ နောက်ကြောင်းပြန် ခြေရာခံနိုင်မှု(Traceability) ကိုအထောက်အပံ့ဖြစ်စေရန်၊ ခေတ်စနစ်နှင့်အညီ ဖော်ဆောင်ထားသောနည်းပညာတစ်ခုဖြစ်၍ ဌာနလုပ်ငန်းများအပေါ် ယုံကြည်မှုမြင့်တက်စေရန် (Trust Building) ဟူသောရည်ရွယ်ချက်များဖြင့် QR Code စနစ်အား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ကျွန်းသစ်ထုတ်သောဒေသများမှထွက်ရှိသည့် ကျွန်းသစ်လုံးများ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

လပ်ပုံထိုင်ရောင်းချရန်အသင့်စုပုံထားသော (လပ်ပုံ) ကျွန်းသစ်ပုံရှိ သစ်လုံးတစ်လုံးချင်းစီ၌ တွဲကပ်ထားသော QR Code Card များမှတဆင့် သစ်လုံး၏မူလဇစ်မြစ် (Source of Origin)ဆိုင်ရာ အချက်အလက်များ (သစ်လုံး၏သစ်မျိုး၊ ဘယ်နေရာက ထုတ်လုပ်ထွက်ရှိသလဲ၊ သစ်ကွက်/ ကြိုးဝိုင်း/ သစ်ထုတ်ရေးနယ်/ဒေသ/သစ်ဆိပ် အစရှိသည့်သစ်လုံး၏လားရာပြအချက်အလက်များ)အပြင် QR Code တွင် ထည့်သွင်းထားသည့် Location link မှတစ်ဆင့် သစ်လုံးထွက်ရှိရာသစ်ကွက်အား Google Earth Map တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ ထို့အပြင် နှစ်အတွင်း တရားဝင်ထုတ်လုပ်ခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ၊ သက်ဆိုင်ရာသစ်ကွက်မှ ခရီးဆုံးသစ်ဆိပ်(လပ်ပုံထိုင်ရောင်းချမည့်သစ်ဆိပ်) အထိ သစ်လုံးသယ်ယူခြင်းဆိုင်ရာ အထောက်အထားများကိုပါ ပွင့်လင်းမြင်သာစွာ တစ်ပါတည်းထည့်သွင်းပေးထားခြင်းဖြင့် ရောင်းချမည့်သစ်လုံး၏မူလဇစ်မြစ်အထိ နောက်ကြောင်းပြန်ခြေရာခံနိုင်ရန် QR Code က အထောက်အပံ့ပေးလျက်ရှိပါသည်။



ယခုအခါ ၂၀၁၈–၂၀၁၉ခုနှစ် သဘာဝတောနှင့် စိုက်ခင်းမှထွက်ရှိသည့် ကျွန်းသစ်လုံးများ၏ လပ်ပုံထိုင် ရောင်းချသည့်အဆင့်တွင် QR Code Card များတွဲကပ်၍ ပြည်တွင်းသစ်လုပ်ငန်းရှင်များထံ လေလံတင်ရောင်းချပေး လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းရှင်များမှ သစ်ခွဲစိတ် ပြုပြင်၍ နိုင်ငံတကာဈေးကွက်သို့ ဆက်လက်တင်ပို့လျက် ရှိရာ တင်ပို့သည့်နိုင်ငံအလိုက် လက်ခံနိုင်မှုအတိုင်းအတာ၊ ဌာနဆိုင်ရာမှ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အနေအထားအပေါ်မူတည်၍ Source of Origin အား လွယ်ကူလျင်မြန်စွာသိရှိနိုင်သော QR Code စနစ်အား စဉ်ဆက်မပြတ်မြှင့်တင်ပေးလျက်ရှိပါသည်။





လက်ရှိအချိန်အထိ QR Code မှတစ်ဆင့် သစ်လုံး ထွက်ရှိရာ သစ်ကွက်အထိသာ သိရှိနိုင်မည်ဖြစ်သော်လည်း ၂၀၂၀–၂၀၂၁ခုနှစ်နောက်ပိုင်းမှစ၍ သစ်လုံး၏ငုတ်ရင်း အထိ ခြေရာခံလိုက်နိုင်ရေးအတွက် GPS Points များထည့် သွင်းသွားမည်ဖြစ်ပြီး အချို့သောအထောက်အထားများအား ဌာနဆိုင်ရာ Website များဖြင့် Link လုပ်ပေးထားခြင်းဖြင့် ဌာနဆိုင်ရာသတင်းအချက်အလက်များအား ပိုမိုလေ့လာ နိုင်သည့်အခွင့်အလမ်းအား ဖန်တီးပေးသွားမည်ဖြစ်ပါ ကြောင်း QR Code အကြောင်း တစေ့တစောင်းရှင်းလင်း ဖော်ပြလိုက်ရပါသည်။

သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်
ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး။

## ကျွန်တော်တို့ အားလုံးရဲ့ဘဝ



✱ ကပ်ရောဂါကြီးပေါ်ပေါက်လာ
ကိုဗစ်–၁၉ ဖြစ်ခဲ့တာ
တစ်ကမ္ဘာလုံးအနှံ့သွား
ဒုက္ခပေးတယ်ဗျ။

✱ ဒါပေမဲ့လည်း တို့ဝန်ထမ်းတွေ
တာဝန်သိစွာဆောင်ရွက်နေ။

✱ ကြိုးဝိုင်းကြိုးပြင်ကာကွယ်ရေး
လှည့်လည်စစ်ဆေး ဆောင်ရွက်ပေး။
စိုက်ခင်းဟောင်းများလည်း မကျန်ရေး
ဂရုတစိုက် ဆောင်ရွက်ပေး။

✱ တရားမဝင် မရှိစေရေး
တို့ဝန်ထမ်းတွေ စစ်ဆေးပေး။
တာဝန်သိစွာဆောင်ရွက်စဉ်မှာ
Mask တပ်ဖို့လည်းမမေ့ပါ။

✱ ပြန်လာရင် လက်ကိုဆေး
ကျန်းမာရေးလည်း ဦးစားပေး။

✱ ကိုဗစ်ကာလ ဒီအချိန်မှာ
တို့တွေ အမြဲသတိရှိဖို့ပါ။
ဌာနလုပ်ငန်းအောင်မြင်ရေး
ကျန်းမာရေးကို ဂရုစိုက်လို့ပေး။

စိုးလှ (၁၉၈၇–၈၉)
လားရှိုး–သစ်တော



# မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ကြေညာချက်ထုတ်ပြန်ခြင်းကိစ္စ

EUTR အရ သစ်ထုတ်တင်ပို့ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာရရှိရေး၊ သစ်ဝယ်ယူသည့်နိုင်ငံများမှ သိရှိနားလည်စေရေးအတွက် တရားဝင်သစ်ဖြစ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ကောက်နုတ်စုစည်း၍ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းကိုလည်း FAO-EU FLEGT Programme ၏ အထောက်အပံ့ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံက ရောင်းချသည့်သစ်များသည် တည်ဆဲဥပဒေများအရတရားဝင်ဖြစ်ကြောင်း နောက်ကြောင်းပြန်စစ်ဆေးနိုင်မည့်အထောက်အထား(၁၄)ခုကို ထုတ်ပေးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ သစ်ဝယ်ယူတင်သွင်းသူ EU သစ်ကုန်သည်များကလည်း EUTR ကို အပြည့်အဝ လိုက်နာသည့်အနေဖြင့် EUTR သတ်မှတ်ချက်နှင့်ကိုက်ညီသည့်သစ်များကို စိစစ်ဝယ်ယူတင်သွင်းကြရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ဤ **'မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ကြေညာချက်'** ကိုထုတ်ပြန်ခဲ့ပါသည်။

၂၀၁၆–၂၀၁၇ခုနှစ်မတိုင်မီ ထုတ်ခဲ့သည့်သစ်များကို မူရင်းဒေသနောက်ကြောင်းပြန်ခြေရာခံရန် အခက်အခဲရှိသည့်အတွက် ၂၀၁၇–၂၀၁၈ ခုနှစ် နောက်ပိုင်းထုတ်သည့်သစ်များ ငုတ်ရင်းအထိ နောက်ကြောင်းပြန်ခြေရာခံခြင်းကို ပိုမိုရှင်းလင်းသည့်နည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ထိုသို့နောက်ကြောင်းပြန်စစ်ဆေးရာတွင် အထောက်အပံ့ဖြစ်စေရန် QR Code စနစ်ကိုလည်း စမ်းသပ်အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး ကော်မတီ (Myanmar Forest Certification Committee-MFCC)ကရေးဆွဲလျက်ရှိသည့် Forest Certification Scheme အရ Certified Forest နှင့် Certified Plantation များသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံတရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်(Myanmar Timber Legality Assurance System-MTLAS)အရတရားဝင်သစ်ဖြစ်ကြောင်း သက်သေပြခြင်းနှင့်အကဲဖြတ်ဆန်းစစ်ခြင်းတို့ကို အာဆီယံနှင့်နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ထုတ်ပြန်ကြေညာချက်
## (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်)

၁။ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်ကိုယ်စားဆောင်ရွက်ရန် သံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းထားပြီး သစ်တောသယံဇာတများ စီမံအုပ်ချုပ်ခြင်းကို သစ်တောဦးစီးဌာနကလည်းကောင်း၊ သစ်ထုတ်လုပ်ရောင်းချမှုများကို မြန်မာ့သစ်လုပ်ငန်းက လည်းကောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖော်ဆောင်လျက်ရှိပါသည်။

၂။ ပုဂ္ဂလိကသစ်လုပ်ငန်းရှင်များသည် မြန်မာ့သစ်လုပ်ငန်းက ထုတ်လုပ်ရောင်းချသော တရားဝင်သစ်များကို ဝယ်ယူပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွဲစိတ်ပြုပြင်၍ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့နေခြင်းဖြစ်ပါသည်။

၃။ နိုင်ငံတကာသို့ သစ်ကုန်သွယ်မှုပြုရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်တင်ပို့သော **တရားဝင်သစ်ဖြစ်ကြောင်း**ကို သက်သေပြနိုင်သည့် ပြည့်စုံလုံလောက်သော အောက်ပါအထောက်အထား(၁၄)ခုကို သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့က ထောက်ပံ့ပေးလျက်ရှိပါသည်။

| စဉ် | အထောက်အထား | ထုတ်ပေးသည့်ဌာန |
|---|---|---|
| (က) | သစ်စက်သို့သစ်လုံးများရောက်ရှိကြောင်းအထောက်အထား | သစ်တောဦးစီးဌာန |

| | | |
|---|---|---|
| (ခ) | ခွဲစိတ်ခွင့်ပြုမိန့် | သစ်တောဦးစီးဌာန |
| (ဂ) | ခွဲသားထွက်ရှိအတည်ပြုချက် | သစ်တောဦးစီးဌာန |
| (ဃ) | တရားဝင်သစ်တောထွက်ပစ္စည်းဖြစ်ကြောင်းထောက်ခံချက် | သစ်တောဦးစီးဌာန |
| (င) | လပ်ပုံပါသစ်လုံးအသေးစိတ်အချက်အလက်ပုံစံ | မြန်မာ့သစ်လုပ်ငန်း |
| (စ) | ရောင်းဝယ်ရေးစာချုပ် | မြန်မာ့သစ်လုပ်ငန်း |
| (ဆ) | ကုန်ပို့လွှာ | မြန်မာ့သစ်လုပ်ငန်း |
| (ဇ) | ကုန်ပစ္စည်းထုတ်ပြီးပြေစာ | မြန်မာ့သစ်လုပ်ငန်း |
| (ဈ) | လပ်ပုံလွှဲပြောင်းပေးရန်စာ | မြန်မာ့သစ်လုပ်ငန်း |
| (ည) | လပ်ပုံလွှဲပြောင်းပေးကြောင်းစာ | မြန်မာ့သစ်လုပ်ငန်း |
| (ဋ) | ဝယ်ယူကြောင်း အတည်ပြုထောက်ခံစာ | မြန်မာ့သစ်လုပ်ငန်း |
| (ဌ) | သစ်၏မူရင်းဒေသထောက်ခံစာ (Certified Letter for Source of Origin) | မြန်မာ့သစ်လုပ်ငန်း |
| (ဍ) | ပို့ကုန်လိုင်စင် | ကုန်သွယ်ရေးဦးစီးဌာန |
| (ဎ) | ထုတ်ကုန်ကြေညာလွှာ | အကောက်ခွန်ဦးစီးဌာန |

၄။ မြန်မာနိုင်ငံ၏ တရားဝင်သစ်ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းစဉ်ကို အများပြည်သူနှင့် နိုင်ငံတကာမှ သစ်ကုန်သွယ်သူတို့ သိရှိနားလည်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ သစ်ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် ရှိအဆင့်များ၊ ထိန်းချုပ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ၊ အထောက်အထားများနှင့် တာဝန်ရှိသူများကို စုစည်း ဖော်ပြသည့်စာအုပ်ကိုလည်း ၂၀၁၈ ခုနှစ်တွင် ပွင့်လင်းမြင်သာစွာထုတ်ဝေခဲ့ပါသည်။

၅။ သစ်ဝယ်ယူသူများအနေဖြင့် ပိုမိုသိရှိလိုသော သတင်းအချက်အလက်များကို အီးမေးလ် ifgtimbertrademm@gmail.com မှတစ်ဆင့် Joint Focal Group- JFG သို့ ဆက်သွယ်မေးမြန်း၍လည်းကောင်း၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများ၏ Website များတွင်လည်းကောင်း လေ့လာနိုင်ပါသည်။

၆။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှတင်ပို့သည့် သစ်များအတွက် စာပိုဒ်(၃)ပါ အထောက်အထား(၁၄)ခုတင်ပြနိုင်သည့် သစ်များကို တရားဝင်သစ်များဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

## ကျေးဇူးတင်ဂုဏ်ပြုကြောင်း

ဝန်ထမ်းဘဝတစ်လျှောက် စုဆောင်းသိမ်းဆည်းထားခဲ့သော သုတေသနဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ နိုင်ငံတကာ ဗဟုသုတဆိုင်ရာ စာအုပ်ဟောင်းများ ၊ မှတ်တမ်းမှတ်ရာ (၇၈၁)အုပ်/စောင်အား နောင်လာနောက်သား ညီငယ်များ ဖတ်ရှုလေ့လာနိုင်ရန်၊ ကိုးကားမှီငြမ်းနိုင်ရန် မိခင် သစ်တောဦးစီးဌာနသို့ ပေးပို့လှူဒါန်းပေးပါသော အစ်ကို ဦးအောင်ဒင် -(၁၉၈၁)ခုနှစ်အား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း သစ်တောဦးစီးဌာနမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။



တိုးချဲ့ပညာပေးရေးဌာန



# သစ်တောလုပ်ငန်းဆိုင်ရာ ဆွေးနွေးချက်များ (၂)

မေး– ဦးလေးအလုပ်တွေများနေလား၊မေးစရာလေးရှိလို့

ဖြေ– မတွေ့တာကြာပါပကော၊ဘာကိစ္စသိချင်ပြန်ပြီတုန်း၊

မေး– ဒီလို ဦးလေးရဲ့ သစ်စက်သမားတစ်ချို့သစ်ခွဲသား ထွက်ရှိမှု ရာခိုင်နှုန်းကိစ္စနဲ့ပတ်သက်လို့ အခက်အခဲ ဖြစ်နေကြတယ်ကြားရတယ်၊ပြောချင်တာက ဦးလေး ရယ်၊ သစ်ခွဲတဲ့စက်တွေက ခေတ်မီလာတယ်၊ အဆင့်မြင့်စက်တွေနဲ့ ခွဲတာတွေရှိလာတယ်ဆိုတော့ အလေအလွင့် နည်းလာတယ်၊ သစ်တောဌာနက သတ်မှတ်ထားတဲ့ ခွဲသားထွက် ရာခိုင်နှုန်းထက်ပို ထွက်နေတယ်၊ ဒါပေမဲ့ သစ်တောဌာနကလဲ သတ်မှတ်ရာခိုင်နှုန်းဘောင်ထဲကအတိုင်း ခွင့်ပြုပေးနေတယ်၊ ပိုထွက်တာတွေက စာရင်းထဲထည့်လို့ မရ ဖြစ်နေတယ်၊ သစ်ကလည်း တကယ်မြေပြင်မှာ ကျန်နေတော့ တရားမဝင်သစ် သဘောမျိုးဖြစ်နေ တယ်တဲ့

ဖြေ– အေးဟုတ်မယ်၊ မင်းပြောတဲ့ကိစ္စ ဦးလေးလည်း ကြားနေတာကြာပြီ၊ မင်းသိချင်တယ်ဆိုရင် ဦးလေး မှတ်သားမိသလောက်ပြောပြမယ်၊ ဦးလေးတို့ ငယ်ငယ်က ရာခိုင်နှုန်းသတ်မှတ်ပြီး ခွဲစိတ်ခွင့် ခွင့်ပြုတာမရှိဘူး၊ ဌာနဆိုင်ရာ ညွှန်ကြားချက်ထဲမှာလည်း စက်ဝင်းထဲယူလာတဲ့ ခွဲတဲ့သစ်တွေကို ရှင်းလင်းစွာ ပြသော စာရင်းစာအုပ်ထားရမယ်လို့ပါတယ်၊ သစ်စက်တွေကိုစစ်ရင်လည်း လိုင်စင်မှာပါတဲ့ စည်းကမ်းချက်တွေနဲ့ညီမညီစစ်ရမယ်၊ ပြီးရင်စစ်ဆေးကြောင်း သတ်မှတ်ပုံစံမှာဖြည့်သွင်းရမယ်၊ ဦးတို့ ငယ်ငယ်က သစ်တွေခွဲစိတ်ခွင့်ပြုဖို့ လျှောက်လာရင် စမ်းသပ်ခွဲစိတ်တယ်။ သစ်လုံးတွေထဲက ကောင်း/သင့်/ညံ့ သုံးလုံးစီလောက်ရွေးလိုက်တယ်။ အဲဒါတွေကို ခွဲစိတ်လို့ရတဲ့ခွဲသားတွေကို တစ်လုံးခြင်း စာရင်းပြုစုပြီးရာခိုင်နှုန်းတွက်တယ်၊ ပျမ်းမျှယူပြီး ခွဲသားထွက်ရှိရာ ရာခိုင်နှုန်းသတ်မှတ်ပေးလိုက်တယ်။ အဲဒါ ထက်မပိုစေနဲ့ ဆက်လုပ်တော့ဆိုတဲ့သဘောပေါ့။

မေး– အေးလေ အဲဒါက ရှင်းနေတာဘဲဥစ္စာ၊ အခုလည်း အဲဒီလိုဘဲလုပ်လိုက်ပေါ့၊ ဘာဖြစ်လို့ ရာခိုင်နှုန်းတွေ သတ်မှတ်လိုက်တာလဲ၊

ဖြေ– အရင်တုန်းကတော့ကွာ သုံးပေ၊ လေးပေလွှဝိုင်းတွေ နဲ့ပဲသုံးကြတာ၊ ခွဲစိတ်တဲ့ပမာဏလည်းနည်းတယ်၊ လူတွေကလည်း ရိုးသားမှုရှိကြတယ်လေ၊ လူဦးရေ နည်းတော့ လိုအပ်ချက်လည်းနည်းတယ်၊ ပြည်ပကို ခွဲသားအနေနဲ့ တင်ပို့မှုကလဲ မရှိသလောက်ဘဲ၊ တခြားမကြည့်နဲ့ ၂၀၁၈ ခုနှစ် သစ်တောဥပဒေကို ပဲကြည့်၊ တရားမဝင်သစ်ခိုးမှုကို ထိရောက်စွာ ကာကွယ်ဖို့ဆိုပြီး ပြစ်မှုပြစ်ဒဏ်တွေ တိုးမြှင့်ပြဋ္ဌာန်းထားရတယ်မဟုတ်လား၊ အဲ့ဒီလိုပဲ တို့သစ်တောဦးစီးဌာနကလည်း တဖြည်းဖြည်းနဲ့စည်းကမ်းတွေ၊ သတ်မှတ်ချက်တွေ တင်းကျပ်လာရတာပါ။

မေး– ဟုတ်တယ်၊ ဦးလေးရေ လုပ်ငန်းရှင်တွေထဲမှာလည်း ရိုးသားတဲ့လူ၊ ကိုယ့်ဖို့ပဲကြည့်တဲ့ လောဘသားတွေရှိနိုင်တာပဲ၊ လုပ်ရမှာပေါ့၊ ဒါနဲ့ ဦးလေး ဘယ်အချိန်လောက်ကစပြီး ဘယ်လိုတွေ သတ်မှတ်တင်းကျပ်လာတာလဲ၊ ရှင်းပြပေးပါဦး

ဖြေ– ပြောမယ့်ပြောတော့ အစအဆုံးပြောရတော့မှာပေါ့ကွာ။ ၂၀၀၀ ပြည့်နှစ် မတိုင်ခင်လောက်က အထိတော့ နေ့စဉ်သစ်လုံးရောက်ရှိမှု မှတ်တမ်းစာအုပ်တွေ နေ့စဉ်တိုက်ခွဲစာရင်းတွေနဲ့ပဲ စလုပ်လာတယ်။ သူ့ခေတ်သူ့အခါနဲ့တော့ ပြည့်စုံတဲ့ဇယားတွေ၊ ညွှန်ကြားချက်တွေပဲ ၂၀၀၀ ပြည့်နှစ်မှာတော့ ကျွန်းတွေကို ခွဲစိတ်ရာမှာ ခွဲသားထွက်ရာခိုင်နှုန်း သတ်မှတ်တယ်၊ ပြည်ပတင်ပို့ဖို့ခွဲတာတွေကို ၅၀% နဲ့ အထက်၊ ပြည်တွင်းသုံးတွေဆိုရင် ၄၀% ပေါ့၊ ကိုင်းဖျားကိုင်းနားတို့ လယ်ဖော်ယာဖော်ကျွန်းတို့ဆိုရင် ၃၅% ပေါ့။ သတ်မှတ်တဲ့ ရာခိုင်နှုန်းထက်ပိုထွက်နိုင်ရင် ၁၀%၊ ၅% တိုးပေးနိုင်တယ်၊ သစ်တောနဲ့ သစ်လုပ်ငန်းက တာဝန်ရှိသူတွေက စိစစ်ခွင့်ပြုဖို့ဆိုပြီးတော့ပါတယ်။ ကျွန်းပင်ကျပ်တိုင်တွေကို ခွဲစိတ်ရင်တော့ခွဲသားထွက်ရာခိုင်နှုန်း ၂၅% ပဲခွင့်ပြုတယ်။

မေး– ဦးလေး ကျွန်းသစ်လုံးခွဲတာတွေအတွက်ပဲ သတ်မှတ်ခဲ့ပြီး ကျန်တဲ့သစ်မာသစ်မျိုးတွေအတွက်ရော ဘယ်

လိုသတ်မှတ်ခဲ့သလဲ၊ အဲ့လိုရာခိုင်နှုန်းသတ်မှတ်လိုက်တော့ ဘယ်လို အခက်အခဲတွေပေါ်လာသေးသလဲ

ဖြေ– အေး အဲဒီအချိန်က ကျွန်းခွဲသားတွေကို ကုန်သွယ်ရေးဌာနကတစ်ဆင့် လေးဖက်ချောအဖြစ် ပြည်ပတင်ပို့ခွင့်ပြုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ လိုအပ်ချက်အရသတ်မှတ်ခဲ့တာ၊ ဒါပေမဲ့ သစ်အခြေခံစက်မှုလုပ်ငန်းတွေနဲ့ နည်းပညာတွေ၊ စွမ်းဆောင်ရည်တွေတိုးတက်လာတယ်၊ ပြည်ပခွဲသားဈေးကွက် ဝယ်လိုအားတွေလည်း မြင့်တက်လာတော့ မင်းစောစောကပြောခဲ့တဲ့ လောဘသားတွေက တရားမဝင်နည်းလမ်းမျိုးစုံနဲ့လုပ်လာကြတော့ အဲ့ဒါကို တားဆီးကာကွယ်ဖို့၊ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ၂၀၀၃ ခုနှစ်မှာ သတ်မှတ် ကန့်သတ်ချက်တွေထပ်ဖြည့်ခဲ့တယ်။ ပြည်ပပို့ သစ်လုံးအတန်းအစား၊ ပြည်တွင်းသုံး သစ်လုံး အတန်းအစားအလိုက် ပြည်ပပို့အတန်းအစားခွဲသားထွက်ရှိ ၅၅% မှာ ပေရှည် ၆ ပေအထက်၊ အနည်းဆုံးဗျက် ၂ လက်မ၊ အနည်းဆုံးထု ဝ.၅ လက်မက ၃၅% ၊ ပေရှည် ၅ ပေခွဲ၊ အနည်းဆုံး ဗျက် ၂ လက်မ၊ ထု ဝ.၅ လက်မက ၁၀%၊ ပေရှည် ၆ ပေအောက် အတိုအသေးတွေက ၁၀% ဆိုပြီး အသေးစိတ် သတ်မှတ်ရတော့တာပေါ့။ ပြည်တွင်းသုံးအတန်းအစားများလည်း ဒီလိုပဲအသေးစိတ်သတ်မှတ်ပေးလိုက်တယ်။ အတိုအသေးလေးတွေ ဆိုတာတော့ကွာ ကြမ်းခင်းတုံး၊ လျှာထိုး၊ ပါကေး၊ လက်ယှက်ချောင်း၊ ပရိဘောဂလုပ်တဲ့ အပိုင်းအစလေးတွေကို ခြုံပြောလိုက်တာပါ။ ဒါပေမဲ့ ခွဲသားကြီးတွေမခွဲဘဲ အတိုအသေးတွေချည်းပဲ ခွဲချင်တယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ သစ်လုံးအတန်းအစားအလိုက် ခွဲထားထွက်ရှိရာခိုင်နှုန်း စုစုပေါင်းရဲ့ ၇၅% ထိခွင့်ပြုတယ်။ ဒါလည်း အရမ်းကာရော သတ်မှတ်တာမဟုတ်ဘူး၊ မြန်မာ့သစ်လုပ်ငန်းရယ်၊ သစ်တောဦးစီးဌာနရယ်၊ သစ်တောထွက်ပစ္စည်းဆက်စပ်ကော်ပိုရေးရှင်းရယ်၊ သစ်လုပ်ငန်းရှင်များအသင်းရယ် လက်တွေ့ခွဲစိတ်စမ်းသပ်ပြီးမှ သတ်မှတ်တာ။

မေး အင်းပေါ့နော်၊ ဒီလိုစနစ်တကျ စမ်းသပ်ခွဲစိတ်ပြီးမှ ညှိနှိုင်းသတ်မှတ်တော့ အငြင်းမပွားတော့ဘူးပေါ့၊ ဒါပေမဲ့ ဦးလေးသစ်မာတွေအတွက် သတ်မှတ်တာမပြောသေးဘူးနော်

ဖြေ– ဟုတ်သားပဲ၊ မေ့သွားလို့ပါကွာ၊ အဲ့ဒီတုန်းက ခုခေတ်လို ပိတောက်၊ တမလန်း ခေတ်မစားဘူး၊ ပျဉ်းကတိုး၊ အင်နဲ့ ကညင်ဘဲ ဆိုဒ်ကြီးခွဲရင် ပြည်ပပို့က ၅၅%၊ ပြည်တွင်းသုံးက ၁၅% ဆိုဒ်သေးတွေပါခွဲရင် ပြည်ပသုံးက ၆၀%၊ ပြည်တွင်းသုံးက ၁၀% ခွင့်ပြုတယ်၊ ခြုံပြောရရင် သစ်လုံးတစ်တန်ခွဲရင် ၇၀% ခွင့်ပြုတယ်ပေါ့ကွာ။ အဲ့ဒီအချိန်မှာ ပတ်လွှတွေ သုံးလာပြီ၊ နည်းပညာ၊ စက်စွမ်းဆောင်ရည်တွေမြင့်လာပြီဆိုတော့ ကျွန်းရောသစ်မာရော သတ်မှတ်ချက်ရာခိုင်နှုန်းထက်ပိုနိုင်တယ်၊ လျှော့နိုင်တယ်လေ၊ ဒါကြောင့်မို့ သတ်မှတ်ရာခိုင်နှုန်းထက် ပိုထွက်လာရင်တော့ ခွင့်ပြုတယ်၊ ဒါပေမဲ့ ဒေသသုံးပဲသုံး ခွင့်ပြုတယ်၊ ပြည်နယ်ကျော်၊ တိုင်းကျော်သယ်ခွင့်မပြုဘူး။

မေး– အေးဗျာ– ဒီလိုနားလည်မှုတွေပေးထားတာပဲ သတ်မှတ်စရာရှိ သတ်မှတ်တယ်၊ တင်းကျပ်စရာရှိ တင်းကျပ်တယ်၊ ခွင့်ပြုသင့်တာကိုလည်း ခွင့်ပြုပေးထားတယ်ဆိုတော့ ဘာမှ အခက်အခဲမရှိနိုင်ပါဘူး၊

ဖြေ– မင်းကို အရင်တစ်ခေါက်ကလည်းပြောဖူးတယ်၊ ဌာနကထုတ်ပြန်တဲ့ လုပ်ထုံးလုပ်နည်းတွေကို သေသေချာချာနားလည်အောင်လေ့လာဖတ်ရှုဖို့၊ မှတ်သားလိုက်နာဆောင်ရွက်ဖို့ဆိုတဲ့ဟာလေ အဓိကက လေ့လာမှုစွမ်းအား၊ မိမိရဲ့ ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုနဲ့ဆောင်ရွက်ရမယ်၊ ရိုးသားမှုရှိရမယ်၊ မိမိလုပ်ငန်းအပေါ်သစ္စာရှိရမယ်၊ လုပ်ငန်းရှင်တွေလည်းအလားတူပဲ ရိုးရိုးသားသား သစ္စာရှိရှိဆောင်ရွက်ကြဖို့ လိုအပ်တယ်။

မေး ဦးလေးရေ ၂၀၀၃/၂၀၀၄ ခုနှစ်တုန်းက သတ်မှတ်ညွှန်ကြားခဲ့တာတွေက ခုထိအသက်ဝင်နေတုန်းပဲလား၊ ၁၅ နှစ် ၁၆ နှစ်လောက်ကြာပြီဆိုတော့ အပြောင်းအလဲတွေရှိသေးလား၊

ဖြေ ဘယ်နှယ့်မေးလိုက်တာလဲ ငါ့တူရယ်၊ အများကြီးရှိတာပေါ့ကွ၊ ၂၀၀၅ ခုနှစ်မှာ ကျွန်းသစ်လုံးအတန်းအစားတွေ၊ ပြည်ပရောင်းတန်းမဝင်အဆင့်တွေ၊ ပြည်တွင်းသုံးအမျိုးအစားတွေအလိုက် ပေရှည် ၆ပေအထက်/အောက်၊ ထု၊ ဗြက် အရွယ်အစားတွေအလိုက် ခွဲစိတ်မှုကထွက်ရှိလာတဲ့အပေါ် ပြည်ပရောင်းတန်းဝင်က ရာခိုင်နှုန်းဘယ်လောက်၊ ပြည်ပရောင်းတန်းမဝင်သော ရာခိုင်နှုန်းဘယ်လောက်ဆိုပြီး အများဆုံးထွက်ရှိမှု ရာခိုင်နှုန်းတွေ ထပ်သတ်မှတ်တယ်၊ ၂၀၀၆ ခုနှစ်မှာ ထပ်ပြီးတော့ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင် ခွဲသားထွက်ရှိမှုတွေအပြင် သစ်ပါးလွှာထုတ်လုပ်မဲ့ သစ်တွေအတွက်ပါထည့်သွင်းသတ်မှတ်တယ်၊ နည်းပညာတွေ၊ စက်စွမ်းဆောင်ရည်တွေက တိုးတက်ပြောင်းလဲလာတာကိုးကွ၊ ၂၀၀၉ ခုနှစ်မှာ ထောက်ကြံ့၊ သစ်မာ၊ အင်ကြင်းသစ်တွေအတွက် ထွက်ရှိခွဲသားရဲ့ ၆၅%

ကို ပြည်ပတင်ပို့ခွင့်ပြုဖို့ ညွှန်ကြားချက်တွေထုတ်တယ်၊ ၂၀၁၃ ခုနှစ်မှာ ခွဲစိတ်တာပါးလွှာတဲ့လုပ်ငန်းတွေကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက စိစစ်ခွင့်ပြု၊ တိုင်အရွယ်အစားတွေကို ခွဲချင်တယ်ဆိုရင် ဦးစီးရုံးချုပ်တင်ပြခွင့်ပြုချက်တောင်းရတယ်၊ ဒါပေမဲ့ သစ်မျိုးအလိုက်၊ သစ်လုံးအတန်းအစား သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတော့မကျော်စေနဲ့၊ ကျော်မယ်ဆိုရင် သစ်တောနှင့် မြန်မာ့သစ်လုပ်ငန်း ပူးပေါင်းအဖွဲ့နဲ့ ကြီးကြပ်ခွဲစိတ်ဖို့ ဦးစီးရုံးချုပ်ကို တင်ပြခွင့်ပြုချက်တောင်းရတယ်၊ အဲဒီအခါကျရင် ရုံးချုပ်က အဖွဲ့ဖွဲ့ပေးတယ်၊ ၂၀၁၄ ခုနှစ်မှာ တစ်ခါ သစ်စက်ခွဲအတန်းအစား သတ်မှတ်ချက်တွေပြင်ဆင်ပြီး ခွဲသားထွက်ရှိရာနှုန်းတွေလည်း ထပ်ပြင်ဆင်သတ်မှတ်တယ်။

မေး– ဒါဆိုရင် ဦးလေးရယ် လိုအပ်ချက်တွေရှိတိုင်း ပြင်ပြင်ပေးနေရတာပေါ့နော်၊ လိုအပ်ချက်တွေရှိလာပြီဆိုတာ ဘယ်လိုသိနိုင်သလဲ

ဖြေ– ရုံးချုပ်က မဖြစ်သင့်တာမဖြစ်အောင် လုပ်ထုံးသတ်မှတ်ချက်တွေထုတ်ပြန်တယ်၊ ခရိုင်က ကြီးကြပ်တာပေါ့။ တကယ်တမ်းကတော့ မြို့နယ်တာဝန်ခံတွေ၊ သစ်စက်တာဝန်ခံတွေက အဓိကစောင့်ကြည့်စစ်ဆေးဆောင်ရွက်နေရတယ်၊ သစ်စက်တွေမှာလည်း စနစ်တကျ စာရင်းဇယားတွေထားတယ်။ သစ်ရောက်ရှိစုပုံတာ၊ ခွဲစိတ်ခွင့်တောင်းခံတာ၊ ခွဲသားထွက်ရှိစာရင်းပြုစုတာ၊ ပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချတာ၊ ဒီနေ့ခွဲတာ ဒီနေ့ စာရင်းသွင်း၊ စက်အုပ်က လက်မှတ်ထိုး အကုန်ဇယားပုံစံတွေနဲ့ စနစ်တကျဆောင်ရွက်နေတယ်၊ ခွဲစိတ်တဲ့ တန်ပမာဏတွေများလာတယ်၊ ပတ်လွှလို ခေတ်မီစက်တွေသုံးတော့ သစ်အလေအလွင့်နည်းပြီး သစ်ခွဲသားထွက်ရှိမှုတွေတက်လာတယ်၊ ခွဲသားတင်မဟုတ်တော့ဘဲ အခုဆိုရင် သစ်ပါးလွှာတွေ၊ ပါကေး၊ လျှာထိုး၊ လက်ယှက်ချောင်းစတဲ့ အချောထည်ထုတ်လုပ်မှုတွေတိုးတက်များပြားလာတယ်၊ အဲ့ဒီလို အချိန်မှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့အုပ်ချုပ်ရတဲ့ သစ်စက်အရေအတွက်များတာနဲ့ မနိုင်မနင်းဖြစ်လာတယ်။ ရန်ကုန်တို့၊ မန္တလေးတို့လို မြို့ကြီးတွေမှာဆိုပိုဆိုးတာပေါ့၊ စက်တွေက ရာထောင်ချီလာတယ်၊ ကြီးကြပ်ခွဲစိတ်တာတွေ စာရင်းသွင်းတာတွေမှာ အခက်အခဲဖြစ်လာတော့ လုပ်ငန်းရှင်တွေက တင်ပြတောင်းဆိုမှုတွေရှိလာတယ်။ အဲ့ဒီတော့ ခွဲသားထွက်ရှိမှုစာရင်း G 96 ကို နေ့တိုင်း စာရင်းသွင်း၊ ခွဲသားထွက်ရှိမှုကိုတော့ လချုပ်စာရင်းလုပ်ပြီး မြို့နယ်သစ်တောကိုတင်ပြ၊ ၁ ပေ × ၂လက်မ × ၀.၅ လက်မ အရွယ်ထိ G 96 မှာ စာရင်းသွင်း၊ အဲ့ဒီအရွယ်အစားအောက် စာရင်းမသွင်းနိုင်တော့ဘဲ ခွဲသားတွေထဲကနေ စုစုပေါင်း ခွဲစိတ်ထွက်ရှိမှုရဲ့ ၅% ထက်မကျော်စေပဲ ပြည်ပပို့ချင်ရင် တင်ပို့ဖို့ဆိုပြီးဖြေလျှော့ပေးခဲ့ရတယ်။ ခွဲသားထွက်ရှိရာခိုင်နှုန်းပြင်ဆင်သတ်မှတ်တာတွေ၊ လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးတာတွေအားလုံး သစ်တော၊ သစ်လုပ်ငန်း၊ လုပ်ငန်းရှင်တွေ ဆွေးနွေးညှိနှိုင်းပြီး ဝန်ကြီးဌာန ခွင့်ပြုချက်နဲ့ ညွှန်ကြားချက်ထုတ်ပြန်ရတာပေါ့။

မေး– ကျွန်တော်က နည်းနည်းပဲမေးပြီး ဦးလေးက အများကြီး ပြောပြပေးရတော့ မေးရတဲ့လူတောင် အားနာလာပြီ၊ ဒါပေမယ့် ကျွန်တော် အစကမေးခဲ့တဲ့ ပိုထွက်တဲ့ ခွဲသားတွေ တရားမဝင်ဘဲဖြစ်နေတဲ့ ကိစ္စတော့ မပြောသေးဘူးနော်

ဖြေ– ဟုတ်ပါတယ်ကွာ၊ ဦးလေးက ရာဇဝင်ချီနေလို့ လိုရင်းမရောက်သေးတာပါ။ ခွဲသားထွက်ရှိ ရာခိုင်နှုန်းတွေဘယ်လိုသတ်မှတ်ဆောင်ရွက်ခဲ့တယ်၊ ဘယ်လိုလိုအပ်ချက်တွေ၊ ပြောင်းလဲမှုတွေအရ အဆင့်ဆင့် အမျိုးမျိုးပြောင်းလဲသတ်မှတ်ခဲ့ရတယ်၊ ဘယ်ကိစ္စတွေကို ဖြေလျှော့ပေးခဲ့တယ်ဆိုတာတွေကို နားလည်သဘောပေါက်ရင် ပိုကောင်းလို့ပါ၊ ဘာဖြစ်လို့ပါကွာဆိုပြီး တိုတိုပြောလိုက်ရင်လည်းရတော့ ရတာပေါ့၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့ကစပြီး အလုံးလိုက် ပြည်ပတင်ပို့ခွင့်ကို ရပ်လိုက်တယ်ကွ၊ ခွဲသား/ အချောထည်တွေပဲ ပို့လို့ရတော့တယ်၊ အချုပ်ပြောရရင် ၂၀၁၅ ခုနှစ်မှာ ကျွန်း/သစ်မာ ခွဲသား၊ အထပ်သားထွက်ရှိမှု၊ ကျွန်းခွဲသားကနေ ထပ်ခွဲတဲ့ ပါကေး၊ ပရိဘောဂဆိုဒ်စုံ၊ ပြတင်း/တံခါးရွက်ထွက်ရှိမှုတွေ တစ်ကြိမ်ထုတ်ပြန်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ပုဂ္ဂလိကသစ်စက်တွေနဲ့ မြန်မာ့သစ်စက်တွေရဲ့ သစ်လုံးနဲ့ ခွဲသားအတန်းအစားအလိုက် ခွဲသားထွက်ရှိမှုတွေ တစ်ပြေးညီဖြစ်ဖို့ဆိုပြီး အသေးစိတ်ထပ်ပြီး သတ်မှတ်ခဲ့တယ်၊ လက်ရှိလဲ ၂၀၁၇ ခုနှစ်က သတ်မှတ်ချက်ကို အခြေခံပြီး ဆောင်ရွက်လျက်ရှိတယ်။

ဒါပေမဲ့ ၂၀၁၈ ခုနှစ်မှာ သတ်မှတ်ချက်ထက်ပိုထွက်နိုင်မဲ့ ခွဲစိတ်မှုတွေအတွက် သစ်တောနဲ့ သစ်လုပ်ငန်းကဝန်ထမ်းတွေ ပူးပေါင်းခွဲစိတ်တဲ့အခါ လူစုံအောင်စောင့်နေရလို့ ပြည်ပပို့ order တွေ အချိန်မီမခွဲပေးနိုင်ဘူး၊ အဆင့်ဆင့်တင်ပြနေရတာလည်း အချိန်ကြန့်ကြာမှုတွေဖြစ်နေတယ်ဆိုပြီး လုပ်ငန်းရှင်တွေလာတင်ပြကြတဲ့အတွက် မြို့နယ်သစ်တောအရာရှိကပဲ တာဝန်ယူမှု တာဝန်ခံမှု

အပြည့်နဲ့ ဆောင်ရွက်တော့၊ မလိုလားအပ်တဲ့ ပြဿနာမဖြစ်ဖို့၊ သံသယဖြစ်ဖွယ် ခွဲသားထွက်ရှိမှုတွေမဖြစ်စေဖို့တော့ ခရိုင်နဲ့ တိုင်းပြည်နယ်တွေက ကြီးကြပ်ကြဆိုပြီး ဖြေလျှော့ပေးခဲ့တယ်။ စိုက်ခင်းကထွက်တဲ့ တိုင်/မျောတွေကိုလည်း အလားတူ ဆောင်ရွက်ကြဖို့ဆိုပြီး ထပ်မံဖြေလျှော့ပေးခဲ့တယ်။

မေး– ဒါဆိုရင်တော့ ဒီကိစ္စမှာ တာဝန်ရှိတဲ့ဝန်ထမ်းတွေများ လုပ်ငန်းရှင်တွေရော ရိုးရိုးသားသားဆောင်ရွက်ကြဖို့လိုတယ်၊ ဝန်ထမ်းတွေကလည်း ညွှန်ကြားချက်တွေကို နားလည်သဘောပေါက်ဖို့လိုတယ်၊ ကိုယ့်တာဝန်ကိုယ်ယူကြဆိုတဲ့သဘောပေါ့၊

ဖြေ– ဒါပေါ့ကွာ၊ ဆိုလိုတာက မြို့နယ်သစ်တောဝန်ထမ်းတွေက ကြီးကြပ်ခွဲစိတ်ကြပါ၊ ထွက်သမျှ ခွင့်ပြုပေးပါ၊ ဒါပေမဲ့ ၂၀၁၇ ခုနှစ်က သတ်မှတ်ခဲ့တဲ့ခွဲသားထွက်ရှိမှုကိုတော့ အခြေခံပြီး ချင့်ချိန် ဆောင်ရွက်ပါ၊ သစ်လုံးတစ်လုံးကနေထွက်ရှိနိုင်မှုကို ချင့်ချိန်ရမှာပေါ့၊ ပေရှည်ဆိုဒ်ကြီးတွေ၊ အသေးတွေ ဘယ်လောက်ထွက်နိုင်မလဲဆိုတာကို ချင့်ချိန်ဖို့ပေါ့၊ ခက်နေတာက ကြီးကြပ်သူဝန်ထမ်းနဲ့ လုပ်ငန်းရှင် အပြန်အလှန်ယုံကြည်မှု မတည်ဆောက်နိုင်ဘူး၊ စက်အရေအတွက်များ။ ဝန်ထမ်းအင်အားက နည်းတော့ အချိန်ပြည့် ဘယ်လိုမှ ထိုင်မကြည့်နိုင်ဘူးဆိုတော့ ဝန်ထမ်းကလည်း အရမ်းကာရော ခွင့်မပြုရဲဘူး။ ပြဿနာဖြစ်ရင် အရေးယူခံရမှာ မမှန်မကန်လုပ်နေတဲ့ လုပ်ငန်းရှင်အတွက် ဘာမှမဖြစ်ဘူး။ မှန်မှန်ကန်ကန်လုပ်နေတဲ့ လူအတွက်ကျတော့ ဒီလိုထွက်တာတွေကို ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး၊ ငွေကုန်ကြေးကျခံပြီး ရင်းနှီးမြှုပ်နှံထားရတာ၊ စက်တွေကလည်း စောစောက ပြောသလို ခေတ်မီအမျိုးအစားတွေ၊ နည်းပညာအရလဲ တစ်လက်မပတ်လည်လောက်အထိက အသုံးဝင်နေတော့ အဲ့ဒီလိုကိစ္စတွေ တဖြည်းဖြည်းများလာတော့ မင်းကြားနေရတဲ့ သတင်းတွေလို ဖြစ်လာတာပေါ့ကွာ။

မေး– ဒါဆိုရင်တော့ လုံးဝရှင်းသွားပါပြီ ဦးလေး၊ အပြန်အလှန်ယုံကြည်မှုတွေ၊ တာဝန်ခံမှု တာဝန်ယူမှုတွေနဲ့ ညွှန်ကြားချက်တွေကို သေချာမှတ်သားလိုက်နာဆောင်ရွက်ရင် ဘယ်လို အဆင်မပြေမှုမျိုးမဆို အောင်မြင်ကျော်လွှားနိုင်မှာပါ၊

ဖြေ– သစ်တောဦးစီးဌာနကလည်း သစ်စုပုံ၊ ခွဲစိတ်တဲ့ကိစ္စတွေ စနစ်တကျဖြစ်ဖို့၊ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးဖို့ လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာ ဆောင်ရွက်ရမဲ့ လုပ်ထုံးလုပ်နည်းများထဲမှာ အသေးစိတ်ဖော်ပြပေးထားပါတယ်၊ ဖတ်ရောဖတ်ကြရဲ့လား မသိ၊ ဖတ်ရင်လည်း သာမန်ကာလျှံကာပဲ ဖတ်တယ်ထင်ပါတယ်ကွာ၊ အခုလည်း မြန်မာ့သစ်လုပ်ငန်းက သစ်လုံးအတန်းအစားသတ်မှတ်တာ မှန်ကန်ဖို့၊ သစ်ခွဲသားထွက်ရှိ ရာခိုင်နှုန်း၊ သစ်ပါးလွှာထွက်ရှိမှု ရာခိုင်နှုန်းတွေမှန်ကန်ဖို့ ရာခိုင်နှုန်းတွေ တစ်ပြေးညီပြင်ဆင်သတ်မှတ်နိုင်ဖို့ဆိုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှာ သစ်တောနှင့်သစ်လုပ်ငန်းက ဝန်ထမ်းတွေပူးပေါင်းပြီး ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းစတဲ့ သစ်ခွဲစိတ်လုပ်ငန်း အရေအတွက်များတဲ့ ခွဲစိတ်မှုအမျိုးအစားစုံလင်တဲ့ တိုင်းဒေသကြီး ၄ ခုမှာ အချောထည်စက်၊ ပါးလွှာစက်၊ လွှပိုင်းသုံးတဲ့စက်၊ ပတ်လွှသုံးတဲ့စက် စသဖြင့် သစ်ခွဲစက်အမျိုးအစားအမျိုးမျိုး၊ မြန်မာ့သစ်လုပ်ငန်း ထုတ်သစ်အမျိုးမျိုး၊ ပုံစံ (၈)သစ်လုံး၊ ခေါင်းရှေ့ ခွဲသား၊ ယူကလစ်၊ မန်ဂျန်ရှားစသဖြင့် သစ်လုံးခွဲသားအမျိုးမျိုး၊ သစ်မျိုး၊ ခွဲသားအမျိုးအစား အမျိုးမျိုးအဖွဲ့တွေခွဲပြီး နမူနာစမ်းသပ်ခွဲစိတ်တာတွေ၊ စာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပြီးသွားပြီ၊ မကြာခင်တော့ ဝန်ကြီးဌာန တင်ပြပြီး ထုတ်ပြန်နိုင်တော့မှာပါ။

ခွဲသားထွက်ရှိ ရာခိုင်နှုန်းဆိုတာကလဲ တစ်သမတ်တည်းထားဖို့ခက်တယ်၊ ဘာလို့လဲ ဆိုတော့ သစ်အရည်အသွေး၊ ခွဲစိတ်သစ်စက်အမျိုးအစား၊ ထုတ်ကုန်အမျိုးအစား၊ ထုတ်ကုန်အရည်အသွေး၊ ခွဲစိတ်သူရဲ့ ကျွမ်းကျင်မှုတွေပေါ်မှာလည်း မူတည်တယ်။

ခြုံပြောရရင်တော့ ကျွန်း/သစ်မာ သစ်လုံးတွေကိုခွဲစိတ်တာ၊ ပါးလွှာတာ၊ ခွဲသားကနေခွဲသားခွဲတာတွေအားလုံး ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ခွဲသားထွက်ရှိမှု ရာခိုင်နှုန်းဘောင်အတွင်းဆိုရင် လုပ်ငန်းရှင်အနေနဲ့ ခွဲမိန့်တောင်းခံ ဆောင်ရွက်ရုံပဲ၊ တကယ်လို့ သတ်မှတ်တာထက်ပိုထွက်နိုင်မယ်ဆိုရင် မြို့နယ်သစ်တောအရာရှိထံ တင်ပြပြီး ဆောင်ရွက်ရင် မင်းပြောတဲ့ ပိုထွက်လာတဲ့ ခွဲသားတွေဟာ စာရင်းသွင်းနိုင်ပြီး တရားမဝင် မဖြစ်တော့ဘူးပေါ့ကွာ။



ဒီအတိုင်းသာ ဆက်သွားနေရင် လူတွေ ဆက်လက်တည်ရှိဖို့ အတော်ခဲယဉ်းလာပြီ။

APK



# မန်းတောင်ရိပ်ခို

အုန်းလှိုင်လေး

မြန်မာနိုင်ငံအတွင်း ကွဲပြားသည့် ရိုးရာဓလေ့ထုံးတမ်းများနှင့် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး နိုင်ငံ၏ ထူးခြားသည့်မြေမျက်နှာသွင်ပြင်ပထဝီအနေအထား၊ ရာသီဥတုအခြေအနေတို့အရ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သယံဇာတများ ပြည့်စုံကြွယ်ဝပါသည်။ မြန်မာနိုင်ငံရှိ သယံဇာတများအနက် သစ်တောသယံဇာတအရင်းအမြစ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုမျှတကောင်းမွန်ရေးကို အထောက်အကူပြုသကဲ့သို့ ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အဦ၊ အစားအစာနှင့် အပန်းဖြေနားနေမှု စသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့ကောင်းများဖြင့် အကျိုးကျေးဇူးပြုလျက်ရှိပါသည်။ ယင်းအကျိုးကျေးဇူးများကို နောင်လာနောက်သားမျိုးဆက်သစ်များအထိ ရေရှည်တည်တံ့စေရန်၊ စဉ်ဆက်မပြတ်အထောက်အပံ့ပြုခံစားနိုင်ရန်အတွက် သစ်တောသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ စနစ်တကျစီမံအုပ်ချုပ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများအား ခေတ်ကာလအခြေအနေအလိုက် ထိန်းသိမ်းကာကွယ်ခြင်း၊ အသုံးချခြင်းအားဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ခဲ့ရာ သစ်တောမြေများအတွင်း အခြားမြေအသုံးချမှု၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများအား အလွန်အမင်းလိုအပ်မှု၊ အသုံးချမှု စသည့် အခြေခံအကြောင်းအချက်များကြောင့် သစ်တောဖုံးလွှမ်းမှုပမာဏနှင့် သစ်တောအတန်းအစားတို့တဖြည်းဖြည်းလျော့ကျလာရပါသည်။ (၂၁-၇-၂၀၂၀) ရက်နေ့ FAOမှ ကမ္ဘာ့သစ်တောသယံဇာတအခြေအနေ ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ (Global Forest Resources Assessment 2020) အရ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ့ဧရိယာ ၏ ၄၂.၁၉% ရှိပြီး နှစ်စဉ်အသားတင်သစ်တောဆုံးရှုံးမှုသည် ဧရိယာပမာဏ (၇၁၆,၆၀၆)ဧက ဖြစ်ပါသည်။ FAO၏ FRA 2015 အစီရင်ခံစာအရ ကမ္ဘာ့နိုင်ငံများအနက် မြန်မာနိုင်ငံသည်နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှုအများဆုံး(၁၀)နိုင်ငံတွင် အဆင့်တတိယရှိပြီး ယခုထုတ်ပြန် သည့်FRA 2020 အရ အဆင့်သတ္တမရှိရာ ယခင်ကာလများနှင့် နှိုင်းယှဉ်သော် သစ်တောပြုန်းတီးမှုနှုန်း လျော့နည်းလာသည်ဆိုရပါမည်။

မြန်မာနိုင်ငံအတွင်း သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ထင်း၊ မီးသွေး၊ လောင်စာအလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မြေပေါ်မြေအောက် သတ္တုတူးဖော်ခြင်း၊ ဆည်/ တာတမံ တည်ဆောက်ခြင်း၊ မြို့ပြနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများတိုးချဲ့ခြင်း၊ ဒီရေတောများတွင် ငါး၊ ပုစွန်မွေးမြူရေးကန်များ တိုးချဲ့ခြင်း၊သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း တိုက်ရိုက်အကြောင်းတရားများနှင့် အကျင့်ပျက်ခြစားခြင်း၊ ဆင်းရဲမွဲတေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ သစ်တောထွက်ပစ္စည်းများ ဈေးကွက်လိုအပ်ချက်မြင့်မားခြင်း၊ တိကျသောမြေအသုံးချမှု မူဝါဒမရှိခဲ့ခြင်း၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု အကဲဖြတ်ဆန်းစစ်ခြင်းများ အားနည်းခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ ဥပဒေ၏ အကျိုးသက်ရောက်မှု အားနည်းခြင်း၊ လူဦးရေတိုးပွားခြင်း၊ အကျိုးဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုအားနည်းခြင်း၊ Political Support အားနည်းခြင်း သွယ်ဝိုက်သောအကြောင်းတရားများသည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းရခြင်း အဓိကအကြောင်းတရားများဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းအကြောင်းတရားများအနက် သစ်တောသယံဇာတများ အပေါ် ဝိသမလောဘသား တရားမဝင်သစ်ထုတ်လုပ်သူများ၏ ကိုယ်ကျိုး စီးပွားအတွက် ဘယ်သူသေသေ ငတေမာပြီးရော ဖြတ်လမ်းနည်းဖြင့် စီးပွားဖြစ်လို၍ မသမာသည့်နည်းမျိုးစုံဖြင့် မဆင်မခြင် တရားမဝင်သစ်ထုတ်ခြင်း သို့မဟုတ် တရားမဝင်သစ်ခိုးခြင်းများသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် သစ်တောပြုန်းတီးမှုများလျော့ပါးရေး ဆောင်ရွက်မှုများတွင် ကြီးမားသောအတားအဆီးဖြစ်နေပြီး ခေတ်အဆက်ဆက် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုများအား စိန်ခေါ်မှုဖြစ်နေပါသည်။

နိုင်ငံတကာအဆင့် သို့မဟုတ် နိုင်ငံတော်အဆင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်

ကြေညာချက်၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များအတိုင်း လိုက်လျောညီထွေ လိုက်နာဆောင်ရွက်မှုမရှိဘဲ ချိုးဖောက်၍ ဖောက်ဖျက်၍ အကျင့်ပျက်သည့် တရားမဝင်လုပ်ဆောင်သည့် သစ်ခုတ်လှဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခွဲစိတ်ခြင်း၊ စုပုံသိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းတို့သည် တရားမဝင် သစ်ထုတ်လုပ်မှုများဖြစ်ပါသည်။

သစ်ခုတ်လှဲမှုမှ ကာကွယ်ထားသည့်တောတွင် သစ်ပင်ခုတ်လှဲခြင်း၊ ခွင့်ပြုချက်မရှိဘဲ တားမြစ်ထားသည့် သစ်မျိုးများအားခုတ်လှဲခြင်း၊ တရားဝင်ခုတ်လှဲခွင့်ပြုသည့် နေရာမှကျော်လွန်ခုတ်လှဲခြင်း၊ တရားဝင်ခွင့်ပြုသည့် သစ်မျိုး ထုထည်ပမာဏထက် ပိုမိုထုတ်လုပ်ခြင်း၊ တရားဝင်ခွင့်ပြုအမိန့်၊ လိုင်စင်မရှိဘဲခုတ်လှဲခြင်း၊ ခွင့်ပြုအမိန့် လိုင်စင်မရမီ ကြိုတင်ခုတ်လှဲခြင်းတို့သည် တရားမဝင် သစ်ခုတ်လှဲမှုဖြစ်သည်။

တရားမဝင်သစ်များ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအတွက် ရေလမ်းကြောင်း မြစ်ချောင်းတို့မှ သစ်ဖောင်ဖြင့် သမရိုးကျစုန်မျောခြင်း၊ ဝါးဖောင်ဖြင့်တွဲ၍ဖုံးအုပ်၍ စုန်မျောခြင်း၊ မော်တော်ဖြင့်ဆွဲ၍ တင်ဆောင်၍သယ်ယူကြပြီး အင်ဂျင်ပါဝါကြီးကြီး၊ ကြံ့ခိုင်မှုကောင်းကောင်း မော်တော်ဘုတ်၊ သင်္ဘောတို့ဖြင့် ပင်လယ်ထွက်ပေါက်မှ သယ်ယူကြသကဲ့သို့ ကုန်းလမ်းကြောင်းတွင် လိုင်စင်မဲ့ဆိုင်ကယ်၊ မော်တော်ကား၊ ဘက်စုံသုံးလယ်ထွန်စက်တို့ကို အသုံးပြုပြီး တရားမဝင်သစ်ဖမ်းဆီးသည့် တာဝန်ရှိသူများ အထူးသဖြင့် သစ်တောဝန်ထမ်းများ၏ အလစ်အငိုက် မျက်ကွယ်ရာကို အခွင့်ကောင်းယူ၍ ညအချိန်တွင်သယ်ယူခြင်း၊ ဘီနယ်သစ်တောရုံး၊ ကင်းစခန်း၊ စစ်ဆေးရေး ဂိတ်များကို ရှောင်ကွင်းသယ်ယူခြင်း၊ ကုန်စည်များဖြင့် ဖုံးအုပ်သိုဝှက်သယ်ဆောင်ခြင်း၊ တာဝန်ရှိစစ်ဆေးသူတို့၏ မျက်မှောက်တွင် ဘုရားဖူးယာဉ်၊ ခရီးသည်တင်ယာဉ်၊ လူမှုရေးနှင့် ပရဟိတယာဉ်၊ လောင်စာဆီတင်ယာဉ်၊ ကွန်တိန်နာယာဉ်၊ အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာတံဆိပ် အသုံးပြုတပ်ဆင်သည့် ယာဉ်၊ မျောစာဖြင့် တရားဝင်သယ်ယူမည့် ယာဉ်တွင် ခွင့်ပြုအမျိုးအမည်၊ ပမာဏထက် ပိုမိုသယ်ယူသည့်ယာဉ် စသည့်ထင်မှတ်မထားသည့်ယာဉ်များ အသွင်ပုံသဏ္ဍာန် အယောင်ဆောင်၍ စစ်ဆေးသူတို့အား ထင်ယောင်ထင်မှားဖြစ်စေပြီး သယ်ယူပို့ဆောင်ကြပါသည်။

အလားတူ တရားမဝင် ခုတ်လှဲဖြတ်တောက် ခွဲစိတ်ခြင်းလုပ်ငန်းတွင် တရားမဝင်လက်ကိုင်လွှစက်များကို တွင်ကျယ်စွာအသုံးပြုသကဲ့သို့ အင်ဂျင်၊ လွှဝိုင်းများဖြင့် တရားမဝင်ခွဲစိတ်ခြင်း၊ တရားဝင်သစ်စက်လိုင်စင်ရရှိသည့် သစ်စက်များတွင် ခွင့်ပြုချက်မရှိဘဲခွဲစိတ်ခြင်း၊ တရားဝင်ခွဲစိတ်သည့်သစ်များတွင် တရားမဝင်သစ်များ ရောနှောခွဲစိတ်ခြင်းကို တရားမဝင်သစ်ထုတ်လုပ်သူများ ပြုလုပ်ကြပါသည်။

တရားမဝင်သစ်များကို တောတွင်း၌ ခုတ်လှဲ၊ ခွဲစိတ်ပြီး ချုံ၊ လျှိုအတွင်း သစ်ကိုင်းသစ်ခက်များဖုံးအုပ်ခြင်း၊ မြေတွင်မြှုပ်ခြင်း၊ ရေတွင်နှစ်ခြင်းဖြင့် သိုဝှက်သကဲ့သို့ မြို့ကြီးများပေါ်တွင် လုံခြုံသည့် ခြံစည်းရိုးအမြင့်များကာရံ၍ ခြံဝန်းကျယ်နှင့် ဂိုဒေါင်များတွင်လည်းကောင်း၊ သာသနာ့နယ်မြေများတွင်လည်းကောင်း သိုဝှက်စုဆောင်းခြင်းပြုကြပါသည်။

တရားမဝင်သစ်ထုတ်လုပ်ငန်းများကို တစ်ဦးတစ်ယောက်မှသည် အုပ်စုဖွဲ့၍၊ ချိတ်ဆက်၍ လုပ်ကိုင်ကြပြီး တရားမဝင်သစ်ဖမ်းဆီးရေး ဆောင်ရွက်ရသူဝန်ထမ်းများအား အသက်အန္တရာယ်ထိခိုက်ရန်ပြုသည့် ဖြစ်စဉ်ထိအတင့်ရဲလာကြပါသည်။

တစ်ချိန်က ဝန်ထမ်းများအတွက် လုံခြုံရေးအကန့်အသတ်ရှိရာ၊ လက်နက်ကိုင်အဖွဲ့အစည်းများရှိရာ၊ သစ်ခိုးသူများ၏နောက်ကွယ်မှ ငွေကြေးအင်အားအပြည့်အစုံဖြင့် အရင်းအနှီးပြုသူများရှိရာ၊ တစ်ဖက်နိုင်ငံ နယ်နိမိတ်နှင့် မနီးမဝေးတွင်ရှိရာ၊ သဘာဝတောကောင်းများနှင့် တန်ဖိုးရှိသစ်များထွက်ရှိရာနေရာတွင် ပွင့်လင်းရာသီ ရောက်ရှိပါက ဒေသစုံမှ လူမျိုးစုံ သစ်ခိုးသူများ ရောက်ရှိလာပြီး ကျွန်းပွဲတော်ဟုတင်စားခေါ်ကာ ပွဲတော်ကြီးတမျှ ကျွန်းသစ်မာနှင့် အခြားသစ်မျိုးစုံ တရားမဝင်သစ်ထုတ်လုပ်ခဲ့ရာ သက်ဆိုင်ရာအဓိကတာဝန်ရှိသူများမှလည်း ဖမ်းဆီးရေးကို သတင်းလက်ဦးရယူမှု၊ လုံခြုံရေးယူအင်အားစုဖွဲ့မှုနှင့် အခြားသောအထောက်အပံ့ကောင်းများရယူ၍ တရားမဝင်သစ် ခုတ်လှဲခွဲစိတ်သယ်ယူရောင်းဝယ်ခြင်းများအား အချိန်နှင့်တစ်ပြေးညီ တန်ပမာဏများစွာ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်သော်လည်း သစ်ခိုးသူများမှဖမ်းဆီးသူများ၏ လုပ်ဆောင်နေရသည့် အကန့်အသတ်နှင့် အားနည်းချက်များ၊ သစ်ခိုးထုတ်နယ်မြေကျယ်ပြန့်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့အပေါ် အခွင့်ကောင်းယူပြီး နည်းမျိုးစုံ တရားမဝင်သစ်ထုတ်ပြီး တစ်ဖက်နိုင်ငံတိုင် နယ်နိမိတ်ကျော် တရားမဝင်သယ်ဆောင်ရောင်းချသည် အထိ သစ်မှောင်ခိုဈေးကွက်ကျယ်ပြန့်ခဲ့ရသည်။

သစ်တောဝန်ထမ်းများသည် သစ်တောမြေ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းကာကွယ်ခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ တရားမဝင်သစ်ခိုးခြင်းကို လျော့နည်းပပျောက်စေရန်အတွက် ပြည်သူလူထုအားစည်းရုံးခြင်း၊ အသိပညာပေးခြင်း ကြိုတင်ကာကွယ်တားဆီးခြင်း ဆောင်ရွက်သကဲ့သို့ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်းဆီးခြင်းအရေးယူခြင်း၊ ခရိုင်၊ မြို့နယ်၊ ဘီနယ်အလိုက်

ပုံမှန် ကင်းလှည့်ဖမ်းဆီးခြင်း၊ စစ်ကြောင်းဖြင့်ဖမ်းဆီးခြင်း၊ ရှောင်တခင်စစ်ဆေးဖမ်းဆီးခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)နှင့် ခိုင်မာသည့်သတင်းပေးများထားရှိပြီး နည်းလမ်းပေါင်းစုံဖြင့် စုံစမ်းရှာဖွေဖေါ်ထုတ်ဖမ်းဆီး အရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်သစ်ထုတ်လုပ်မှုများ ကြိုတင်ကာကွယ်တားဆီးခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများထံ တိကျခိုင်လုံသောသတင်းများ အချိန်နှင့်တစ်ပြေးညီပေးပို့သည့် သတင်းပေးသူများ၏ အခန်းကဏ္ဍသည်လွန်စွာအရေးပါပြီး မိမိပတ်ဝန်းကျင်မှ အခြားသူများအား ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများကို အခြေခံ၍ နစ်နာစေရန်၊ သစ်တောဝန်ထမ်း အထူးသဖြင့် လက်အောက်ဝန်ထမ်းများသည် တရားမဝင်သစ်ဖမ်းဆီးခြင်းကိုအမြဲလိုက်နာရန် အမိန့်လက်စွဲလုပ်ထုံးလုပ်နည်းများအတိုင်း အချိန်ပြည့်လိုက်နာ တာဝန်ထမ်းဆောင်ရသူများဖြစ်ရာ ဝန်ထမ်းများအတွက် မလိုလားအပ်သည့်ဝန်ထုပ်ဝန်ပိုးဖြစ်စေရန်၊ တရားမဝင် သစ်ထုတ်လုပ်မှုများထံမှ တစ်စုံတစ်ရာ တံစိုးလက်ဆောင်ရယူ၍ ၎င်းတို့အား အကာအကွယ်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးသူများအား လမ်းကြောင်းလွှဲစေရန်အတွက် မမှန်သတင်းပေးခြင်းတို့ကို ရှောင်ရှား၍ တရားမဝင်သစ်ထုတ်လုပ်ခြင်းသည် ပြည်သူ့အကျိုးစီးပွားအား မလျော်ညီစွာအသုံးချခြင်း၊ သစ်တောပြုန်းတီးခြင်း တောအဆင့်အတန်းနိမ့်ကျပြီး ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ပျက်စီးမှုများဖြစ်ပေါ်ခြင်းနှင့် သစ်တောဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများချိုးဖောက်နေသည်ဟူသောအသိ၊ မိမိကိုယ်မိမိ တာဝန်သိပြည်သူတစ်ယောက်ဟူသည့်ခံယူချက်ဖြင့် တာဝန်ရှိသူတို့ထံတရားမဝင်သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အကြောင်းအရာ ခိုင်လုံတိကျမှန်ကန်သောသတင်းများကို အချိန်မီပေးပို့ရန်လိုအပ်ပါသည်။ သစ်တောဦးစီးဌာနမှလည်း သတင်းအမှန်ပေးသူတို့၏ အမည်၊ နေရပ်တို့အား လျှို့ဝှက်ထားရှိပြီး ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးသတင်းပေးဆုကြေးများကို ပြန်လည် ချီးမြှင့်ခဲ့ပါသည်။

ယခုကာလတွင် တရားဝင်သစ်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ အထူးသဖြင့် သစ်စက်လုပ်ငန်းရှင်များ

သစ်တောဝန်ထမ်းများအနေဖြင့် တရားမဝင်သစ်ထုတ်လုပ်မှုများ ဖမ်းဆီးအရေးယူရာတွင် အဂတိကင်းရှင်းစွာဖြင့် မဟုတ်တာမလုပ်ရန် လိုအပ်သလို လုပ်တာမဟုတ်ခြင်း မဖြစ်စေဘဲ မိမိ တာဝန်ထမ်းဆောင်သည့် သစ်တောဦးစီးဌာနအပေါ် သစ္စာရှိစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။

အနေဖြင့်လည်း စက်ရုံလုပ်သားများ၏ စားဝတ်နေရေး ပြေလည်စေရန် စီစဉ်ပေးပြီး စက်ရုံလည်ပတ်မှုရပ်နားခြင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုများမရှိစေရေး သက်ဆိုင်ရာသစ်တောဝန်ထမ်းများနှင့်ပူးပေါင်း၍ ချမှတ်ထားသည့် စည်းကမ်း၊ဥပဒေတို့ကို လိုက်နာခြင်းပြုရန်လိုအပ်ပါသည်။

လတ်တလောအချိန်တွင် သစ်တောဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား တရားမဝင် သစ်ထုတ်လုပ်မှု ကြိုတင်ကာကွယ်တားဆီးမှုဖြစ်သည့် လူစုလူဝေးဖြင့် အသိပညာပေးဟောပြောခြင်း မဆောင်ရွက်နိုင်သော်လည်း ဖြစ်နိုင်သည့်နည်းများသုံး၍ စည်းရုံးရေး သမားကောင်းများ ပီသစွာ လူတစ်ဦးတစ်ယောက်ချင်းမှစ၍ အသိပညာပေး စည်းရုံးနေရမည်ဖြစ်ပါသည်။ မိမိတာဝန်ယူရသည့် ဘီနယ်ဒေသအတွင်း ကိုယ်တိုင်သတင်းစုံစမ်းဖမ်းဆီးခြင်း၊ CMRS အရဖမ်းဆီးခြင်း၊ အထက်မှသတင်းချပြမှုအပေါ် ဖမ်းဆီးခြင်း၊ ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ တရားမဝင် သစ်ဖမ်းဆီးခြင်း တာဝန်ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လုံခြုံရေးအကန့်အသတ်ရှိသော နယ်မြေဒေသအတွင်း တရားမဝင်သစ် ထုတ်လုပ်မှုရှိသော် ကိုယ်တိုင် မဆောင်ရွက်နိုင်ပါကသတင်းအချက်အလက်အပြည့်အစုံဖြင့် အချိန်နှင့်တပြေးညီ အထက်အဆင့်ဆင့်သို့တင်ပြရန် လိုအပ်ပါသည်။

မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်ထံမှလက်ခံခြင်း၊ ရယူခြင်းနှင့်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်းသည် အဂတိလိုက်စားမှုဖြစ်၍ သစ်တောဝန်ထမ်းများအနေဖြင့် တရားမဝင်သစ်ထုတ်လုပ်မှုများ ဖမ်းဆီးအရေးယူရာတွင် အဂတိကင်းရှင်းစွာဖြင့် မဟုတ်တာမလုပ်ရန်လိုအပ်သလို လုပ်တာမဟုတ်ခြင်း မဖြစ်စေဘဲ မိမိတာဝန်ထမ်းဆောင်သည့် သစ်တောဦးစီးဌာနအပေါ် သစ္စာရှိစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။

လူတိုင်း အသက်ရှည်ရှည်နေချင်ကြသည်။ အသက်ရှည်ရှည်နေနိုင်ရန် ကျန်းမာရေးကောင်းဖို့ လိုအပ်သည်။ ကျန်းမာရေးကောင်းမွန်စေရန် သန့်ရှင်းသော လေ၊ သန့်ရှင်းသောရေ၊ သန့်ရှင်းသောအစားအစာ၊ သန့်ရှင်းသော နေရာတို့ကို ရှူရှိုက်သောက်သုံး စားသုံးနေထိုင်ခွင့် ပတ်ဝန်း

ကျင်ကောင်းဖြစ်ရပါမည်။ ပတ်ဝန်းကျင်ကောင်းရရှိရန် သစ်တော သစ်ပင်တို့မှ အကျိုးပြုလျက်ရှိပါသည်။သစ်တောသစ်ပင်ထိန်းသိမ်းခြင်းကို သက်ဆိုင်ရာသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ကမ္ဘာကြီးသည် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်နှင့်ကပ်ရောဂါများ သီသာစွာခံစားနေရပြီး၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဟူဘေးပြည်နယ် ဝူဟန်မြို့၌ လျင်မြန်စွာ ကူးစက်ပျံ့နှံ့သည့် အမည်မသိရောဂါ အဖြစ်စတင်ဖြစ်ပွားပြီးနောက် ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID - 19)ဟုအမည်တပ်၍ ကမ္ဘာ့ကပ်ရောဂါ (Pendamic disease)အဖြစ် သတ်မှတ်ထုတ်ပြန်ကြေညာခဲ့ရပါသည်။ COVID - 19 ရောဂါအား ကမ္ဘာအနှံ့ရင်ဆိုင်ခံစားနေရပြီး ရောဂါပိုးကူးစက်ခြင်း၊ ရောဂါခံစားရခြင်း၊ သေဆုံးခြင်းများရှိရာ ကမ္ဘာ့နိုင်ငံအချို့မှ ရောဂါကာကွယ်ဆေးများ စမ်းသပ်ဖော်ထုတ်နေကြပြီး ထိရောက်သည့်ကာကွယ်ဆေးမပေါ်မီအချိန်အထိ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေရမည်ဖြစ်ပြီး မည်သည့်အချိန်တွင် ရောဂါကူးစက်ပျံ့နှံ့မှု ရပ်တန့်၍ ရောဂါကင်းစင်သည့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိမည်ကို မည်သူမျှ တိတိကျကျပြောနိုင်ခြင်းလည်း မရှိသေးပါ။

မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ COVID – 19 ရောဂါကူးစက်ခံရသူ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိပြီးနောက် သက်ဆိုင်ရာတို့မှ ရောဂါကူးစက် ပြန့်ပွားမှုမရှိစေရေး စောင့်ကြပ်ကြည့်ရှု ထိန်းချုပ်ကာကွယ်ရန် ပြည်သူလူထုအား ရှောင်ရန်၊ ဆောင်ရန်၊ လိုက်နာရန်တို့ကို ပန်ကြားချက်၊ အသိပေးချက်၊ ကြေညာချက်၊ ညွှန်ကြားချက်များဖြင့် အသိပေးသကဲ့သို့ ရောဂါပိုးတွေ့ရှိသည့် ဒေသအလိုက်ပြည်သူများကို မိမိနေအိမ်တွင် နေထိုင်စေခြင်း (Stay at home)၊ ခရီးသွားလာမှု၊ လူစုလူဝေးပြုလုပ်မှု ကန့်သတ်ခြင်း၊ စည်းကမ်းချက်များ သတ်မှတ်လိုက်နာစေခြင်း၊ ညမထွက်ရအမိန့်များထုတ်ပြန်ခြင်းဆောင်ရွက်ပြီး ရောဂါပိုးကူးစက်ခံရပြီး ရောဂါခံစားရသူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများပြုလျက်ရှိပါသည်။

တရားမဝင်သစ်ခိုးသူများသည် တရားဥပဒေအရ အရေးယူခံရပါက ကျခံရမည့် ပြစ်ဒဏ်၊ ပြစ်ဒဏ်ကျခံနေချိန် ၎င်း၏မိသားစုကြုံတွေ့ရမည့် အခက်အခဲများကို ဂရုမစိုက်ဘဲ သက်ဆိုင်ရာနယ်မြေတွင်ရှိရမည့် သစ်တောဝန်ထမ်းအင်အားအရေအတွက်မပြည့်စုံချိန်၊ ရှိနေသည့်သစ်တောဝန်ထမ်းများမှာလည်း သစ်ပင်စိုက်ပျိုးရေး၊ သစ်တောပြုစုရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်နေချိန် မိုးကာလများတွင် ဝန်ထမ်းများမိမိ၏နယ်မြေ၊ ဘီနယ်နေရာအနှံ့ရောက်ရှိပြီး သစ်တောထိန်းသိမ်းနိုင်မှုမရှိဟုတွက်ဆ၍ တရားမဝင်သစ်ခိုးထုတ်မှုများ ကျူးလွန်ခဲ့ကြရာ လူသားအားလုံး တုန်လှုပ်ခြောက်ခြားစရာ COVID - 19 ရောဂါ၏ လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှုကြောင့် လူအများစု၏ နေ့စဉ်နေထိုင်မှုဘဝများ အပြောင်းအလဲရှိပြီး ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများအတွင်း အကြပ်အတည်းဖြစ်ပေါ်နေသည့် ယခုအချိန်တွင် ဝိသမစီးပွားရေးသမားများသည် တရားမဝင်သစ်ထုတ်လုပ်ခြင်းဖြင့် အကျိုးအမြတ်ရှိရှိငွေရနိုင်သည့် ထွက်ပေါက်သတ်မှတ်ပြီး COVID-19 ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရမည့်ကာလ သက်ဆိုင်ရာမှထုတ်ပြန်သည့် ညမထွက်ရအမိန့်၊ အသွားအလာကန့်သတ်မှုများကို အခွင့်အလမ်းသဖွယ်သဘောထား၍ ရောဂါကူးစက်မည်ကို ဥပေက္ခာပြုကာ ခိုးနေမြဲ ခိုးနေဆဲဖြစ်၍ တာဝန်ရှိသူများမှလည်း ဖမ်းဆီးအရေးယူနေရဆဲဖြစ်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာန များ၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှု (ပြည်ထောင်စုစာရင်းချုပ်)**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| ၁။ | ကျွန်း၊ သစ်မာ၊ အခြား (လုံး/ခွဲသား) | တန် | ၄၈,၁၈၂ | ၃၆၅၄၂ |
| ၂။ | မီးသွေး | တန် | ၅,၉၃၈ | ၆၅၆၂ |
| ၃။ | ယာဉ်/ယန္တရား | စီး | ၂,၉၆၇ | ၂၆၁၉ |
| ၄။ | သစ်စက်/အင်ဂျင် | လုံး | ၆၁၇ | ၆၆၆ |

ရင်း/မြစ်။ ၁၀/၂၀၁၉ လနှင့် ၁၁/၂၀၂၀ လ သစ်တောကြေးမုံ

ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများ၏ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းဖမ်းဆီးရမိမှု (ပြည်ထောင်စုစာရင်းချုပ်) ဘဏ္ဍာနှစ်(၂)နှစ် နှိုင်းယှဉ်ချက်အရ COVID-19 ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးလိုက်နာဆောင်ရွက်ရမည့်ကာလပါဝင်သည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် တရားမဝင်သစ်ထုတ်လုပ်မှုများ အရှိန်လျော့ကျခြင်းမရှိ၍ သက်ဆိုင်ရာ၏ ဖမ်းဆီးရရှိသည့်တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းဖမ်းဆီးရမိမှုပမာဏသည် အလွန်အမင်းလျော့ကျမှုမရှိသည်ကိုတွေ့ရှိရသည်။ သစ်တောသယံဇာတများအား လောဘသား သစ်သူခိုးတို့သည် ခိုးမြဲ ခိုးဆဲ ခိုးနေဆဲပါ။ မည်သည့်တရားမဝင်သစ်ခိုးမှု၊ တရားမဝင်သစ်ထုတ်လုပ်မှုဖြစ်ပါစေ တာဝန်ရှိ

သစ်တောဝန်ထမ်းများသည် မိုးရာသီဖြစ်စေ၊ ပွင့်လင်းရာသီဖြစ်စေ၊ နေ့အချိန်ဖြစ်စေ၊ ညအချိန်ဖြစ်စေ၊ ရာသီအချိန်မရွေး တောတွင်းမြစ်ချောင်းလမ်းကြောင်း စသည့် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်း ထုတ်ယူစုပုံသယ်ယူအသုံးပြုရာ နေရာမရွေးနည်းလမ်းပေါင်းစုံဖြင့် စုံစမ်းရှာဖွေ ဖေါ်ထုတ်ဖမ်းဆီး အရေးယူခြင်းတို့ကို ဆောင်ရွက်နေမည်သာဖြစ်ပါသည်။

ကမ္ဘာကပ်ရောဂါ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု အမြန်ဆုံးလျှော့ချနိုင်ရန် အထိရောက်ဆုံး နည်းလမ်းမှာ မိမိအိမ်တွင်သာနေထိုင်ခြင်းဖြစ်သည်။ COVID-19 ရောဂါကို မိမိကစ၍ကာကွယ်ရမည် စသည့်ကျန်းမာရေးအသိပေးချက်ဆိုင်ရာတို့ကို မလိုက်နာခြင်းသည် ရောဂါပျံ့နှံ့ကူးစက်မှုဖြစ်စေသကဲ့သို့ နိုင်ငံတော်ပိုင်သစ်တောသစ်ပင်များအား ခုတ်လှဲခိုးယူခြင်းသည် အဒိန္နာဒါနကံထိုက်ပါသဖြင့် တရားမဝင်သစ်ထုတ်လုပ်မှု ကျူးလွန်သူများသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြင့် သံသရာဝဋ်ကြွေးမှ လွတ်ကင်းနိုင်မည်မဟုတ်ပါ။ တရားမဝင် သစ်ထုတ်လုပ်သူများအနေဖြင့် ဝိသမလောဘဖြင့် မဆင်မခြင်သစ်ခိုးမှုများပြုလုပ်နေပါက မိမိ၏ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်သည်ကို သတိမူသင့်ပါသည်၊ နေ့စဉ်ဘဝများ၌ ဗုဒ္ဓတရားတော်နှင့်အညီ ငါးပါးသီလစောင့်ထိန်းရေး၊ သူတော်ကောင်းတရား(၇)ပါး၊ ဗြဟ္မာစိုရ်တရား(၄)ပါး၊ လောကပါလတရား(၂)ပါး ပြည့်စုံရေးကျင့်ကြံပြုမူနေထိုင်ရန် ရှေးလူကြီးများဆိုစကား အသက်ရယ်တဲ့ ရှည်စေလို မန်းတောင် ရိပ်ခိုသတိပေးမှာကြားချက်အား ပိုမိုဂရုပြုလိုက်နာရန် လိုအပ်ပါသည်။ ဓမ္မပဒတွင် အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ၊ အနာရောဂါမရှိသည်၏ အဖြစ်သည် လွန်မြတ်စွာသော လာဘ်ကြီးတစ်ပါးဖြစ်၏။ ရသမျှဖြင့် ရောင့်ရဲသော အဖြစ်သည် မွန်မြတ်လှစွာသော ဥစ္စာဖြစ်၏ဟု ပြဆိုထားပါသည်။

**အားလုံး COVID-19 ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးကြပါစေ –**

စာမျက်နှာ(၁၂)မှ အဆက်




windows ၏ System folder သည် ဒေတာသိမ်းဆည်း၍ မရနိုင်ပါ။



သိမ်းဆည်းမှုအောင်မြင်လျှင် file manager ထဲတွင် data ကိုတွေ့ရမည်ဖြစ်သည်။



(၄) merge လုပ်ထားသော DEM ကို Exporter window ထဲတွင်ရွေးပါ။





ယခုအခါသင်သည် 3D model ကိုအောင်မြင်စွာ process လုပ်နိုင်ပြီဖြစ်သည်။

# WHAT IS PEFC ?

PEFC/01-00-01

မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၊ အတွင်းရေးမှူးရုံးအဖွဲ့
(ဦးအေးပြည့်အောင်၊Communication Business Officer
၊MFCC-PEFC စီမံကိန်းနှင့် ဒေါ်ရတီစိုး၊ တောအုပ်ကြီး၊
သစ်တောဦးစီးဌာန)

The Programme for the Endorsement of Forest Certification (PEFC) အဖွဲ့အစည်းသည် နိုင်ငံအသီးသီးရှိ သစ်တောထောက်ခံချက်ပြုရေးစနစ်များကို ဦးဆောင်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့ တစ်ခုဖြစ်သည်။

အကျိုးအမြတ်မယူသော၊ အစိုးရအဖွဲ့မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအနေဖြင့် PEFC သည် ရေရှည်တည်တံ့သောသစ်တောစီမံအုပ်ချုပ်မှုမြှင့်တင်ရေး လုပ်ငန်းများကိုဦးတည်ချက်ထား၍ လွတ်လပ်သော တတိယအဖွဲ့အစည်းမှ အသိအမှတ်ပြုခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

PEFC ကို ၁၉၉၉ ခုနှစ်၊ ဇွန်လတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုစဉ်ကာလတွင် Pan European Forest Certification (PEFC) Council ဟုခေါ်တွင်ခဲ့ပါသည်။ ဥရောပအတွင်းမှ အသေးစားနှင့်မိသားစု အစုအဖွဲ့သစ်တောပိုင်ရှင်များမှ သစ်တောဆိုင်ရာအသိအမှတ်ပြုရေးစနစ်များကိုဖန်တီးရန် အတူတကွ စုပေါင်းခဲ့ပြီး ၎င်းတို့၏ ကောင်းမွန်သောသစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ပြသနိုင်ခဲ့ပါသည်။




နှစ်ပေါင်း (၂၀) အကြာ လက်ရှိအချိန်တွင် PEFC သည် အင်အားကြီးမားသည့် သစ်တောအသိအမှတ်ပြုစနစ်များ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိပါသည်။

မဟာမိတ် အဖွဲ့အစည်းတစ်ခုအနေဖြင့်လည်း PEFCသည် အကျိုးဆက်စပ်ပတ်သက်သူများ ပါဝင်သည့် လုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်းဆိုင်ရာ ဦးစားပေးချက်များ၊ အခြေအနေများအား အလေးထားအားပေး၍ ဖော်ဆောင်ထားသော အမျိုးသား သစ်တောထောက်ခံချက်ပြုရေးစနစ်များအား အသိအမှတ်ပြုပေးလျက်ရှိပါသည်။

PEFC ရုံးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်အခြေစိုက်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် အဖွဲ့ဝင် (၈၀)ကျော်ရှိပါသည်။ ထိုအဖွဲ့ဝင်များတွင် နိုင်ငံအဆင့်ထောက်ခံချက်ပြုရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂများ၊ စီးပွားရေး၊ ကုန်သွယ်ရေးအသင်းအဖွဲ့များ၊ သစ်တောပိုင်ရှင်များအဖွဲ့နှင့်ကတိကဝတ်ပြုထားသည့် တစ်ဦးခြင်းပုဂ္ဂိုလ်များပါရှိပါသည်။




လက်ရှိတွင် နိုင်ငံအသီးသီးမှ လွတ်လပ်သော အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၅၃) ဦးဖြင့် ပါဝင်ဖွဲ့စည်းထားရှိပြီး ၎င်းတို့သည် သက်ဆိုင်ရာနိုင်ငံအတွင်း PEFC ၏ စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီအား PEFC International ၏ (၅၁) နိုင်ငံမြောက် National Governing Body(NGB) အဖွဲ့ဝင်အဖြစ် ၃၀-၅-၂၀၁၉ ရက်နေ့တွင် အသိအမှတ်ပြုခဲ့ပါသည်။

## PEFC ၏ သစ်တောထောက်ခံချက်ပြုခြင်း (PEFC Forest Certification)

PEFC ၏သစ်တောထောက်ခံချက်ပြုခြင်းသည် ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာထောက်ခံချက်ပြုခြင်းနှင့် သစ်ပိုင်ဆိုင်မှုကွင်းဆက်ဆိုင်ရာထောက်ခံချက်ပြုခြင်းဟူ၍ ချိတ်ဆက်နေသော ထောက်ခံချက်ပြုခြင်း(၂)မျိုးရှိပြီး မိမိဆန္ဒအလျောက် ဈေးကွက်ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။



Figure 1 Global Presence of PEFC; Source: PEFC Global Statistics June 2020

PEFC ၏ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ထောက်ခံချက်ရရှိခြင်းသည် သစ်တောပိုင်ရှင်များအနေဖြင့် ၎င်းတို့၏သစ်တောများကို ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်ဆိုင်ရာ စိန်ခေါ်မှုများကို ကောင်းမွန်စွာစီမံအုပ်ချုပ်ထားခြင်းဖြင့် လူသားများ၊ ကမ္ဘာမြေနှင့် အကျိုးအမြတ်တို့ကို သေချာမှု ရှိစေပါသည်။

PEFC ၏ သစ်ပိုင်ဆိုင်မှုကွင်းဆက်ဆိုင်ရာ ထောက်ခံချက်ပြုခြင်းသည် ထောက်ခံချက်ရရှိထားသော သစ်တောထွက်ပစ္စည်းတစ်ခုအနေဖြင့် ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်ထားသောသစ်တောများမှ ထွက်ရှိကြောင်းကို လွတ်လပ်စွာအကဲဖြတ်ဆန်းစစ်နိုင်သောစနစ်တစ်ခုဖြစ်သည်။

ယင်းစနစ်သည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာလိုအပ်ချက်များအရ မျှတစွာစီမံ အုပ်ချုပ်ထားသောသစ်တောများဖြစ်ကြောင်း သေချာစေပြီး PEFC ၏ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာထောက်ခံချက်ပြုခြင်းစနစ်ကို ပို၍ပြည့်စုံစေပါသည်။

ထို့အပြင် PEFCအမှတ်တံဆိပ် (PEFC label) သည် တာဝန်ယူမှုရှိသောလုပ်ငန်းစဉ်များကို သာမက ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု အတွက်စဉ်ဆက်မပြတ်တိုးတက်မှု၊ အသင်းအဖွဲ့နှင့်လူမှုရေးဆိုင်ရာ တာဝန်သိတတ်မှုတို့အပေါ် အစဉ်တစိုက် အလေးထားဆောင်ရွက်နေမှုများကို ဖော်ပြနေပါသည်။

## What is FSC?

Forest Stewardship Council (FSC) ကို နိုင်ငံတကာတွင် အကျိုးအမြတ်မယူသော၊ သက်ဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများပါဝင်သောအဖွဲ့အစည်းအဖြစ် ၁၉၉၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သစ်တောများအား တာဝန်ယူမှုရှိသောစီမံအုပ်ချုပ်ခြင်းကို မြှင့်တင်ရန် ရည်ရွယ်ချက်ထားရှိသည်။

FSC သည် ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုများတွင် ၂၅ နှစ်တိုင် ပါဝင် ဆောင်ရွက်ထားသော အတွေ့အကြုံကောင်းများရှိပြီးဖြစ်သည်။

FSC သည် တာဝန်ယူမှုရှိသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုကို မြှင့်တင်ရာတွင် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတို့မှ ကျွမ်းကျင်သူများပါဝင်သော ၎င်းတို့၏အစုအဖွဲ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေပါသည်။

အဖွဲ့အစည်းတစ်ခုလုံး၏ စီမံအုပ်ချုပ်မှုကို တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သစ်ကုန်သွယ်ရေး၊ ဒေသခံပြည်သူအစုအဖွဲ့များနှင့် သစ်တောထောက်ခံချက်ပြုရေးအဖွဲ့အစည်းများ စသည့်မတူညီသောအဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဝင်များမှ ဦးစီးဆောင်ရွက်ပါသည်။

အဖွဲ့ဝင်များအနေဖြင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးစသည့်ကဏ္ဍကြီး(၃)ခုမှ ဝင်ရောက် အရွေးချယ်ခံနိုင်ပြီး အဆိုပါကဏ္ဍအသီးသီးကို မြောက်ပိုင်းနှင့်တောင်ပိုင်းဟူ၍ ကဏ္ဍခွဲများထပ်မံခွဲခြားထားပါသည်။

အဖွဲ့ဝင်များကို မဲပေးရွေးချယ်ရာတွင် မြောက်ပိုင်းနှင့် တောင်ပိုင်းအတွက် ၅၀% စီ အသီးသီးခွဲခြားသတ်မှတ်၍ရွေးချယ်ရန် အခွင့်အရေးရှိပြီး အဆိုပါစနစ်သည် အဖွဲ့ဝင်အရေအတွက်ကို ကန့်သတ်ရန် မလိုအပ်ဘဲ မတူညီသော အကျိုးဆက်စပ်ပတ်သက်သည့်အုပ်စုများ အကြားလွှမ်းမိုးမှုကို ညီမျှစွာဖလှယ်နိုင်ခွင့်ရရှိရန် ရည်ရွယ်၍ စီမံထားရှိခြင်းဖြစ်သည်။



Figure 2 Global FSC Certified Forest Area, Source: FSC Facts & Figures Dec 4 2019



Figure 3 Global FSC Chain of Custody Certificates, Source: FSC Facts & Figures Dec 4 2019

## FSC ၏ သစ်တောထောက်ခံချက်ပြုခြင်း

FSC အနေဖြင့် ယင်း၏ ကမ္ဘာလုံးဆိုင်ရာ သစ်တောထောက်ခံချက်ပြုရေးစနစ်ကို အောက်ပါအတိုင်း အပိုင်း(၂)ခုခွဲခြား၍ ဆောင်ရွက်လျက်ရှိသည်–

- သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ထောက်ခံချက်ပြုခြင်း
- သစ်ပိုင်ဆိုင်မှုကွင်းဆက်ဆိုင်ရာ ထောက်ခံချက်ပြုခြင်း

FSC သည် နိုင်ငံတကာအတိုင်းအတာဖြင့် ယင်း၏ တာဝန်ယူမှုရှိသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာစံနှင့်အညွှန်းများကို ရေးဆွဲထားပြီးဖြစ်သည်။

၎င်းတွင် သစ်တောစီမံအုပ်ချုပ်မှုတစ်ခုအား နိုင်ငံတကာအဆင့်၊ နိုင်ငံအတွင်းအဆင့် သဘောတူထားသည့်




Figure 4 FSC Facts & Figures; Source: FSC Website

တာဝန်ယူမှုရှိသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိကို လွတ်လပ်သော တတိယအဖွဲ့အစည်းတစ်ခုမှ အကဲဖြတ်ဆန်းစစ်ခြင်းလည်း ပါဝင်ပါသည်။

သစ်ကဲ့သို့သော သစ်တောထွက်ပစ္စည်းများသည် FSC အမှတ်တံဆိပ်ကိုအသုံးပြုနိုင်ပြီး ထိုသို့အသုံးပြုနိုင်ခြင်းဖြင့် ၎င်းတို့သည်ကောင်းမွန်စွာ စီမံအုပ်ချုပ်ထားသော သစ်တောမှထွက်ရှိသောသစ်များအဖြစ် အာမခံချက်ရရှိခြင်းဖြစ်သောကြောင့် သစ်ဝယ်ယူအသုံးပြုသူများအတွက်လည်း သစ်တောထောက်ခံချက်ပြုခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ရရှိစေနိုင်မည်ဖြစ်သည်။

FSC၏ သစ်ပိုင်ဆိုင်မှုကွင်းဆက်ဆိုင်ရာ ထောက်ခံချက်ပြုခြင်းသည် FSC အမှတ်တံဆိပ်ထုတ်ကုန်များအား သစ်ထုတ်လုပ်ခြင်းအဆင့်မှ ခွဲစိတ်သည့်အဆင့်အထိ အဆင့်ဆင့်စစ်ဆေးမှုများကို သေချာစွာပြုလုပ်ထားပြီးဖြစ်ခြင်းကြောင့်ဝယ်ယူသူများအနေဖြင့် FSC အမှတ်တံဆိပ်ပါကုန်ပစ္စည်းများကိုဝယ်ယူခြင်းဖြင့် အဆိုပါကုန်ပစ္စည်းများသည် FSC မှ အသိအမှတ်ပြုထောက်ခံချက်ရရှိထားသည့် စိတ်ချယုံကြည်မှုကိုရရှိစေနိုင်မည်ဖြစ်သည်။

FSCသည် ၎င်း၏ FSC အမှတ်တံဆိပ်ပါ ထုတ်ကုန်များကိုမြှင့်တင်ရန်အတွက် ၎င်းတို့၏ အသိအမှတ်ပြုထောက်ခံချက်မရရှိသေးသော လက်လီရောင်းချသူများနှင့် အခြားသုံးစွဲသူများအား လိုင်စင်ချပေးမှုများဆောင်ရွက်ထားရှိပါသည်။

## PEFC နှင့် FSC တို့၏ ခြားနားချက်

အဖွဲ့အစည်းနှစ်ခုသည် အကျိုးအမြတ်မယူသော၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ ဖြစ်သောကြောင့် သစ်တောများရေရှည်အုပ်ချုပ်လုပ်ကိုင်မှုနှင့် ဆက်စပ်သော လုပ်ငန်းများတွင် တူညီသောဦးတည်ချက်များရှိသော်လည်း ခြားနားမှုအချို့လည်း ရှိပေသည်။ ၎င်းတို့မှာ–

FSC သည် တရားမဝင်သစ်များကို ရောင်းဝယ်ဖောက်ကားမှုကိုတိုက်ဖျက်နိုင်ရန် ဖွဲ့စည်းထားသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပါမှုများကို ပို၍ဦးတည်ချက်ထားရှိသည်။

PEFC သည် FSC ၏အခြေခံမူတစ်ခုဖြစ်သော ရေရှည်တည်တံ့စေသောသစ်တောများအတွက် သစ်ထောက်ခံချက်ပြုခြင်းကို အားပေးအကောင်အထည်ဖော်ဆောင်ရွက်သောအဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း အသေးစားသစ်တောမြေပိုင်ရှင်များအတွက် ပို၍ဦးစားပေးပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ၎င်းတို့ကြားအဓိကကွာခြားချက်တစ်ခုမှာသစ်တောထောက်ခံချက်ပြုခြင်းလုပ်ငန်းစဉ်ပင်ဖြစ်သည်။

PEFC အနေဖြင့် နိုင်ငံပေါင်း (၅၀) တွင် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လွတ်လပ်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်များဖြင့် အကဲဖြတ်ဆန်းစစ်ခြင်းကိုအောက်ခြေအဆင့်မှအထက်သို့ အဆင့်ဆင့်ဖြည့်ဆည်းဆောင်ရွက်စေပါသည်။

အခြားတစ်ဖက်တွင် FSC သည် ၎င်းတို့၏ နိုင်ငံတကာစံချိန်စံညွှန်းများကို ရေးဆွဲထားပြီး နိုင်ငံအသီးသီးအား အဆိုပါစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေပါသည်။ စံနှုန်းများနှင့်အညီ လိုက်နာမှု ရှိ/မရှိ သေချာစေရန်အတွက် FSC သည် လွတ်လပ်စွာစောင့်ကြည့် လေ့လာသည့်အဖွဲ့တစ်ခုအဖြစ်ဆောင်ရွက်ပြီး အထက်မှ အောက်ခြေအဆင့်အထိလိုက်ပါ၍ ဆောင်ရွက်စေသောစနစ်ကိုအသုံးပြုပါသည်။

သို့သော်လည်း အဖွဲ့အစည်း(၂)ရပ်လုံး၏ ထောက်ခံချက်ပြုလက်မှတ်များသည် သစ်တောထွက်ပစ္စည်းများ၏တန်ဖိုးကို ပို၍မြင့်မားစေပြီး ရေရှည်တည်တံ့စေသော အရင်းအမြစ်များမှ ထုတ်လုပ်ခြင်းနှင့်အတူ တရားမဝင်သစ်များပါဝင်မှုမရှိသည်ကို ပို၍ထင်ဟပ်စွာ ပြသလျက်ရှိပေသည်။

## Bibliography

Chorlton, N. (2016, May 6). *Linkedin.* Retrieved from 5 Difference between FSC and PEFC: https://www.linkedin.com/pulse/5-differences-between-fsc-pefc-natasha-stevenson

Forest Stewardship Council. (n.d.). *Forest Stewardship Council*. Retrieved from https://fsc.org/en

Forest Stewardship Council. (n.d.). *FSC UK.* Retrieved from FSC Forest Management: https://www.fsc-uk.org/preview.forest-management-factsheet.a-197.pdf

Forest Stewardship Council. (n.d.). *FSC UK.* Retrieved from FSC Chain of Custody Certification: https://www.fsc-uk.org/preview.fsc-chain-of-custody-certification-factsheet.a-196.pdf

Programme for the Endorsement of Forest Certification. (n.d.). *PEFC*. Retrieved from https://www.pefc.org/discover-pefc/what-is-pefc

Programme for the Endorsement of Forest Certification. (n.d.). *PEFC*. Retrieved from https://www.pefc.org/what-we-do

Wikipedia. (n.d.). *Wikipedia*. Retrieved from Forest Stewardship Council: https://en.wikipedia.org/wiki/Forest_Stewardship_Council#Structure_and_governance

# ရှိုက်သံ



ATM

ခပ်ညှံ့ညှံ့ မြေဆီလွှာနှင့်
ပါးလှပ်လှပ် မိုးတစ်ပေါက်အစမှာ
ကျင့်သားရနေတဲ့
ငါ --------မြေကျခွင့်ရခဲ့တယ်။

➢ စပ်မြေအစာ အာဟာရနှင့်
မဖြစ်ညစ်ကျယ် အစိုဓာတ်ကိုမှီရင်း
ကျင့်သားရနေတဲ့
ငါ ------ အမြစ်တွယ်ခွင့်ရခဲ့တယ်။

➢ အနောက်တောင်ထောင့်က မုန်တိုင်းတွေနဲ့
ခပ်ပြင်းပြင်း လေရိုင်းတွေ အောက်မှာ
ရွာမယောင် ဆင်တက်တဲ့မိုးရိပ်
ပြုမယောင် ဖန်ဆင်းတဲ့မိုးတိမ်
ခွင့်တောင်းစရာ မလိုအောင်
နင် ------- ငါ့ကို နမ်းရှိုက်လိုက်စမ်းပါ။

➢ ညို့တတ်တဲ့ ပင်လယ်နဲ့
ဆွဲငင်သောလမင်းကြောင့်
လပြည့်၊ လကွယ် ရက်စွဲတစ်ချို့မှာ
ငါဟာ ------N, P, K ကို စားသုံးခွင့်ရခဲ့တယ်။

➢ ပေါင်းသင်ခါးဆွနဲ့
ငါ့ဘဝကို မြေတောင်မြှောက်
စိမ်းလန်းခြင်းနဲ့အလှဆင်
လောကတာဝန် ကျေပွန်ချင်ပေမဲ့
တစ်ခုတော့ စိုးရိမ်မိတယ်ကွယ်။

➢ ဆောင်းအကုန်နွေအကူး
တောင်လေရူးချိန်တွေမှာ
ငါ့အရိပ်ခို၊ အကိုင်းချိုး၊
အတက်အလက်တွေခုတ်ပြီး
အစာအဖြစ် အကျွေးခံရတဲ့ဒဏ်
အမဲလိုက်လို့ မီးရှို့မယ့်ဒဏ်
ငါ ------ခါးသီးစွာ ခံရတော့မယ်။

➢ မဖြစ်ညစ်ကျယ် ရှင်သန်ရတဲ့
ဒီဘဝမှာ
ကမ္ဘာမြေစိမ်းလန်းစေဖို့
ရာသီဥတု မျှတစေဖို့
အပူဒဏ် လျော့ကျစေဖို့
မီးခိုးမြူငွေ့ နည်းပါးစေဖို့
-တောမီး- အန္တရာယ်
ထိထိရောက်ရောက်
ကာကွယ်နိုင်ဖို့
ငါ ------------တောင်းဆိုပါရစေ။

.... သင့်ကြောင့်တောမီးမလောင်ပါစေနှင့် ....

## မြတ်ဆုမွန်

ရန်ကုန်တက္ကသိုလ်
မြကျွန်းညီမှာ
အိုမင်းနစ်တစ်ရာ
ပြည့်ခဲ့ပါလည်း
ဇရာမထောင်း
ရွယ်မညောင်းပါ
သိန်းသောင်းကုဋေ
များဝေနေသို့
ပေးဝေပညာ
မြတ်မေတ္တာကြောင့်
ကမ္ဘာရှည်သရွေ့ တည်စေမင်း။။

သီရိတင်(သစ်တော)



# IPBES က ဇီဝမျိုးစုံမျိုးကွဲနှင့် ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာထုတ်ပြန်ခြင်း

ဘာသာပြန်ဆိုသူ -မေဇင်မြင့် (တောအုပ်ကြီး)

Intergovernmental Platform on Biodiversity and Ecosystem Services (IPBES) သည် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင်အဆင့် လျော့ကျခြင်းတို့နှင့် ကမ္ဘာ့ကပ်ရောဂါအသစ်များဖြစ်ပွားမှုမြင့်တက်လာခြင်း၏အန္တရာယ်တို့ကြား ဆက်နွယ်မှုကို တင်ပြထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ IPBES ၏ landmark 2019 global assessment နှင့် တကွတင်ပြထားသည့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အကြောင်းရင်းများထဲတွင် ဂေဟစနစ်များနှင့်မျိုးစိတ်များအား ရေရှည်တည်တံ့မှုမရှိသောနည်းလမ်းဖြင့်ထုတ်ယူခြင်း၊ ယင်းတို့၏ နေထိုင်ကျက်စားရာနေရာများအား စိုက်ပျိုးမြေသို့မဟုတ် စက်မှုလုပ်ငန်းချဲ့ထွင်ရန်အတွက် ပြောင်းလဲအသုံးချခြင်းတို့ ပါဝင်ပါသည်။ ဤအစီရင်ခံစာက အနာဂတ်တွင် COVID-19 ကဲ့သို့ ကပ်ရောဂါများ မဖြစ်ပွားအောင်တားဆီးရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၏ အကြောင်းတရားများနောက်ကွယ်မှ လူသားတို့၏အပြုအမူများအား ပြောင်းလဲမှုအရွေ့ဖြစ်အောင် ဆောင်ရွက်ကြရန် တောင်းဆိုထားပါသည်။

အစီရင်ခံစာရေးသားသူများက သဘာဝဖွဲ့စည်းပုံများနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး၊ ကမ္ဘာ့ကပ်ရောဂါကိုဦးတည်သွားခဲ့သော စားသုံးမှုပုံစံအမျိုးအစားများ၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးချဲ့ထွင်ခြင်းနှင့် ကုန်သွယ်မှုပုံစံများတွင်အပြောင်းအလဲပြုလုပ်ခြင်းကို အလေးထားဆောင်ရွက်ကြရန် တောင်းဆိုထားကြပါသည်။

ရောဂါဖြစ်ပွားရာနေရာများမှစတင်သည့် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှုကြောင့် ဖြစ်ပွားလာနိုင်သောသန့်ရှင်းမှုဆိုင်ရာအန္တရာယ်များကို အရှိန်မြှင့်၍ စောင့်ကြပ်ကြည့်ရှုရန်နှင့် စေ့စေ့စပ်စပ်စစ်ဆေးရန်၊ သဘာဝဖွဲ့စည်းပုံများကို အဆင့်အတန်းလျော့ကျစေသည့် တရားမဝင်တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုနှင့် ရာဇဝတ်မှုများ အပေါ်တုံ့ပြန်သည့် ကြိုးပမ်းမှုများအား တိုးမြှင့်ရန်နှင့် ကမ္ဘာ့ကပ်ရောဂါများကို ရင်ဆိုင်ဖြေရှင်းရေးတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအစုအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကိုတန်ဖိုးထားကြရန်လည်း အစီရင်ခံစာက တိုက်တွန်းထားပါသည်။

ကမ္ဘာ့ကပ်ရောဂါများတားဆီးရေးကို ပိုမိုအလေးထားအာရုံစိုက်ခြင်းသည် သဘာဝထိန်းသိမ်းရေးကို အားပေးထောက်ပံ့ရုံသာမက စီးပွားရေးဆိုင်ရာအသိအမြင်ကိုလည်း ဖြစ်ပေါ်စေကြောင်း၊ ကမ္ဘာ့ကပ်ရောဂါတားဆီးရေး ဆောင်ရွက်ချက်များအတွက်ကုန်ကျစရိတ်သည် ရောဂါဖြစ်ပွားချိန်တွင် တုံ့ပြန်ဆောင်ရွက်သည့် ကုန်ကျစရိတ်ထက် အဆ ၁၀၀ ပိုလျော့နည်းကြောင်း အစီရင်ခံစာက ဆိုပါသည်။ အန္တိမအနေဖြင့် လက်ရှိအချိန်တွင် ခန့်မှန်းခြေအားဖြင့် အမည်မသိဗိုင်းရပ်စ်မျိုးပေါင်း ၁.၇ သန်းခန့်သည် သဘာဝနယ်မြေများတွင် အတားအဆီးမရှိ လှည့်ပတ်သွားလာနေနိုင်ကြောင်း၊ ယင်းတို့ထဲမှတချို့သည် COVID-19 ရောဂါထက် ပိုလျင်မြန်စွာ လူသားများသို့ကူးစက်နိုင်ကာ လတ်တလောဖြစ်ပွားနေသည့် ကပ်ရောဂါထက် ပိုဆိုးသော ဆုံးရှုံးထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ဤအစီရင်ခံစာက သတိပေးထားပါသည်။

COVID-19 ရောဂါနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်အစောပိုင်းတွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ ပေါ်ထွက်လာသော IPBES အစီရင်ခံစာအား ကမ္ဘာတစ်ဝှမ်းမှ ကျွမ်းကျင်သူ ၂၂ ဦးက ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤအစီရင်ခံစာ ထွက်ပေါ်လာရေးနှင့်ပတ်သက်၍ CITES အဖွဲ့ကလည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် CITES နှင့်ပတ်သက်သည့် ကိစ္စရပ်များကို အထူးအလေးထား၍ မိမိတို့၏ သက်ဆိုင်ရာ IPBES focal point များနှင့် ဆက်သွယ်ဆောင်ရွက်ရန် တိုက်တွန်းထားသဖြင့် အစီရင်ခံစာတွင် CITES အဖွဲ့ဝင်နိုင်ငံများလည်း ပါဝင်ခဲ့ကြပါသည်။ (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် CITES ၏ အင်တာနက်သတင်းစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည့် IPBES publishes workshop report on biodiversity and pandemics သတင်းအား ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ မူလ သတင်းဆောင်းပါးအား ဖတ်ရှုလိုပါက https://www.cites.org/eng/IPBES pandemics biodiversity 29102020 တွင်ရှာဖွေဖတ်ရှုနိုင်ပါသည်။ IPBES workshop report on biodiversity and pandemics အစီရင်ခံစာအပြည့်အစုံကို https://ipbes.net/sites/default/files/2020-11/20201028%20IPBES%20Pandemics%20Workshop%20Report%20Plain%20Text%20Final_0.pdf တွင်လည်းကောင်း၊ အစီရင်ခံစာအကျဉ်းချုပ်ကို https://ipbes.net/sites/default/files/2020-11/201104_IPBES _Workshop_ on_ Diversity_and_Pandemics_ Executive_ Summary_ Digital_Version.pdf တွင်လည်းကောင်း ရှာဖွေဖတ်ရှုနိုင်ပါသည်။)

## ဗြိတိသျှတော်ဝင်မင်းသား ဝီလီယံက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုအသစ် Earthshot Prize ချီးမြှင့်ရန်ကြေညာခြင်း

ဘာသာပြန်ဆိုသူ -မေဇင်မြင့် (တောအုပ်ကြီး)

ဗြိတိသျှတော်ဝင်မင်းသား ဝီလီယံသည် နောင်လာမည့် ၁၀ နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်များအတွက် ချီးမြှင့်မည့် ပေါင်သန်း ၅၀ တန်ဖိုးရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆု Earthshot Prize ကို စတင်တည်ထောင်လိုက်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ New York Times သတင်းအရ သိရပါသည်။

ပေါင်သန်း ၅၀(သို့မဟုတ်)ဒေါ်လာ ၆၅သန်း တန်ဖိုးရှိသည့် အဆိုပါဆုကို နောင် ၁၀နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြေရှင်းချက်များအတွက် ချီးမြှင့်ရန်တည်ထောင်ခြင်းဖြစ်ပြီး၊ ယင်းသည် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် လတ်တလောအဆိုးမြင်ဝါဒများအား အကောင်းမြင်ဝါဒအဖြစ် ပြောင်းလဲရေးအတွက်ကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း မင်းသားဝီလီယံကကြေညာခဲ့ပါသည်။ Earthshot Prize ၏ ရည်မှန်းချက်မှာ ရာသီဥတုဆိုင်ရာပြုပြင်ပြောင်းလဲရေး၊ လေထုသန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်အား ကာကွယ်ရေးနှင့်ပြန်လည်ထိန်းသိမ်းရေး၊ သမုဒ္ဒရာများပြန်လည်ကောင်းမွန်လာစေရေးနှင့် စွန့်ပစ်ပစ္စည်းကိုင်တွယ်ဆောင်ရွက်ရေးအစရှိသည့် ကိစ္စရပ်များကို တီထွင်ဆန်းသစ်သောအဖြေများဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် နောင်လာမည့်၁၀နှစ်အတွင်း စီမံကိန်း(၅၀)အား ဒေါ်လာတစ်သန်းကျော်စီ ချီးမြှင့်သွားရန်ဖြစ်ပါသည်။ အဆိုပါ ဆုသည် အမေရိကန်သမ္မတ John F. Kennedy က လကမ္ဘာသို့ ပထမဆုံး လူသားစေလွှတ်နိုင်ရေး ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Moonshot သုတေသနအစီအစဉ်၏ စေ့ဆော်မှုဖြင့် ယခု Earthshot Prize ကို စိတ်ကူးစိတ်သန်းရခဲ့ခြင်းဖြစ်ကြောင်း မင်းသားဝီလီယံက ပြောကြားခဲ့ပါသည်။ မင်းသားဝီလီယံသည် ၎င်းနှင့် ကြင်ယာတော် ကမ်း ဘရစ်ချ် မြို့စားကတော် ကက်သရင်းတို့ ပါဝင်ဆောင်ရွက်နေသည့် ကုသိုလ်ဖြစ်အစီအစဉ်များကို ပံ့ပိုးနေသော Royal Foundation မှတစ်ဆင့် ဤဆုကို စတင်ခဲ့ခြင်းဖြစ်ပြီး ဆုကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့တွင် Mr. Attenborough အပြင် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွင်းရေးမှူးချုပ် Christiana Figueres၊ သရုပ်ဆောင် Cate Blanchett၊ နာမည်ကျော်ဘရာဇီးဘောလုံးသမား Dani Alves နှင့် ကိုလံဘီယာအဆိုတော် Shakira တို့အပါအဝင် အခြားလူသိများကျော်ကြားသောပုဂ္ဂိုလ်များပါဝင်ပါသည်။

(သတင်းအပြည့်အစုံအား The New York Times သတင်းစာ၏ သတင်းစာမျက်နှာတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်နေ့၌ ဖော်ပြထားသည့် Prince William Announces New Prize Aimed at Repairing the Planet https://www.nytimes.com/2020/10/08/world/europe/prince-william-environment-earthshot-prize.html တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။)

## မြေပြင်သို့ ကျရောက်လာသည့် ဆောင်းခိုလင်းယုန်ငှက်အား ထိန်းသိမ်းစောင့်ရှောက်ထားခြင်း



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တွင် မြေပြင်သို့ ကျရောက်လာသည့် လင်းယုန်ငှက်တစ်ကောင်အား ဒေသခံတစ်ဦးမှ မြို့နယ်သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံသဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက လင်းယုန်ငှက်အား လာရောက်အပ်နှံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်၁၀၀၀ ဒါးသောင်းအား ပြန်လည်ပေးအပ်ခဲ့သည်။ သစ်တောဦးစီးဌာနဝန်ထမ်းများသည် လာရောက်အပ်နှံသည့် လင်းယုန်ငှက်အား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမင်းလွင်နှင့် ပြသ၍ ကျန်းမာရေးစစ်ဆေးခြင်းကို ဆောင်ရွက်ပေးပြီး လိုအပ်သည့်အစာရေစာ ကျွေးမွေးပြုစုထားကြောင်းနှင့် အင်အားပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းလမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေးလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ လင်းယုန်မျိုးစိတ်မှာ **Eastern Imperial Eagle (*Aquila heliacal*)** ဖြစ်ပါကြောင်း၊ ဥရောပအရှေ့တောင်ပိုင်းဒေသ၊ အနောက်အာရှနှင့် အလယ်အာရှဒေသများတွင် အဓိကသားပေါက်ပြီး၊ ရွှေ့ပြောင်းပျံသန်းငှက်မျိုးစိတ် **(Migratory Bird)** ဖြစ်ပြီး၊ ကမ္ဘာတစ်ဝှမ်းတွင် ကောင်ရေကျဆင်းလျက်ရှိကာ IUCN သတ်မှတ်ချက်အရ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် **(Vulnerable-VU)** ဖြစ်ပါကြောင်း၊ ဆောင်းရာသီတွင် အာဖရိကအရှေ့မြောက်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့အာရှနှင့် တောင်အာရှဒေသများသို့ ရွှေ့ပြောင်းပျံသန်း၍ ဆောင်းခိုလေ့ရှိပြီး၊ မြန်မာနိုင်ငံသို့ လာရောက်မှုနည်းပါးကာ တစ်ခါတစ်ရံမှသာတွေ့ရှိရသည့်မျိုးစိတ်တစ်မျိုးဖြစ်ပါကြောင်း၊ လင်းယုန်၊ ဟိမဝန္တာလင်းတစသည့် အရွယ်ကြီးသည့်ဆောင်းခိုငှက်များသည် အချိန်ကာလကြာမြင့်စွာ ပျံသန်းလာရာတွင် အစာပြတ်လပ်ခြင်း သို့မဟုတ် အတောင်ညောင်းခြင်းကြောင့် မြေပြင်သို့ ကျရောက်လေ့ရှိပြီး အစာရေစာကောင်းမွန်စွာ စားသောက်ပြီး အားအင်ပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းမည့် လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းလေ့ရှိပြီး၊ ၎င်းငှက်မျိုးများ မြေပြင်သို့ ကျရောက်လာရာတွင် ဒေသခံများက ဖမ်းယူခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ၎င်းဆောင်းခိုငှက်များကို အစာရေစာကျွေးမွေးစောင့်ရှောက်ပြီး အားအင်ပြည့်ဖြိုးသည့်အချိန်၌ မူလပျံသန်းမည့်လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေး လိုအပ်သည့်ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနတို့သို့ သတင်းပေးပို့သွားရန် အသိပေးနှိုးဆော်ပါသည်။

# ကုလသမဂ္ဂ ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာဆယ်စုနှစ်အတွင်း ဆောင်ရွက်ရန်တိုက်တွန်းထားသည့် လုပ်ငန်းစဉ်(၁၀)ရပ်

ဝန်းကျင်/သားငှက်ဌာန

ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်(UN Decade on Ecosystem Restoration)(၂၀၂၁-၂၀၃၀)အတွင်း မဟာဗျူဟာချမှတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်(၁၀)ရပ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (United Nations Environment Programme- UNEP)မှ သတင်းထုတ်ပြန်ချက်အား ကောက်နုတ်ဖော်ပြရာ-

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်မှုအဖြစ် ကုလသမဂ္ဂ ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆယ်စုနှစ်(၂၀၂၁-၂၀၃၀)သည် လူသား တို့ကို အထောက်အကူပြုသော ကမ္ဘာကြီးအဖြစ် ပြန်လည်ရှင်သန်လာစေရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊
- သိပ္ပံပညာရှင်များက ရာသီဥတုပြောင်းလဲမှုနှင့် သန်းပေါင်းများစွာသော မျိုးစိတ်များဆုံးရှုံးခြင်းမှ ကာကွယ်ရန် လာမည့်ဆယ်စုနှစ်သည် အရေးအကြီးဆုံးကာလများအဖြစ် သတ်မှတ်ကြောင်းနှင့် အနာဂတ်မျိုးဆက်များအတွက်ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင်ကုလသမဂ္ဂ ဆယ်စုနှစ်မဟာဗျူဟာများ၌ အောက်ဖော်ပြပါလုပ်ငန်းစဉ်(၁၀)ရပ်အား အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်(၁၀)ရပ်မှာ-

### ၁။ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများ မြှင့်တင်ခြင်း

ကုလသမဂ္ဂ ဆယ်စုနှစ်သည် ဟက်တာသန်းထောင်ချီသည့် ဂေဟစနစ်များပျက်စီးခြင်းကို ကာကွယ်နိုင်ရန် ရည်ရွယ်သော်လည်း ဂေဟစနစ်များသည် အမျိုးအစားစုံလင်သည့်အပြင် ခြိမ်းခြောက်မှုများစွာ ကြုံတွေ့နေရသောကြောင့် အဖွဲ့အစည်းတစ်ခုတည်းမှ ထိန်းကျောင်း၍ အကောင်အထည်ဖော်ရန် ခက်ခဲပါသည်။ တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့အစည်းအသီးသီးမှ မိမိတို့ဒေသတွင် လက်ရှိဆောင်ရွက်နေသည့် ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့် အခွင့်အလမ်းများတွင် ပူးပေါင်းပါဝင်စေနိုင်ရန် လှုံ့ဆော်အားပေးသင့်ပါသည်။

### ၂။ ပြန်လည်ထူထောင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း

ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးသည် ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်နေကြသော အဖွဲ့အစည်းများသည် ရန်ပုံငွေမလုံလောက်မှုများ ကြုံတွေ့နေရကြောင်း၊ ဂေဟစနစ်များ ပြန်လည်ထူထောင်ခြင်းမှ ရရှိသည့် အကျိုးအမြတ်များသည် ကုန်ကျစရိတ်များထက် ပိုမိုများပြားနိုင်သော်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှုများရှိမှသာအောင်မြင်နိုင်မည်ဖြစ်သောကြောင့် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာခေါင်းဆောင်များ၊ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် တစ်ဦးတစ်ယောက်ချင်းမှ ဝိုင်းဝန်းပံ့ပိုးကြရန်လိုအပ်မည်ဖြစ်ပါသည်။

### ၃။ မှန်ကန်သော အားပေးမှုများပြုလုပ်ခြင်း

ကျန်းမာသန်စွမ်းသော ဂေဟစနစ်များသည် ရေရှည်တွင် အထွက်နှုန်း ပိုမိုထုတ်လုပ်ပေးနိုင်ခြင်း၊ ဝင်ငွေပိုမိုရရှိစေခြင်းနှင့် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးနိုင်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်အား ဂရုစိုက်ကာကွယ်ခြင်းသည် ရေရှည်တည်တံ့မှုမရှိသော လုပ်ဆောင်မှုများကြောင့် ဆုံးရှုံးသွားသော ငွေကြေးအကျိုးအမြတ်များအား ပြန်လည်ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းကဲ့သို့သောကဏ္ဍများတွင် အန္တရာယ်ရှိသော လုပ်ဆောင်မှုများကို ဦးတည်စေသည့် ငွေကြေးထောက်ပံ့မှုများအား လျှော့ချခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အားပေးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

### ၄။ ခေါင်းဆောင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း

လွန်ခဲ့သည့်နှစ်များတွင် ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြပြီး သစ်ပင်သန်းထောင်ပေါင်းများစွာ စိုက်ပျိုးရေးအတွက် စည်းရုံးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ စိတ်ဝင်စားမှုများရရှိခဲ့ကြောင်း၊ Bonn challenge တွင် နိုင်ငံပေါင်း(၆၀)ကျော်က သစ်တောဧရိယာသန်း(၃၅၀)ဟက်တာအား ပြန်လည်ထူထောင်ရန် ကတိကဝတ်ပြုခဲ့ကြပြီး ဌာနေတိုင်းရင်းသားများကလည်း ၎င်းတို့ဒေသရှိ ဂေဟစနစ်များအား သားစဉ်မြေးဆက် ထိန်းသိမ်းကာကွယ်ခဲ့ကြကြောင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆယ်စုနှစ်အစီအစဉ်များတွင် ထိုသို့ ခေါင်းဆောင်မှုများနှင့် ပူးပေါင်းပါဝင်မှုများအား အသိအမှတ်ပြု အားပေးသင့်ပါသည်။

### ၅။ အလေ့အထများနှင့် အလေ့အကျင့်များ ပြုပြင်ပြောင်းလဲခြင်း

ကမ္ဘာလုံးဆိုင်ရာ စားသုံးမှု အလေ့အထများသည် သစ်တောပြုန်းတီးခြင်း၊ ငါးသယံဇာတများ လျော့နည်းလာခြင်းနှင့် စိုက်ပျိုးမြေများ အရည်အသွေး ကျဆင်းလာခြင်း

တို့ကိုဖြစ်ပေါ်စေခဲ့ကြောင်း၊ ကုလသမဂ္ဂဂေဟစနစ် ဆယ်စုနှစ်အစီအစဉ်များသည် ပြန်လည်ထူထောင်ရေးနှင့် လိုက်လျောညီထွေဖြစ်သည့် စားသုံးမှုပုံစံများသတ်မှတ်ခြင်း၊ အစားအသောက်ပုံစံများ ပြောင်းလဲခြင်း၊ ပြန်လည်ထူထောင်ရေးအား အထောက်အကူပြုသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ခြင်းတို့ကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားပေးသွားမည်ဖြစ်ပါသည်။

### ၆။ သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း

ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ဂေဟစနစ်တစ်ခုအတွက် သင့်တော်သော ထိန်းသိမ်းရေးလုပ်ငန်းများသည် အခြားဂေဟစနစ်တစ်ခုတွင်မူ ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သောကြောင့် ရိုးရှင်းလွယ်ကူသည့် လုပ်ငန်းမဟုတ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ဂေဟစနစ်များ၏ မူလအခြေအနေအား ပြန်လည်ရရှိရန် မှာမသေချာမှု၊ မရေရာမှုများစွာလည်းရှိနိုင်ပြီး အပူချိန်လွန်ကဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် အပင်များနှင့်သီးနှံပင်များသည် ခံနိုင်ရည်ရှိရန်ပို၍လိုအပ်လာကြောင်း၊ ဂေဟစနစ်များအား ပြန်လည်တည်ဆောက်နိုင်ရန် သိပ္ပံနည်းကျ သုတေသနများ ဆောင်ရွက်၍ အသင့်တော်ဆုံး နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။

### ၇။ စွမ်းဆောင်ရည်တည်ဆောက်ခြင်း

လက်ရှိအချိန်တွင် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထောင်ပေါင်းများစွာသော အစီအစဉ်များအား ဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်များ၏ မျှော်မှန်းချက်များ၊ ကတိကဝတ်များနှင့် ကျွမ်းကျင်မှုများသည် ကုလသမဂ္ဂ ဂေဟစနစ်ဆယ်စုနှစ် အစီအစဉ်များကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ ဂေဟစနစ်ဆယ်စုနှစ် အစီအစဉ်များသည် ဂေဟစနစ်ပျက်စီးမှုများကြောင့် ထိခိုက်မှုအများဆုံးဖြစ်နိုင်သည့် ဌာနေတိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်ပါဝင်နိုင်စေရန် ရည်ရွယ်ပါသည်။

### ၈။ အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုခြင်း

သဘာဝပတ်ဝန်းကျင် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများသည် အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွေ့အကောင်အထည်ဖော်သူများဖြင့်သာ ဆောင်ရွက်ပြီးစီးနိုင်မည် မဟုတ်ကြောင်း၊ ကမ္ဘာမြေပြန်လည်ရှင်သန်စေရေးသည် ယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သောကြောင့် ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ် မဟာဗျူဟာများတွင် အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ ဟောပြောသူများ၊ ထုတ်လုပ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူများအား ပူးပေါင်းပါဝင်စေရန် တိုက်တွန်းပါသည်။

### ၉။အနာဂတ်မျိုးဆက်သစ်အတွက် လမ်းခင်းပေးခြင်း

လူငယ်များနှင့် အနာဂတ်မျိုးဆက်များသည် ဂေဟစနစ်များ ပျက်စီးခြင်းကြောင့် အများဆုံးထိခိုက်ခံစားရသူများ ဖြစ်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှလည်း အကျိုးအမြတ် အများဆုံးရရှိမည့်သူများလည်းဖြစ်နိုင်ပါကြောင်း၊ ကုလသမဂ္ဂဂေဟစနစ် ဆယ်စုနှစ် မဟာဗျူဟာများသည် လူငယ်များ၏ အကျိုးစီးပွားနှင့် ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များအား ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများသည် ယနေ့လူငယ်များအား အနာဂတ်၏ ဂေဟစနစ်သံတမန်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်မည့်အပြင် ရေရှည်တည်တံ့သော အလုပ်အကိုင်များ ရရှိစေရန် လိုအပ်သည့် အရည်အချင်းများအား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

### ၁၀။ လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

ကုလသမဂ္ဂ ဂေဟစနစ်ဆယ်စုနှစ် မဟာဗျူဟာများသည် ကမ္ဘာတစ်ဝန်းမှ အတွေ့အကြုံများနှင့် သင်ခန်းစာများရယူ၍ ဂေဟစနစ်များ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် အမြန်စစ်တမ်းတွင် ပါဝင်ကြရန် တိုက်တွန်းပါသည်။

အဆိုပါလုပ်ငန်းစဉ်(၁၀)ရပ်၌ အဓိကအားဖြင့် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းပါဝင်စေရန် လှုံ့ဆော်အားပေးခြင်းနှင့် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ ပိုမိုဆောင်ရွက်ရန် တိုက်တွန်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းတို့အား ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းများသည် ကုလသမဂ္ဂ၏ ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆယ်စုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။



# နိုင်ငံတကာ Website များရှိ သစ်တောကဏ္ဍနှင့်သက်ဆိုင်သည့် သတင်းများ



SCIENTIFIC REPORTS
natureresearch

OPEN **Hkakabo Razi landscape as one of the last exemplar of large contiguous forests**

Marcela Suarez-Rubio, Grant Connette, Thein Aung, Myint Kyaw & Swen C. Renner

Deforestation and forest degradation around the world endanger the functioning of ecosystems, climate stability, and conservation of biodiversity. We assessed the spatial and temporal dynamics of forest cover in Myanmar's Hkakabo Razi Landscape (HRL) to determine its integrity based on forest change and fragmentation patterns from 1989 to 2016. Over 80% of the HRL was covered by natural areas, from which forest was the most prevalent (around 60%). Between 1989 and 2016, forest cover



**Figure 2.** Land-cover classification for the Hkakabo Razi Landscape, northern Myanmar, for 1989 and 2016. The maps were produced in ArcGIS v. 10.6.1 (https://desktop.arcgis.com).

၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်ဝေသည့် Nature ဂျာနယ်တွင် မြန်မာနိုင်ငံမြောက်ပိုင်း ခါကာဘိုရာဇီဒေသ၏ သစ်တောပြုန်းတီးမှုကို လေ့လာဆန်းစစ်ထားသည့် စာတမ်းပါဝင်ပါသည်။ အဆိုပါစာတမ်းသည် ၁၉၈၉ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ၂၇ နှစ်တာ ကာလအတွင်း ခါကာဘိုရာဇီဒေသတွင် သစ်တောပြုန်းတီးမှုကို လေ့လာထားခြင်းဖြစ်ပါသည်။ လေ့လာမှုအရ ခါကာဘိုရာဇီဒေသတွင် နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုနှုန်းသည် ၀.၂၂၅% ရှိပြီး ဒေသ၏ သစ်တောဖုံးလွှမ်းမှုသည် ၈၀% ရှိကြောင်း၊ သစ်တောပြုန်းတီးမှုအများစုသည် ပူတာအိုနှင့် နောင်မွန်းဒေသတွင် အများဆုံးတွေ့ရှိရကြောင်း၊ သစ်တောပြုန်းတီးမှုနှုန်းသည် မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါကြောင်း ဖော်ပြထားပါသည်။

https://www.nature.com/articles/s41598-020-70917-y.pdf



Brief Communication | Published: 24 August 2020

**Global forest restoration and the importance of prioritizing local communities**

J. T. Erbaugh, N. Pradhan, J. Adams, J. A. Oldekop, A. Agrawal, D. Brockington, R. Pritchard & A. Chhatre

*Nature Ecology & Evolution* (2020) | Cite this article

922 Accesses | 143 Altmetric | Metrics

**Abstract**

Forest restoration occupies centre stage in global conversations about carbon removal and biodiversity conservation, but recent research rarely acknowledges social dimensions or environmental justice implications related to its implementation. We find that 294.5 million people live on tropical forest restoration opportunity land in the Global South, including 12% of the total population in low-income countries. Forest landscape restoration that prioritizes local communities by affording them rights to manage and restore forests provides a promising option to align global agendas for climate mitigation, conservation, environmental justice and sustainable development.

**Fig. 1 | Forest restoration (FR) opportunity areas in the tropics.**

https://sci-hub.tw/10.1038/s41559-020-01282-2

Forest Landscape Restoration (FLR) လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ရန်လိုအပ်ချက်နှင့်ပတ်သက်၍ Nature ဂျာနယ်တွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ထည့်သွင်းဖော်ပြထားပါသည်။ လေ့လာမှုများအရ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ ၂၉၄.၅ သန်းခန့်သည့် FLR လုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိသော မြေနေရာများတွင် နေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ အသက်မွေးမှုအတွက် သစ်တောများအပေါ် မှီခိုနေရကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် မှ ၂၀၅၀ ပြည့်နှစ်အတွင်း အပူပိုင်းဒေသများတွင် FLR လုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိသည့် ဒေသများ၏ ၈ ကီလိုမီတာ အဝန်းအဝိုင်းအတွင်း နေထိုင်လျက်ရှိသည့် လူဦးရေသည် ၁ ဘီလီယံခန့် ရှိကြောင်း ဖော်ပြထားပါသည်။

# သိမှတ်စရာ အတိုကောက်စာလုံးများ (Abbreviation)

၁။ AUFDD(Avoid Unplanned Frontier Deforestation and Degradation) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း အစပျိုးဖြစ်စဉ်များမှရှောင်လွှဲခြင်း

၂။ CAR(Corrective Action Request) ပြင်ဆင်ဆောင်ရွက်ရေးလိုအပ်မှု

၃။ CCA(Climate Change Adaptation)ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေနေထိုင်ခြင်း

၄။ CCX( Chicago Climate Exchange)ချီကာဂိုရာသီဥတုဆိုင်ရာအကျိုးအမြတ်ဖလှယ်သည့်ဈေးကွက်

၅။ CDM(Clean Development Mechanism)သန့်စင်သောဖွံ့ဖြိုးမှုနည်းလမ်းများ

၆။ EMR (Ecological Mangrove Restoration) ဂေဟစနစ်ကိုအခြေခံသည့် ဒီရေတောများပြန်လည်ထိန်းသိမ်းတည်ထောင်ခြင်း

၇။ EUETS(European Union Emission Trading Scheme) ဥရောပသမဂ္ဂ ကာဗွန်ရောင်းဝယ်ခြင်း အစီအစဉ်

၈။ FACE(Free Air Carbon Dioxide Enrichment) လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ် ပြန်လည် မျှတစေခြင်း)

၉။ FCI(Forest Carbon Index)သစ်တောကာဗွန်ညွှန်းကိန်း

၁၀။ GCF(Green Climate Fund)အစိမ်းရောင်ရာသီဥတုရန်ပုံငွေ

၁၁။ GPS(Geographic Positioning System)မြေပြင်တည်နေရာသတင်းအချက်အလက်စနစ်

၁၂။ GWP(Global Warming Potential)ကမ္ဘာကြီးပူနွေးခြင်းအလားအလာ

၁၃။ HBU(Highest and Best Use)တန်ဖိုးအမြင့်ဆုံးနှင့်အကောင်းဆုံးအသုံးပြုခြင်း

၁၄။ IAS(Invasive Alien Species)ကျူးကျော်ဝင်ရောက်လာသောမျိုးစိတ်များ

၁၅။ ICM(Integrated Coastal Management) ကမ်းရိုးတန်းသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

၁၆။ LULUCF(Land Use, Land Use Change and Forestry) မြေယာအသုံးပြုမှု၊ မြေယာအသုံးပြုမှု ပုံစံပြောင်းလဲခြင်းနှင့် သစ်တောလုပ်ငန်း

၁၇။ MOP(Meeting of the Parties) အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး

၁၈။ NCRMC(National Coastal Resources Management Committee)နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်မှုဗဟိုကော်မတီ

၁၉။ NPP(Net Primary Productivity) မူလအသားတင်ကာဗွန်စုဖွဲ့မှုပမာဏ

၂၀။ PD and PDD (Project Description and Project Design Document) စီမံကိန်းဆိုင်ရာဖော်ပြချက်နှင့်စီမံကိန်းပုံစံများ

၂၁။ PSC (Project Steering Committee) စီမံကိန်းလမ်းညွှန်ကြီးကြပ်မှုကော်မတီ

၂၂။ REDD(Reducing Emissions from Deforestation and Forest Degradation) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း

၂၃။ SCCF(Special Climate Change Fund)ရာသီဥတုပြောင်းလဲခြင်းရန်ပုံငွေဆိုင်ရာအထူးအစီအစဉ်

၂၄။ TAG(Technical Advisory Group)စီမံကိန်းအကြံပေးအဖွဲ့

၂၅။ VA(Vulnerability Assessment)သဘာဝဘေးအန္တရာယ်ထိခိုက်မှုဆန်းစစ်ခြင်း

ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်နှင့် သစ်တောပညာမဟာဌာန

## "မြေးငယ်သစ်သစ်သို့ပေးစာ"

သီရိတင်(သစ်တော)



**ချစ်တဲ့'မြေးငယ်'ရေ**

ပြီးခဲ့တဲ့ မတ်လက နေပြည်တော်ကို ရောက်တုန်းက 'မြေးငယ်' မေးတာလေးကို သတိရနေတယ်။ ဖိုးဖိုးက 'သစ်တောဌာန'မှာအလုပ်လုပ်ခဲ့တယ်ဆိုတော့ ရေဆင်းသစ်တောတက္ကသိုလ်က သစ်တောဘွဲ့ရခဲ့ပြီး၊ သစ်တောဌာနမှာ အလုပ်ဝင်ခဲ့တာပေါ့၊ ဟုတ်တယ် မဟုတ်လားတဲ့။ ဖိုးဖိုးကသစ်တောဘွဲ့ (B.Sc Forestry)ရခဲ့တာမှန်ပေမဲ့ ရေဆင်းသစ်တောတက္ကသိုလ်ကမဟုတ်ဘူး။ မြေးငယ်က–ကြောင်အမ်းသွားပြီး 'ဖိုးဖိုး' ဟာက 'ဘာကြီးလဲ?'တဲ့။ ဒီလိုပါမြေးငယ်ရေ --ဖိုးဖိုးက ၁၉၇၄ ခုနှစ်မှာ သစ်တောဘွဲ့ရခဲ့တာ၊ အဲဒီတုန်းက သစ်တောပညာဘာသာရပ်တွေကို၊ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ သစ်တောပညာမဟာဌာနမှာ သင်ကြားခဲ့ရတာ။ အဲဒီတက္ကသိုလ်ကြီးက ဧက ၄၀၀ လောက်ကျယ်ဝန်းတယ်။ စာသင်ဆောင်ခန်းမတွေနဲ့ နယ်ကလာတက်တဲ့ ကျောင်းသူကျောင်းသားတွေနေဖို့ အဆောင်တွေနဲ့ -- စာပေလေ့လာဖတ်ရှုဖို့ စာကြည့်တိုက်နဲ့ -- အဝေးကမိဘတွေအမျိုးတွေနဲ့ ဆက်သွယ်ဖို့စာတိုက်နဲ့ -- အနုပညာဂီတတွေကို လေ့လာလိုက်စားနိုင်ဖို့ -- အဆိုအတီးအကတွေလေ့ကျင့်ဖို့အခန်းတွေရှိတဲ့ 'အာစီ'R.C (Recreation Center)၊ အားကစားတွေလေ့ကျင့်နိုင်ဖို့ အားကစားရုံ၊ အပန်းဖြေလေကောင်းလေသန့်ရှုရှိုက်ဖို့ ကံ့ကော်တောတန်း၊ ရေကူးဖို့လှေလှော်ဖို့ အင်းယားကန်ရေပြင်ကျယ်နဲ့ လှေလှော်အသင်း၊တစ်ခါတစ်ရံအမှတ်မထင်ဖျားနာပြီး ရောဂါဝေဒနာများဖြစ်ရင်၊ ဝေးဝေးလံလံ မသွားရဘဲ တက္ကသိုလ်ပရဝုဏ်အတွင်းမှာပဲ ပြသကုသနိုင်တဲ့ဆေးရုံနဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ချင်ရင် ဘုရားဝတ်တက်ချင်ရင်လည်း ဘုရား၊ဓမ္မာရုံနဲ့ ခရစ်ယာန်ဘာသာဝင်တွေအတွက်လည်း ဂျပ်ဆင်ဘုရားရှိခိုးကျောင်းနဲ့ ဝေးဝေးမသွားရပဲ၊ အားလုံးတစ်ဆက်တစ်စပ်တည်း တစ်နေရာတည်းမှာပဲ စုံစုံလင်လင် စီမံဆောက်လုပ်ထားတဲ့ တက္ကသိုလ်ကြီးပေါ့--- ဟိုးတုန်းကတော့ အရှေ့တောင်အာရှဒေသမှာရှိတဲ့ တက္ကသိုလ်များထဲမှာ အမိရန်ကုန်တက္ကသိုလ်ကြီးဟာ အကောင်းဆုံးတက္ကသိုလ်ကြီးအဖြစ် ထင်ရှားကျော်ကြားပါတယ်။ အခြားနိုင်ငံက နိုင်ငံခြားသားတွေတောင် ဖိုးဖိုးတို့'သစ်တောပညာဌာန'မှာ ကျောင်းလာတက်ကြတာ။ ၁၉၂၅ မှ ၁၉၃၃ ခုနှစ်ထိ သစ်တောဘွဲ့ရကျောင်းသားတွေမှာ နိုင်ငံခြားသားတွေပါတယ်။ နာမည်ကြီး သစ်တောပညာရှင် မစ္စတာဟန်ဒလေ (Mr. Hundly)၊ မစ္စတာရေနော(Mr. Reynolds) တို့ဟာ ဖိုးဖိုးတို့နိုင်ငံက သစ်တောပညာဘွဲ့ရသူတွေပေါ့ မြေးငယ်က 'ဖိုးဖိုးနေခဲ့ရတဲ့ တက္ကသိုလ်ကြီးက တယ်မိုက်ပါလား?









ဒီတစ်ခါ ရန်ကုန်ရောက်ရင် အလည်လိုက်ပို့နော်''တဲ့။ 'ပို့မှာပေါ့--ငါ့မြေးရယ်'။ ဒီလိုနဲ့ တစ်လ-နှစ်လ-သုံးလေးငါးလ-ရှစ်လကျော်ကြာခဲ့ပြီပေါ့။ ရန်ကုန်မှာနေတဲ့ ဖိုးဖိုးလည်း နေပြည်တော်မရောက်၊ နေပြည်တော်မှာနေတဲ့ မြေးငယ်တို့လည်း ရန်ကုန်မလာနိုင်အားလုံး(Stay Home) ချည်းပေါ့၊ကမ္ဘာကျော် 'ကိုဗစ်'ကပ်ရောဂါကြောင့် မြေးအဖိုးတွေမဆုံနိုင်ကြ။ ရန်ကုန်တက္ကသိုလ်အကြောင်း စိတ်ဝင်စားတဲ့မြေးငယ်က ဖုန်းနဲ့မကြာမကြာ မေး -- မေးနေတယ်။ ဒီတော့ မြေးငယ်ကျေနပ်အောင် 'ဖိုးဖိုး'သိသလောက်စာရေးပြောပြလိုက်ပါတယ်။ ဇာတ်လမ်းစရ ရင်တော့ ရန်ကုန်တက္ကသိုလ် အဝင်ကစရမှာပေါ့။

တက္ကသိုလ်ရိပ်သာလမ်းနဲ့ အဓိပတိလမ်းထိပ်လမ်းဆုံဂိတ်ဝမှာတော့ ''ရန်ကုန်တက္ကသိုလ်''ဆိုတဲ့ ဆိုင်းဘုတ်ကြီးရှိတယ်။ အဲဒီမှာ **''နတ္ထိ ဝိဇ္ဇာ တမံ မိတ္တံ''** စာသားပါတဲ့တံဆိပ်ရှိတယ်။ **''အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းမရှိ''**လို့အဓိပ္ပာယ်ရပါတယ်။ အဲဒီစာသားအောက်မှာကနေတဲ့ 'ဒေါင်း'ရုပ်ရှိတယ်။ အဲဒီအောက်မှာ ဟိုး တုန်းကတော့ 'သစ္စာ၊ သမာဓိ' လို့ရေးထားတယ်။ ခုတော့စပါးနှံပုံဆွဲထားတယ်။ အဲဒီအဓိပတိလမ်းထိပ်ကနေ ရှေ့တူရူကိုမျှော်ကြည့်လိုက်ရင်၊ ဘွဲ့နှင်းသဘင်ခန်းမကြီးကိုမြင်ရတယ်၊ အလွန်တည်ငြိမ် ခန့်ညားလှပါတယ်။

အဓိပတိလမ်းမကြီးရဲ့ ဘယ်ညာမှာတော့ ရေတမာပင်တွေ စိန်ပန်းပင်တွေ၊ နေပြောက်မထိုးအောင် လွှမ်းမိုးထားပါတယ်။ စိန်ပန်းပွင့်တဲ့အချိန်ဆိုရင် အင်မတန်လှပါတယ်။ ကြည်နူးစရာကောင်းပါတယ်။ ပြောရင်းနဲ့ဒီနေရာမှာ 'အဓိပတိလမ်းမထက် အတိတ်ကတို့ခြေရာများ'-- 'ကျောင်းဖွင့်ချိန် စိန်ပန်းတွေလဲ မြေမှာကျဲပြန့်နေ'-- စတဲ့သီချင်းသံတွေနားထဲမှာ ကြားယောင်လာပါတယ်။ အဓိပတိလမ်းမကြီးကတော့ ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ အိခြေ့ရှိလှပါတယ်။ ရှေ့တူရူမှာရှိနေတဲ့ ဘွဲ့နှင်းသဘင်ခန်းမကြီးက 'လာကြ--လာကြ အမိတို့ အမောင်တို့ကို အတတ်ပညာတွေပေးမယ်-- ဘွဲ့တွေပေးမယ်-လာကြ--လာကြနဲ့' လက်ကမ်းကြိုဆိုနေသလိုပါပဲ။

အမိရန်ကုန်တက္ကသိုလ်ကြီး---ကြာခဲ့ပါပြီ။ ကိုလိုနီခေတ်ကပေါ့။ ဟိုးလွန်ခဲ့တဲ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ (၁)ရက်နေ့က -- မြန်မာပြည် ဒုတိယဘုရင်ခံ ဆာရီဂျင်နယ်ကရက်ဒေါက် (Sir Reginald Craddock) က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်တက္ကသိုလ်ရဲ့ပထမဦးဆုံး 'အဓိပတိ'(Chancellor) ဖြစ်လာခဲ့တယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ကောလိပ်နဲ့ ဂျပ်ဆင်ခေါ်ယုဒသန်ကောလိပ်တို့ပူးပေါင်းပြီး ရန်ကုန်တက္ကသိုလ် (Rangoon University)လို့ စတင်ခေါ်တယ်။

အဓိပတိလမ်း ရှေ့တည့်တည့်မှာ မြင်နေရတဲ့ ဘွဲ့နှင်းသဘင်ခန်းမကြီးကတော့ ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်နေ့မှာ မြေနေရာရွေးချယ်ပြီး ၁၉၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့မှာအုတ်မြစ်ချဆောက်လုပ်ခဲ့ပါတယ်။ အဆောက်အအုံကြီးက လေးဒေါင့်စပ်စပ်ပုံသဏ္ဌာန်ပါ။ အဆောက်အအုံအတွင်းပိုင်းက သစ်လွင်လှပသေသပ်ပြီး အဆောက်အအုံအပြင်ပိုင်းကိုတော့ ဆေးမသုတ်ပဲ ပကတိအတိုင်းထားပါတယ်။ ကြာပြီ၊ အိုပြီဆိုတဲ့ ဇရာသဘောကို ပြသလိုလို့ဖြစ်မယ်ထင်ပါတယ်။ အဆောက်အအုံကြီးရဲ့ ရှေ့မျက်နှာစာအပေါ်ဘက်ထိပ်ဆုံးမှာ၊ ငှက်တကာတို့ရဲ့သရဖူ'ဒေါင်းပျိုမေ'ကနေတဲ့ပုံပါတဲ့ တက္ကသိုလ်တံဆိပ်ပါရှိပြီး၊ ရေသတ္တဝါတို့ရဲ့အရှင်သခင်'နဂါး'နှစ်ကောင်နဲ့ ဘေးဘယ်ညာဝိုင်းရံထားပါတယ်။ မျက်နှာစာအောက်ဖက်တံခါးပေါက်ကြီးရဲ့ဘယ်ညာမှာ၊ တောသတ္တဝါများကိုမင်းမူနေတဲ့ တောကောင်တွေရဲ့ဘုရင်'ခြသေ့်'တစ်ကောင်စီဝိုင်းရံထားပါတယ်။ အတိတ်ကောင်း နိမိတ်ကောင်းတွေယူထားပြီး၊ အဓိပ္ပါယ်ကောင်းကောင်း အဓိပ္ပါယ်ရှိရှိတည်ဆောက်ထားတာဖြစ်ပါတယ်။

အဲ--အဓိပတိလမ်းမကြီးရဲ့ ဝဲဘက်/ဘယ်ဘက်မှာတော့ ၁၉၂၈ ခုနှစ်က ဆောက်လုပ်ထားတဲ့ ဝိဇ္ဇာစာသင်ခန်းတွေပါတဲ့ အဆောင်ကြီးရှိတယ်။ ယာဘက်/ညာဘက်မှာတော့ ၁၉၃၁ ခုနှစ်မှာဆောက်လုပ်ထားတဲ့ သိပ္ပံစာသင်ခန်းတွေ၊ လက်တွေ့ခန်းတွေပါတဲ့ အဆောင်ကြီးရှိပါတယ်။

ဝိဇ္ဇာစာသင်ခန်းမကြီးက သုံးထပ်ဆောင်ပါ စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ပါ။ အလျား ၉ရ၁ ပေရှည်ပြီး ၄၈ ပေခွဲကျယ်ပါတယ်။ အဲဒီခန်းမဆောင်ရဲ့ ဘယ်ဘက်အပေါ်ဆုံးထပ်မှာ ဖိုးဖိုးတို့စာသင်ကြားခဲ့ရတဲ့ 'သစ်တောပညာမဟာဌာန'ရှိပါတယ်။ ဖိုးဖိုး သစ်တောပညာတတိယနှစ်က စတက်ခဲ့ရတယ်။ အဲဒီတုန်းက သထုံဆောင်မှာနေရတယ်။ ၁၉၇၁ ခုနှစ်ကပေါ့။ ဖိုးဖိုးသစ်တောပညာ-ပထမနှစ်၊ ဒုတိယနှစ်ကိုတော့ ဗိုလ်တထောင်မှာရှိတဲ့ လုပ်သားကောလိပ်မှာတက်ခဲ့ရတယ်။ အဲဒီတုန်းကတော့ ပုပ္ပါးဆောင်မှာနေရတယ်။ ဖိုးဖိုးတို့မှာသူငယ်ချင်း ၅၀ ကျော်ရှိတယ်။ အားလုံးယောက်ျားလေးတွေချည်းပဲ၊ အဲဒီတုန်းက'သစ်တောမှာ မိန်းကလေးတွေ တက်ခွင့်မရသေးဘူး။ ၁၉၇၄ ခုနှစ်မှာ ဖိုးဖိုးသစ်တောပညာဘွဲ့ရခဲ့တယ်။ အဲဒီတုန်းက သစ်တောပညာမဟာဌာန အကြီးအမှူးက ဆရာကြီးဦးထွန်းကျော်ပါ၊ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အဓိပတိကြီးကတော့ ဆရာကြီးဒေါက်တာမောင်မောင်ခပါ။

အဲဒီဝိဇ္ဇာစာသင်ခန်းမဆောင်ကြီးရဲ့ အလယ်ထပ် (ဖိုးဖိုးတို့ရဲ့အောက်ထပ်)က 'ပထဝီပညာမဟာဌာန'ပါ။ အဲဒီအောက်ကတော့ 'စိတ်ပညာမဟာဌာန'ပါ။ ဒီစာသင်ခန်းမဆောင်ကြီးရဲ့ရှေ့မှာ အပန်းဖြေရိပ်သာ(Recreation Center )ရှိတယ်။ အတိုကောက်အာစီ(RC)လို့ ပြောကြတယ်။ အဲဒီမှာ ဘောလီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ခြင်းလုံး စတဲ့အားကစားတွေ ကစားလို့ရတယ်။ အဆို၊အတီးအက အနုပညာပြပွဲတွေ ပြိုင်ပွဲတွေကျင်းပတဲ့

နေရာလေ့ကျင့်တဲ့နေရာပေါ့– အာစီ(RC)မှာ တွေ့ရင်း မိတ်ဆွေတွေ အပေါင်းအသင်းတွေဖြစ်သွားကြ၊ စိတ်အနေ ပြောင်းလို့ ချစ်သူတွေဖြစ်သွားကြနဲ့(RC)ကို 'ချစ်သူနယ် မြေ'လို့တောင်၊ တချို့ကတင်စားပြောဆိုကြတယ်။ အဲဒီ စာသင်ခန်းမဆောင်နဲ့ ဘွဲ့နှင်းသဘင်ခန်းမကြီးတို့ရဲ့ကြား ဘေးဘက်မှာတော့ 'စီးပွားရေးတက္ကသိုလ်'ရှိတယ်––– မိန်းမချော၊ လုပျိုဖြူတွေများတယ်။ ယောကျ်ားလေးနည်း တယ်။ အဲဒါကြောင့် စီးပွားရေးတက္ကသိုလ်ကို 'မိန်းမ လုကျွန်း'လို့တောင် တင်စားပြောဆိုကြတယ်။ အာစီ(RC) နဲ့ မျက်နှာချင်းဆိုင်မှာတော့ အမိတက္ကသိုလ်ကြီးရဲ့ အထင် ကရအမိက ''သစ်ပုတ်ပင်''ကြီးရှိတယ် အမြင့်ကြီး၊ အကြီး ကြီးပဲ။ သူ့ရဲ့အသက်ကိုအနည်းဆုံး နှစ် ၂၅၀ ကျော်ပြီလို့ ခန့်မှန်းကြပါတယ်။ ဒီအပင်ကြီးဟာ မြင့်မားလှပကြော့ ရှင်းခံ့ညားရုံမျှမက၊ တက္ကသိုလ်အဆောက်အအုံများနဲ့ လွတ် လွတ်ကင်းကင်းပေါက်နေလို့ မခုတ်ပဲ အမှတ်တရထိန်း သိမ်းထားတာပဲ ဖြစ်ပါတယ်။ မှတ်မှတ်ရရ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ညမှာ တိုက်ခတ်ခဲ့တဲ့ 'နာဂစ်'မုန်တိုင်း ကြီးကြောင့် တက္ကသိုလ်နယ်မြေမှာရှိတဲ့ သစ်ပင်ပေါင်း ၆၅၀ လောက်ဟာ ပြိုလဲပျက်စီးခဲ့ကြတယ်။ သစ်ပုပ်ပင် ကြီးကတော့ ကိုင်းဖျားကိုင်းနားအချို့ ကျိုးပဲ့ရုံသာဖြစ်ခဲ့ တယ်။ မပြိုလဲ၊ မပျက်စီးခဲ့ဘူး၊ သစ်ပုပ်ပင်စောင့်ရုက္ခစိုး နတ်မင်းကြီးကို ကျေးဇူးတင်ပါတယ်။ တချို့ကတော့ ရန်ကုန်မြို့စောင့်နတ်မင်းကြီးက အဲဒီသစ်ပုပ်ပင်ကြီးမှာ နေတော့ ဘယ်လဲမှာလဲလို့ ပြောကြပါတယ်။ သစ်ပုပ်ပင် ကြီးရဲ့နောက်ကြောဖက်မှာတော့၊ သိပ္ပံစာသင်ခန်းမဆောင် ရှိပါတယ်။ ဓာတု––ရူပ––သတ္တ–– စတဲ့ သိပ္ပံဘာသာရပ် စာသင်ခန်းတွေ၊ လက်တွေ့သုတေသနလုပ်တဲ့ ခန်းမတွေ ရှိပါတယ်။ သစ်ပုပ်ပင်ကြီးရဲ့ ဘယ်ဘက်ဘေးမှာတော့ တက္ကသိုလ်စာကြည့်တိုက်ကြီးရှိပါတယ်။ အင်္ဂလိပ်စာလုံး 'L' ပုံသဏ္ဌာန်တည်ဆောက်ထားပြီး၊ အရှည် ၁၃၀'အနံ ၄၂' ကျယ်ဝန်းပါတယ်။ ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာ (၈)ရက် နေ့မှာ တက္ကသိုလ်ရဲ့အဓိပတိ ဆာဟာကုတ်ဘတ်တလာ (Sir Harcourt Butler) ကအုတ်မြစ်ချပေးပါတယ်။ အလှူ ရှင်မှာ'ရောင်ဗဟာဒူးရာမနသရဲ့ဒီးယား' (Rao Bahadur Ramanatha Reddier) က အလှူငွေ ၂ သိန်းပေးအပ် လှူဒါန်းခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ အဲဒီအချိန်က ရွှေ ၁ ကျပ်သားမှ ၁၅/– ၁၆/– လောက်ပဲရှိတယ်လို့ ပြောကြပါတယ်။ ၁၉၃၁ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပြီး၊ အဲဒီနှစ်မှာပဲ စာကြည့်တိုက်ကြီးကို ဖွင့်လှစ်ခဲ့ပါတယ်။ စာကြည့်တိုက် ကြီးက အဆင့်မြင့်တယ်။ အင်တာနက်ဝန် ဆောင်မှုလဲပေးတယ်။ "Wifi Access " ရတယ်။ သမား ရိုးကျ စာငှားတဲ့စနစ်ကနေ "Barcode"ကိုအခြေခံတဲ့ "Electronic" စာငှားစနစ်ကို ဝန်ဆောင်မှုပေးနိုင်ပါတယ်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေအေးအေးဆေး ဆေးစာဖတ်နိုင်ဖို့ စားပွဲနဲ့ထိုင်ခုံတွေခင်းကျင်းထားပါတယ်။ အများစုဖွဲ့ပြီး စာဆွေးနွေးနိုင်ဖို့ (Discussion Room)တွေ စီစဉ်ထားရှိပါတယ်။ ဘာသာရပ်ဆိုင်ရာ မြန်မာစာအုပ် အင်္ဂလိပ်စာအုပ်တွေအပြင် ကျမ်းစာအုပ်နဲ့ပေစာတွေ လည်းရှိပါတယ်။ ဒါ့အပြင် အပတ်စဉ်လစဉ်ထုတ်တဲ့သုတ၊ ရသဆိုင်ရာစာအုပ်တွေ ဂျာနယ်နဲ့မဂ္ဂဇင်းတွေလဲရှိပါတယ်။

ကျောင်းသူကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေ တက္ကသိုလ်ကဝန်ထမ်းတွေရဲ့ ကျန်းမာရေးအတွက် တက္ကသိုလ် ဆေးရုံကို မြန်မာဗိသုကာအင်ဂျင်နီယာ ဦးသာထွန်းက ဦးဆောင်ဆောက်လုပ်ခဲ့တယ်။ အလျား ၁၀၃' အနံ ၄၂' ကျယ်ပါတယ်။ တက္ကသိုလ်နေဆရာ၊ ဆရာမတွေ၊ ကျောင်း သူကျောင်းသားတွေ၊ ဝန်ထမ်းတွေအတွက် အလွန်အား ထားရတဲ့ဆေးရုံပါ။ တစ်စုံတစ်ခုဖြစ်တယ်ဆိုရင် ဝေးဝေး လံလံမသွားရတော့ပဲ ကိုယ့်တက္ကသိုလ်ဧရိယာအတွင်းမှာပဲ ဆေးကုသမှု ခံယူနိုင်ပါတယ်။ ဖိုးဖိုးတို့ သစ်တောသမား တွေ သစ်တောလုပ်ငန်းလက်တွေ့ဆောင်ရွက်ဖို့ လက်တွေ့ ကွင်းဆင်း တောတွင်းလုပ်ငန်းတွေ ဆောင်ရွက်ပြီးလို့ ရန်ကုန် ပြန်ရောက်ရင် ပင်ပန်းပြီးဖျားတဲ့သူတွေ၊ တောကငှက်ဖျား ရောဂါဖြစ်လာတဲ့သူတွေ အဲဒီဆေးရုံမှာတက်ရောက် ကုသ ကြရတယ်။ ဖိုးဖိုးသူငယ်ချင်းတစ်ဦး ငှက်ဖျားဖြစ်လို့ အဲဒီ ဆေးရုံတက်ရသေးတယ်။ ခုတော့ 'တက္ကသိုလ်များဆေးရုံ' လို့ပြောင်းလဲခေါ်ကြပါတယ်။

အဲဒီဆေးရုံနဲ့မျက်နှာချင်းဆိုင်မှာတော့ 'တက္ကသိုလ် သမဂ္ဂ'အဆောက်အအုံကြီးရှိခဲ့တယ်။ ၁၉၂၉ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပြီး၊ ၁၉၃၀ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တယ်၊ အလှူ ရှင်က ပုဇွန်တောင်မြို့နယ်က သူဌေးကြီး ဦးညိုပါ––။

အဲဒီ'တက္ကသိုလ်များဆေးရုံ'နဲ့ ကပ်လျက် မှာတော့၊ စာအုပ်အရောင်းဆိုင်ရှိတယ်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေလိုတဲ့ ဖတ်စာအုပ်တွေ၊ ရေးတဲ့စာအုပ်တွေ၊ ခဲတံဘောပင်စတဲ့ စာရေးကိရိယာတွေ စုံစုံလင်လင်ရှိ ပါတယ်။ အဲဒီစာအုပ်ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာတော့ တက္ကသိုလ် စာတိုက်ရှိတယ်။ စာတိုက်ကအရှည် ၉၀' အနံ ၃၂'၊ အမြင့် ၁၃' ရှိတဲ့ အဆောက်အအုံပါ။ စာ ထည့်စာရွေး စာယူစာပို့ ပါဆယ်ယူ၊ငွေပို့၊ငွေထုတ်အားလုံး လုပ်လို့ရတယ်။ ရပ်ဝေးက ကျောင်းလာတက်ရတဲ့သူတွေ အတော်ကိုအဆင်ပြေပါတယ်။ ရပ်ဝေးက မိဘတွေဆီကို စာပို့၊ မိဘတွေပို့တဲ့စာတို့၊ လွှဲတဲ့ငွေတို့ထုတ်လို့ရ အလွန် လွယ်တယ်။ ဝေးဝေးမသွားရတော့ အချိန်လဲမကုန်ဘူးပေါ့။ ခုတော့ 'ကမာရွတ်စာတိုက်'လို့ ပြောင်းလဲခေါ်ဆိုပါတယ်။

အဲဒီစာတိုက်နဲ့ကပ်လျက်က တက္ကသိုလ်ဓမ္မာရုံပါ၊ ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ အုတ်မြစ်ချ ဆောက်လုပ်ခဲ့တယ်။ အဲဒီအချိန်က ဆောက်လုပ်ကုန်ကျ စရိတ်မှာ ၅၇၂၅၀/–ဖြစ်ပါတယ်။ ဓမ္မာရုံကြီးကအလျား ၁၄၁'၊ အနံ ၆၅'၊ အမြင့် ၂၂' ရှိတဲ့အဆောက်အဦပါ။ မြန်မာဥရောပဗိသုကာပေါင်းစပ်ထားတဲ့ ဒီဇိုင်းဖြစ်ပါတယ်။ ကျက်သရေရှိပြီး ခန့်ညားလှပါတယ်။ အဲဒီဓမ္မာရုံမှာ ဗုဒ္ဓ ဘာသာဝင်တွေ ဘုရားရှိခိုးကုသိုလ်ကောင်းမှုပြုနိုင်သလို ဘာသာခြားခရစ်ယာန်တွေ ဘုရားရှိခိုးနိုင်ဖို့ 'ဂျပ်ဆင်'

ခရစ်ယာန်ဘုရားရှိခိုးကျောင်းလည်း ရန်ကုန်တက္ကသိုလ်ပရဝုဏ်အတွင်းမှာ ဆောက်လုပ်ထားပါတယ်။ ၁၉၃၁ခုနှစ်၊ ဇူလိုင်လ၂၇ ရက်နေ့မှာ တက္ကသိုလ်ရဲ့အဓိပတိဖြစ်တဲ့ ဆားချားလ်စ်အလက်ဇန်းဒါးအင်းစီ (Sir Charles Alexander Innes)က အုတ်မြစ်ချဆောက်လုပ်ခဲ့ပါတယ်။ လက်ဝါးကပ်တိုင်တင်ထားတဲ့ ယေရှုခရစ်တော်ပုံပါရှိပါတယ်။ အဆောက်အဦမှာ အရှည် ၈၀' အကျယ် ၄၂' ရှိပြီး ခေါင်းလောင်းကြီးရှိရာ မျှော်စင်ပေါ်တက်ဖို့ လှေကားပါရှိပါတယ်။ အဲဒီလှေခါးမှာ လှေခါးထစ်ပေါင်း ၁၈၀ ပါရှိပါတယ်။ မျှော်စင်အမြင့်ကိုခန့်မှန်းကြည့်ပါ မြေးငယ်ရေ။

'ဖိုးဖိုး'တို့လိုရပ်ဝေးကနေ တက္ကသိုလ်လာတက်တဲ့ ကျောင်းသားကျောင်းသူတွေအတွက်၊ အဆောင်တွေရှိပါတယ်။ အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်ခွဲထားပါတယ်။ တက္ကသိုလ်ပရဝုဏ်အတွင်းမှာ အင်းဝ၊ ပင်းယ၊စစ်ကိုင်း၊သထုံ၊ပဲခူးအဆောင်တွေရှိတယ်။ အင်္ဂလိပ်စာလုံး ' E 'ပုံသဏ္ဍာန်သုံးထပ်အဆောင်တွေပါ။ ၁၉၂၈ ခုနှစ်မှာဆောက်လုပ်ခဲ့တယ်။ အလျား ၁၉၆'၊ အနံ ၈၂'၊ အမြင့် ၃၆' ရှိပြီး အဆောင်တစ်ဆောင်မှာ အခန်းပေါင်း ၁၄၈ ခန်းပါပါတယ်။ 'အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ပဲခူးဆောင်မှာနေပြီး တက္ကသိုလ်တက်ခဲ့တယ်။' အဲဒီပဲခူးဆောင်နဲ့ကပ်ရက်ရှိတဲ့ သထုံဆောင်မှာ ဖိုးဖိုးတို့သစ်တောပညာသင်ယူကြတဲ့ ကျောင်းသားတွေ ကျောင်းအိပ်ကျောင်းစား အဆောင်နေခဲ့ကြတယ်။ ဖိုးဖိုးတို့နဲ့အတူ 'ဘူမိဗေဒ'ဘာသာသင်ယူကြတဲ့ ကျောင်းသားတွေလည်း သထုံဆောင်မှာပဲနေရတယ်။ အဲဒီအမျိုးသားအဆောင်တွေရဲ့ နာမည်တွေကို မြန်မာ့သမိုင်းမှာထင်ရှားခဲ့တဲ့ မင်းနေပြည်တော်ရုံးစိုက်ရာ အမည်တွေဖြစ်တဲ့ 'တကောင်း၊ ပြည် (သရေခေတ္တရာ)၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ရွှေဘို၊ ပဲခူး၊ သထုံ၊ ဒဂုံ'ဆိုပြီး မြန်မာနိုင်ငံရဲ့ မင်းနေပြည်တော်နာမည်တွေကို သတိတရအမှတ်ရစေရန် အဆောင်နာမည်ပေးတယ်လို့သိရပါတယ်။

အဝေးကလာတက်တဲ့ တက္ကသိုလ်ကျောင်းသူတွေအတွက် ၁၉၂၈ ခုနှစ်မှာပဲ အမျိုးသမီးအဆောင်အဖြစ်၊ ပြည်၊ ပုဂံ၊ တကောင်း၊ နဝဒေး၊ အင်းလျားနဲ့ သီရိဆောင်တွေကို ဆောက်လုပ်ပါတယ်။ ၁၉၃၃ ခုနှစ်မှာတော့ အမျိုးသားအဆောင် ဒဂုံဆောင်နဲ့ ရွှေဘိုဆောင်တွေ ထပ်မံဆောက်လုပ်ပါတယ်။ အဲဒီအဆောင်တွေကိုလည်း ယောက်ျားလေးဆောင်၊ မိန်းကလေးဆောင်၊ ညီအစ်ကိုဆောင်၊ ညီအစ်မဆောင်၊ မောင်နှမဆောင်ဆိုပြီး ခေါ်ဝေါ်သတ်မှတ်ကြပါသေးတယ်။

ကဲ-- ဇာတ်လမ်းအစမှာပြောခဲ့တဲ့ 'ရန်ကုန်တက္ကသိုလ်ရဲ့' စီမံအုပ်ချုပ်မှုအောက်မှာရှိတဲ့ 'သစ်တောပညာမဟာဌာန'အကြောင်းပြန်ဆက်ရအောင်နော်။ ၁၉၂၅ မှ ၁၉၈၅ ခုနှစ်ထိ သစ်တောဘွဲ့ရကျောင်းသားများဟာ၊ ရန်ကုန်တက္ကသိုလ် 'သစ်တောပညာမဟာဌာန'မှာ ပညာသင်ကြားခဲ့ကြသူတွေဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်မှာတော့ 'သစ်တောပညာဌာန' ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၆ မှ ၁၉၉၂ ခုနှစ်ထိ သစ်တောပညာဘွဲ့ရကျောင်းသားများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ သိပ္ပံ(သစ်တောပညာ)ဘွဲ့ရသူများ ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ 'သစ်တောတက္ကသိုလ်' အဖြစ် ရေဆင်းမှာ သီးခြားဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သစ်တောတက္ကသိုလ်မှာ အမျိုးသမီးကျောင်းသူများကို ၁၉၉၅ ခုနှစ်တွင် စတင်ခေါ်ယူသင်ကြားခဲ့ပါတယ်။ ဒါ့အပြင်သစ်တောတက္ကသိုလ်ကို မူလ "Institute of Forestry" မှ "University of Forestry" သို့ ပြောင်းလဲခေါ်ဆိုခဲ့ပါတယ်။ သိပ္ပံ(သစ်တောပညာ)ဘွဲ့ရရန် သင်ယူရသည့်အချိန် ကာလမှာ ၁၉၂၅ မှ ၂၀၀၂ ခုနှစ်အထိ (၆)နှစ်တာကာဖြစ်ပြီး၊ ၂၀၀၂ ခုနှစ် အနှောင်းပိုင်းတွင် (၅)နှစ်ကာလသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

ဟေး! မြေးငယ်--စာဖတ်ရင်းငိုက်သွားသလား? ငိုက်ရင် လ္ဘက်ရည်သောက်လိုက်၊ ဖိုးဖိုးတို့ကျောင်းသားဘဝကတော့ ငိုက်ငိုက်၊ မငိုက်ငိုက် ကင်တင်း(Canteen) သွားတယ်။ လ္ဘက်ရည်သောက်တယ်။ ဗိုက်ဆာဆာ မဆာဆာ ကင်တင်းထိုင်ကြတယ်။ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ဝိဇ္ဇာကင်တင်း၊ သိပ္ပံကင်တင်း၊ အီကိုကင်တင်းတွေရှိတယ်။ အဲဒါတွေအပြင်၊ ကျောင်းဝင်းထဲမှာပဲ နာမည်ကြီး 'ဦးချစ်' လ္ဘက်ရည်ဆိုင်ရှိတယ်။ ကျောင်းသူကျောင်းသားတွေ စာအကြောင်း၊ ပေအကြောင်း၊ ဟိုအကြောင်း သည်အကြောင်းတွေ ပြောကြတာပေါ့။

အဲ-- သာယာလှတဲ့ အင်းလျားကန်နဲ့ လှေလှော်အသင်းတွေကိုတော့ မြေးငယ်ရောက်မှလိုက်ပို့မယ်။ အင်းလျားကန်ဘောင် ညောင်ပင်ကြီးအနားက ဖိုးဖိုးတို့တတွေထိုင်နေကြ အကြော်ဆိုင်မှာ အကြော်ဝယ်ကျွေးမယ်။ ဘူးသီးကြော်နာမည်ကြီးတယ်။ ကောင်းလဲ ကောင်းတယ်။ ပြီးရင် တက္ကသိုလ်လှေလှော်အသင်းကိုလိုက်ပို့ပြီး လှေအပျော်လှော်ကြ၊ စီးကြရအောင်နော်--

ကဲ- မြေးငယ်သိပ်သိချင်တဲ့ ''သစ်တောပညာမဟာဌာနရှိတဲ့ ရန်ကုန်တက္ကသိုလ်အကြောင်းကို ''ဖိုးဖိုးစာရေးပြောပြလိုက်တာ။ တော်တော်တော့ ကျန်သေးတယ်။ ကပ်ရောဂါ ကိုဗစ်မရှိတော့မှ၊ သွားလာလို့ရတော့မှ ရန်ကုန်လာခဲ့ပေါ့။ ဖိုးဖိုး အခုပြောတဲ့နေရာတွေကို လိုက်ပို့မယ်။ မျက်မြင်(on ground)ရှင်းပြမယ်။ ခုတော့ ဖိုးဖိုးက အသက်ရဝကျော်ပြီဆိုတော့ လက်လည်းညောင်း ခါးလဲညောင်းပြီ ခါးလည်းနာလာပြီ။ ဒီလောက်နဲ့ကျေနပ်နော်။ မြေးငယ်တို့ အနာဂတ်မျိုးဆက်သစ်လူငယ်တွေကို အမိတက္ကသိုလ်ကြီးက လက်ကမ်းကြိုဆိုလျှက်ပါ။



ပျော်ရွှင်ချမ်းမြေ့ပါစေ။

ချစ်တဲ့ ဖိုးဖိုး

# Bio-Engineering for Soil and Water Conservation

By
U Sein Thet, Director (Rtd)
Chairman, FREDA

Biological soil and water conservation can be defined as a set of conservation practices, which by the adequate coverage of the soil surface, the re-circulation of organic matter and nutrients as well as the establishment of vegetative barriers across the slope, prevent soil and moisture loss, improve soil properties and maintain/restore the productivity and stability of the agroecosystem. In general, the practice of biological conservation farming or land husbandry, i.e., rational land use by the means of proper land and crop management practices can improve the conditions of the soil for root growth and moisture storage.

Conservationists have recently drawn their attention towards biological soil and water conservation which is thought to be ecologically sustainable and economically viable. It is also believed that the cost of soil conservation would be reduced and chances to succeed would be high. Since most of the biological conservation practices are linked to normal agricultural practices, it is also assumed that the concepts and principle of biological conservation would be easily understood and adopted by farmers.

There are several ways to plant trees and shrubs in the rural landscape, including:

(1) Trees in rows (windbreaks and shelter-belts) to protect crops and pastures against wind and desiccation.

(2) Trees intermingled with agricultural crops to protect the crops and to reconstitute and enrich the soil (Agroforestry).

(3) Trees and shrubs grown during the fallow period to enrich the soil, and to provide fuel, fodder, and secondary forest products.

(4) Linear plantations along roads and waterways to protect infrastructure and adjacent fields, and to provide shade and contribute to the production of fuelwood, fodder and non-woody products.

(5) Woodlots established under rained or irrigated conditions to make the best use of unused land, and to contribute to needed wood supplies. Intensive management of natural forests and woodlands to maintain a stable environment and yield essential products traditionally used by the local population.

Within the abovementioned ways, it is possible to select the most appropriate combination of land use to:

- Improve agricultural and livestock production.
- Stabilize and enrich the environment.
- Meet essential needs for fuelwood, farm timber and non-wood products for the rural population.

Crop rotation is one of the oldest practices known to man for fertility restoration and pest/disease control and it consists of growing different crops one after another on the same piece of land. Some crops restore or build fertility while others deplete fertility. For instance, legumes fix atmospheric nitrogen and hence enrich soil fertility. On the other hand, cereals such as sorghum deplete soil fertility since their big stalks are exported for different uses. Forage legumes and grass provide good ground cover which improves the organic status of the soil, which in turn improves the soil structure through biological activities enhanced from dead roots and leaves of forage plants.

Strip cropping is a cropping practice where strips of two or more crops are alternately established on the contour or, it is a system of establishing more than one crop in alternate strips following a certain pattern for erosion control. This cropping system is designed as a defence mechanism against soil erosion in areas where the cropping system is dominated by row/sparsely growing crops that often exposes the ground to erosive forces.

Grass strips are vegetative barriers made out of grass planted in narrow strips of 0.5 to 1.5 meters width laid out along the contour. Grass strips control erosion rather effectively in gentle slopes but above 3-5% slope, their effect decreases. While contributing to protecting soils against erosion, they also provide valuable biomass meant to increase animal feed or used for different purposes.

Bund stabilization refers to vegetation mea-

sures that can strengthen the resistance and stability of a given physical structure against rainfall and other interference. At the same time, stabilization is making productive the surface area occupied by the structure itself by planting crops, grass, shrubs or trees in different combinations. Stabilized structures would need less maintenance and damages are less likely to occur, even during heavy rainstorms. Making the bund productive is important to compensate for the loss of land occupied by the structure.

Brushwood check dams are temporary structures constructed with trees, branches, poles and twigs. Plant species which can easily grow vegetatively through shoot cuttings are ideal for this purpose. The objective of these dams is to retain sediments and slow down runoff and enhance the revegetation of gully areas. They are constructed either in single or double row, in areas without stones. Brushwood check dams are suitable only for small gullies of less than 2m depth. Brushwood check dams should be combined with planting of multipurpose plant species, preferable having vegetative propagation (elephant grass, bamboo, etc.).

Trees and shrubs can act as a soil stabilizer and prevent water and soil erosion. They are an important source of forage for livestock and wildlife at times when herbaceous fodder is not available. Several multipurpose trees and shrubs are ideal for protecting and improving the soil. They are a source of wood products, including fuelwood, poles, and timber. Fuelwood is almost the only source of domestic fuel, not only in the rural areas but in some urbanized areas. Wood is also used as a construction material. They are a source of foodstuff for the population. Many fruits, leaves, young shoots, and roots provide valuable food in the dry season and, therefore, comprise an important reserve for emergencies. They are a source of non-woody products. Many trees and shrubs yield products which are important for everyday use by the inhabitants, for industry, and at times, for export. For example, a variety of tree and shrub species are characterized by a high content of tannin (utilized by the leather industry) in their barks or fruits. Other trees and shrubs are used for honey production (beekeeping). Development programmes in arid regions should include a forestry component. This component should not be seen separately but must be integrated with agriculture and animal husbandry to optimize land use.

## ကာတွန်းကဏ္ဍ



ဒေသမျိုးရင်းသစ်ပင်တွေရဲ့ အငုတ်တွေကို အပြောင်ရှင်းခြင်းမှ ရှောင်ကျဉ်ပါ။



ကမ္ဘာကြီးပေါ်မှာ ရေသံသရာလည်ဖို့ အဓိကစွမ်းဆောင်ရှင်က သစ်ပင်တွေပဲ။



ချောင်းတွေ မြစ်တွေ ရေရှည်တည်တံ့ဖို့ သစ်တောတွေ ရှိနေမှ ဖြစ်မယ်။



သစ်တစ်ပင် ရှင်အောင် ဆောင်ရွက်ခြင်းဟာ အသက်တစ်ချောင်း ကယ်ခြင်းပဲ။

အော်ပီကျယ်

➤➤ ယခင်လမှအဆက်

# မိန်းမလှကျွန်း



ကျော်မျိုးလွင်(ကောလင်း)၊ Exchange Master Student
Hochschule für nachhaltige Entwicklung Eberswalde (HNEE), Germany



မျောက်တစ်ရာသစ်တောစခန်း

ကျွန်ုပ်တို့လူစု မျောက်တစ်ရာစခန်းသို့ဆိုက်ရောက်သည့်အခါ မိုးတိတ်သွားလေပြီ။ ဆိပ်ကမ်းသို့ကပ်သည်နှင့် သစ်တောဌာနမှ သေသပ်စွာဆောက်လုပ်ထားသော ရှင်းလင်းဆောင်လေးကို မြင်တွေ့ရပေသည်။ ဘုန်းကြီးကျောင်းသို့သွားရာလမ်းကို စနစ်တကျဖောက်လုပ်ထားကာဘေးဝဲယာတွင် ပြူးရွှေဝါပင်များကို စိုက်ပျိုးထားသည်။ အတန်ငယ်လမ်းလျှောက်သွားမိသောအခါ ဘုရားဆင်းတုတော်တစ်ဆူကို အရင်ဆုံးဖူးတွေ့ရပြီး ဆင်းတုတော်ပေါ်ရှိ ရေညှိ၊ရေမှော်များသည် ရှေးဟောင်းအသွင်ကို ဆောင်လျက်ရှိ၏။ ကျွန်ုပ်လည်း ရှေ့သို့အနည်းငယ်လှမ်းမျှော်ကြည့်လိုက်ခြင်းဖြင့် ဘုရားဆင်းတုများအား အကွာအဝေးတူညီစွာကိုးကွယ်ထားကြောင်း သတိထားမိ၏။ ရှေ့ဆက်လျှောက်လျှင် ဘုန်းကြီးကျောင်းပရဝုဏ်အတွင်းသို့ ရောက်ရှိသွားပြီး ရွှေပြောင်ပြောင် မျောက်တစ်ရာသိဒ္ဓိရှင်အောင်စေတီကို ဦးခိုက်ကြည်ညိုနိုင်သည်။ ဦးရှင်ကြီးနတ်နန်းကိုလည်း ဘုန်းတော်ကြီးကျောင်းနှင့် စေတီကြားတွင်တည်ဆောက်ကိုးကွယ်ထား၏။ ကျောင်းတောင်ဘက်တွင် ကြာဖူးကြာငုံများနှင့် လှပတင့်တယ်နေသော ရေကန်လည်းရှိသည်။ မျောက်ရုပ်သည် မျောက်တစ်ရာဘုရား၏ သင်္ကေတဖြစ်ပြီး စေတီခြေရင်းတွင် မျောက်ရုပ်ကိုတွေ့နိုင်၏။

မျောက်တစ်ရာဘုရားသည် မိန်းမလှကျွန်းပေါ်ရှိ တန်ခိုးကြီးရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ ကျွန်းပေါ်သို့ရောက်ဖြစ်လျှင် မဖြစ်မနေ သွားရောက်ဖူးမျှော်ထိုက်သောဘုရားဟုဆိုရပေမည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကျွန်းပေါ်လူသူအရောက်အပေါက် နည်းပါးသည့်အချိန်တွင် တောရဆရာတော်တစ်ပါးသည် အလွန်တန်ခိုးကြီးပြီး ဖူးထိုက်သူမှသာလျှင် ဆရာတော်ကိုဖူးရသည်ဟု အဆိုရှိ၏။ တစ်ရံရောအခါ မုဆိုးတစ်ယောက်သည် မျက်စိလည်လမ်းမှားပြီး ဆရာတော်ကျောင်းကိုရောက်ရှိသွား၏။ ထိုကျောင်းတွင် မျောက်အများအပြားကိုတွေ့ရ၍ ရေတွက်လိုက်သည့်အခါ အကောင်(၁၀၀)ဖြစ်ပြီး နောက်ပြန်ရေတွက် ကြည့်လျှင် ထူးဆန်းစွာပင် တစ်ကောင်လျော့ဖြင့်(၉၉)ကောင်သာရှိနေသည်ဆို၏။ မုဆိုးလည်း ဆရာတော်လမ်းညွှန်သည့်အတိုင်း ပြန်လာသည့်အခါ ကမ်းနားပြန်ရောက်ပြီး ထိုအကြောင်းကို တစ်ရွာလုံးအားပြောပြ၏။ ထို့နောက် ရွာသူရွာသားများနှင့် တစ်ကျော့ပြန်လာရာ ဆရာတော်ကျောင်းကို မဖူးတွေ့ရတော့သည့် ဒဏ္ဍာရီဆန်ဆန် စိတ်ဝင်စားဖွယ် အဖြစ်အပျက်များလည်းရှိသည်။ ထိုဆရာတော်၏ တောရကျောင်းကို အဓိဋ္ဌာန်ရည်မှန်းပြီး ကျုံတုံးခရိုင်မြို့စားမင်း ဗညားဇေယျသည် မျောက်တစ်ရာဘုရားကို တည်ထားကိုးကွယ်ခဲ့သည်ဟု သမိုင်းအထောက်အထားရှိ၏။



ပြူးရွှေဝါပင်ရင်းရှိရှေးဟောင်း
ဆင်းတုတော်တစ်ဆူ



လိုဏ်အတွင်းရှိ လင်းနို့များ

ထို့နောက် ဝန်ကြီးချုပ်ဦးနုသည် ၁၉၅၅–၅၆ ခုနှစ်တွင် ကျွန်းပေါ်တွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဦးအာစရ၏လမ်း ညွှန်မှုဖြင့် ယိုယွင်းနေသည့်စေတီတော်ကို အသစ်တစ်ဖန် မွမ်းမံတည်ဆောက်ခဲ့၏။ ကျွန်ုပ်ရောက်ရှိချိန်တွင် နှစ်ပေါင်း (၆၀)ဝန်းကျင် ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် စေတီအချို့ နေရာများတွင် အက်ကွဲလျက်ရှိကုန်၏။ မုခ်(၄)မုခ်ရှိ လှေ ကားများမှ စေတီရင်ပြင်တော်ပေါ်တက်၍ ဖူးမျှော်ကြည်ညိုနိုင်ပြီး ရင်ပြင်အောက်ပိုင်း နေ့နံထောင့်တိုင်းတွင် လိုဏ် (၁၆)ခုရှိ၏။ ထိုလိုဏ်များတွင်လည်း ဝန်ကြီးချုပ်ဦးနုကိုယ် တိုင် တရားအားထုတ်ခဲ့ဖူးသည်ဆို၏။ ယခုမူကား လိုဏ် အချို့တွင် အက်ကွဲကာ ကွန်ကရစ်သံချောင်းများ ပေါ်နေပြီး လင်းနို့များပင် ချိတ်ဆွဲလျက်ရှိကုန်၏။ မျောက်တစ်ရာ ဘုရားတည်ရာသည် အေးချမ်းသည်။လိုဏ်ထဲတွင် ဝန်ကြီး ချုပ်ဦးနုပုတီးစိပ်ပြီး တရားအားထုတ်နေမည့်ပုံကို စိတ်ကူး ဖြင့်မှန်းကြည့်ရသည်မှာလည်း ရသတစ်မျိုးပင်ဖြစ်သည်။ ဘုရားကျောင်းပရဝုဏ်တစ်ဝိုက်သည် သာသနာ့နယ်မြေဖြစ်သည့်အလျောက် လွန်ခဲ့သည့်နှစ်များစွာကတည်းကပင် သဘာဝအတိုင်းတည်ရှိနေသော ကျွန်းမြေဟုယူဆရပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့လည်း စေတီနှင့်မနီးမဝေး သဘာဝတောထဲသို့ဝင်၍ မြေသားစုဆောင်းခဲ့၏။ ဘုရားဖူးမြေစုပြီး ကျွန်ုပ်တို့ကျွန်းအတွင်းပိုင်းမှ ပြန်ထွက်လာရာတွင် အဝင်ပိုးလောင်းလေးချောင်းသို့ မသွားတော့ဘဲ ကျွန်းအောက်ပိုင်းရှိ သပြေချောင်းဘက်ကို စုန်မောင်းလာ၏။ ပိုးလောင်းလေးချောင်းနှင့် သပြေချောင်း တို့သည် အဖျားဆက်လျက်ရှိပြီး မိကျောင်းမကြာခဏတွေ့ရလေ့ရှိသည့်နေရများဖြစ်ပေသည်။ သပြေချောင်းမှ မထွက်ခင်အထိ ကျွန်းအတွင်းပိုင်းသည် လှိုင်းငြိမ်နေဆဲဖြစ်၏။ သို့သော် သပြေချောင်းအတွင်းမှ ဘိုကလေးမြစ်ကို စထွက်လိုက်သောအခါ ကျွန်ုပ် အထိတ်တလန့်ဖြစ်ရတော့သည်။ အကြောင်းကား နေ့လယ်(၁)နာရီ ရေပြန်ကျနေပြီး ပင်လယ်ဘက်မှတိုက်ခတ်လာသော လေနှင့်ပေါင်းဆုံကာ ရေပြင်သည် လှိုင်းကြမ်းလျက်ရှိ၏။ ပွဲထောင်မောင်းလည်း ကမ်းနားသီ၍ မောင်းနှင်ဖို့ကြိုးစားသေး၏။ သို့ပါသော်လည်း လှိုင်းဒဏ်ကြောင့် ပွဲထောင်သည် ဆောက်တည်ခြင်းငါမစွမ်းသာဘဲ မိန်းမလှကျွန်းချောင်းခွဲထဲ ပြန်ဝင်၍ ရေပြန်အတက်ကိုသာ စောင့်နေကြရသည်။ ယခုကဲ့သို့ ကြုံကြိုက်လိုက်သည့်အတွက် ဆရာဦးဝင်းမောင် ပြောဖူးသည့် 'တောင်လေရေကျ သွားမစနဲ့' ဟူသောအဓိပ္ပါယ်ကို ကျွန်ုပ်သဘောပေါက်တော့၏။ ရေပြန်ကျသည့်အခါ ဘိုကလေးမြစ်သည် အလွန်လျင်မြန်သောအရှိန်ဖြင့် တဟုန်ထိုးစီးဆင်းသည်။ ထိုအရှိန်ကို ပင်လယ်ဘက်မှ ကုန်းတွင်းပိုင်းသို့ ပင့်တိုက်သော တောင်လေနှင့်ထိပ်တိုက်တွေ့သောအခါ ကြီးမားသော လှိုင်းများဖြစ်ပေါ်ပြီး အလွန်အန္တရာယ် ရှိသည်။ ကျွန်ုပ်တို့ပွဲထောင်ကဲ့သို့သေးလျှင် ဖြတ်မောင်း ဖို့မဖြစ်နိုင်ပါ။

ပွဲထောင်ကြီးဖြစ်လင့်ကစား လှိုင်းကိုသတိ ကြီးစွာထားပြီး ကျွမ်းကျင်စွာ မောင်းတတ်ဖို့လိုသည်။ မဟုတ်လျှင် 'လှိုင်းကြီးလှေအောက်'ဟူသော ဆိုရိုးစကား ကိုဆန့်ကျင်လျက် လှိုင်းအောက်တွင် ပွဲထောင်မြုပ်သွား မည်သာဖြစ်သည်။ ချောင်းခွဲထဲတွင် ဒီရေလှိုင်းအငြိမ်ကို စောင့်ဆိုင်းနေကြစဉ် ကျွန်ုပ်ကျွန်းပေါ်လှမ်းကြည့်ရာ ဖြူးဗိုင်းတောင့်ပင်ကို ရှားရှားပါးပါးတွေ့ရသည်။ အသီးများပင် ရင်မှည့်လျက်ရှိ၏။ ဖြူးဗိုင်းတောင့်သစ်မျိုးသည် costal ဒေသတွင်တွေ့ဖို့အလွန်ခဲယဉ်းပြီး delta site တွင်သာ ပေါပေါများများ တွေ့နိုင်သည်။



သပြေချောင်းကမ်းတွင်
ရှားရှားပါးပါးတွေ့ရသည့်
ဖြူးဗိုင်းတောင့်ပင်



လှိုင်းကြမ်းနေသည့်
ဘိုကလေးမြစ်

နောက်(၂)နာရီဝန်းကျင် စောင့်ဆိုင်းပြီးသောအခါ လှိုင်းငြိမ်စပြုလာပြီဖြစ်သည်။ အကြောင်းမှာပင်လယ်ဘက်မှ ဒီရေစတက်လာပြီ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ဘိုကလေးမြစ်ကိုဖြတ်တက်ပြီး ဖြူးမွှေးကျွန်းပေါ်ရှိ ဖရီဒါရုံးသို့ချောမောစွာပြန်ရောက်လေ၏။ ကျွန်ုပ်တို့ ရုံးသို့ပြန်ရောက်ချိန်သည် ညနေပိုင်းစောသေးသည်ဖြစ်၍ –

ကိုမျိုးမြင့်။ (ကျွန်ုပ်အား) 'အခုအချိန်ရှိပါသေးတယ်။ မင်းလည်းရောက်တုန်းမို့ ဖြူးမွှေးကျွန်းသစ်တောစခန်းကို သွားလည်ရအောင်။ နောက်တစ်ခါလာဖို့ဆိုတာ မလွယ်လှဘူး။ လက်ရှိအစ်ကိုတို့ရုံးနဲ့လည်းနီးပါတယ်။'



ဖြူးမွှေးကျွန်းပေါ်ရှိ သစ်တောရုံး

အပေါ်စီးမှကြည့်လျှင် ဖရီဒါရုံးနှင့် သစ်တောရုံးသည် ဖြိုးမွေးကျွန်းပေါ်တွင် ကျောချင်းကပ်လျက်ရှိ၏။ ဖရီဒါရုံးဘက်မှသွားလျှင် ဘိုကလေးမြစ်ကိုအနည်းငယ်ဆန်တက်ပြီး ဖြိုးမွေးကျွန်းထိပ်ကို ပတ်မောင်းရသည်။ ဖြိုးမွေးကျွန်းသစ်တောရုံးတွင် ခိုင်ခန့်လှသော cyclone shelter ရှိသည်။ ထို့အပြင် သစ်မျိုးစုံလင်သော ဒီရေတောပျိုးဥယျာဉ်သည်လည်း စိမ်းစိုလှပလျက်ရှိ၏။ ပို၍ထူးခြားသည်ကား ရုံးနောက်ကျောဘက် ဒီရေတောထဲသို့လူလျှောက်တံတားလေးတစ်စင်း ဆောက်လုပ်ထားသောကြောင့် မြစ်ဝကျွန်းပေါ် ဒီရေတောသစ်မျိုးပေါင်းများစွာကို လေ့လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့လည်း ရုံးတစ်ခုလုံးအား လှည့်ပတ်ကြည့်ရှုပြီးသည်နှင့် ဖရီဒါရုံးသို့ပြန်လာခဲ့ကြ၏။ ရုံးသို့ပြန်ရောက်လျှင် စုဆောင်းလိုသော မြေသားနမူနာများလည်းရပြီဖြစ်သောကြောင့် ပဲ့ထောင်မောင်းနှင့် ဝန်ထမ်းနှစ်ယောက်တို့သည် ထောင်ကြီးတန်းသို့ စုန်မောင်းသွားကြလေ၏။

ဖရီဒါရုံးတွင် ကိုမျိုးမြင့် ကျွန်ုပ်နှင့် ရုံးဝန်ထမ်းတစ်ဦးသာကျန်ရစ်သည်။ ရေမိုးချိုးပြီး ထမင်းစားသောက်ပြီးသောအခါ ရေးဟောင်းနှောင်းဖြစ်များပြောပြီး ည(၉)နာရီတွင် အိပ်ယာဝင်ကြ၏။ ကိုမျိုးမြင့်နှင့်ကျွန်ုပ်သည် မျက်နှာချင်းဆိုင်အနေအထားရှိသော ကုတင်တစ်လုံးစီဖြင့် ဖရီဒါရုံးပေါ်တွင်အိပ်သည်။ ရုံးဝန်ထမ်းကား နောက်ဖေးဘက်တွင် သီးသန့်ဆောက်လုပ်ထားသော အဆောင်တွင်အိပ်သည်။ အရင်ညများတွင်ကား ဖရီဒါရုံးပေါ်တွင် ညနေခင်းကပြန်သွားကြသည့် ယောက်ျားဘသား(၃)ယောက်ပါ စုအိပ်ကြသည်ဖြစ်၍ ကျွန်ုပ်ဘာမှလည်းမတွေးမိ နှစ်ခြိုက်စွာအိပ်ပျော်၏။ ယခုမူကား နှစ်ယောက်တည်းအိပ်ရသည့်အတွက်ကြောင့် ကျွန်ုပ်စိတ်သည် ဆောက်တည်ရာမရဘဲ ကစဉ့်ကလျားဖြင့် တွေးမိတွေးရာတွေးနေမိ၏။ ထိုစဉ် လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်၊ မေလ(၃)ရက်နေ့တွင် နာဂစ်မုန်တိုင်းဖြစ်ခဲ့ရကား ကျွန်းပေါ်အလောင်းများပြန့်ကျဲနေမည့်မြင်ကွင်းအတွေးသည် ကျွန်ုပ်အားအစွမ်းကုန်နှိပ်စက်လျက်ရှိကြကုန်၏။ ကျွန်ုပ် ဖောချွေးများပင်ပြန်လေပြီ။ ခေါင်းရင်းရှိ ပြတင်းပေါက်မှန်ချပ်ကို ဖြတ်ကျော်ကြည့်လိုက်သောအခါ လေပြေကြောင့် ယိမ်းနွဲ့နေသော လမုပင်နှင့် အိပ်မသွယ်ပင်အရိပ်များကလည်း ကျွန်ုပ်ကြောက်စိတ်ကို သြဘာပေး၍သာနေကြကုန်၏။ ကျွန်ုပ်မည်သို့မျှအိပ်မပျော်နိုင်၊ ခုတင်ပေါ် ငုတ်တုတ်ထိုင်ပြီး မတွေးမိအောင် ထိန်းပါသော်လည်း မရှုမလှဖွယ်မြင်ကွင်းတို့သည်သာလျှင် လွှမ်းမိုးလျက်ရှိကုန်၏။ ည(၁၁)နာရီခွဲကျော်သည် အထိပင်။ သို့သော် သန်းခေါင်ကျော်ညဉ့်နက်လာသောအခါ နေ့လယ်က ပင်ပန်းထားသည့်အတွက်ကြောင့် ကြောက်စိတ်ကို အံတုလျက် ငိုက်မြည်းစပြုလာ၏။ ထိုသို့ အိပ်ပျော်တော့မည့်ဆဲဆဲတွင် ကျွန်ုပ်ညာဘက်ခြေထောက်အား အကောင်တစ်ကောင်ကိုက်နေသည်ကို ခံစားမိလေ၏။ ကျွန်ုပ်လည်း ခေါင်းရင်းရှိ ဟန်းဖုန်းအား အမြန်ဆွဲယူ၍ မီးထွန်းကြည့်လိုက်သောအခါ အလျားတစ်ထွာ၊ လုံးပတ်လက်မခန့်ရှိသော ကင်းခြေများတစ်ကောင်ကို ထင်ရှားစွာမြင်လိုက်ရ၏။ ထို့နောက် ကျွန်ုပ်ကုတင်ပေါ်မှ ထိတ်ထိတ်ပျာပျာ ဆင်းပြေးကာ ဘေးဘက်ကုတင်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ကိုမျိုးမြင့်အား နှိုးရတော့သည်။

ကျွန်ုပ်။ (လေသံတိုးတိုးဖြင့်) 'အစ်ကို...အစ်ကို... အစ်ကို... ထပါအုံးဗျာ'

ကိုမျိုးမြင့်။ (အိပ်ချင်မူးတူးဖြင့်) 'ဟေ... ဘာဖြစ်တာလဲ အချိန်မတော်ကြီးပါလား'

ကျွန်ုပ်။ 'ကျွန်တော့်ခြင်ထောင်ထဲ ကင်းခြေများဝင်လာပြီး ညာဘက်ခြေသလုံးကိုကိုက်သွားလို့ဗျ။ ဖုန်းမီးနဲ့ထွန်းလိုက်တာမြင်လိုက်ရတယ်။ အခု အိပ်ယာထဲမှာပဲရှိသေးတယ်ထင်တယ်'

ကိုမျိုးမြင့်။ 'အဲ့တာဆို အိပ်ယာခင်းကို အပြင်ကိုမထုတ်ပြီး သွားခါရအောင်'

နှစ်ယောက်သားပြောပြောဆိုဆိုနှင့် အိပ်ယာခင်းကို အသာအယာမကာ မျက်နှာစာကြမ်းပြင်တွင် ခါထုတ်ကြ၏။ ထိုအချိန်တွင် ကင်းခြေများကို မတွေ့ရတော့ချေ။

ကိုမျိုးမြင့်။ 'မရှိတော့ပါဘူးကွာ။ ဘယ်ပြေးသွားမှန်း မသိပါဘူး။ကဲ...သွားအိပ်ကြစို့။ မနက်လည်း ရန်ကုန်ကို ခရီးဆက်ရအုံးမှာ'

ကျွန်ုပ်လည်း ကြောက်ကြောက်နှင့် ပြန်အိပ်ဖို့ ခြင်ထောင်ကိုမလိုက်စဉ် ကင်းခြေများသည် အိပ်ယာထဲမှ တစ်ဖန်ထွက်ပေါ်လာလေ၏။

ကျွန်ုပ်။ 'ဟာ... အစ်ကိုရေ... ကင်းက ဒီမှာမထွက်သေးဘူးဗျ'

ငိုအားထက် ရယ်အားသန်ဖြစ်ကာ နှစ်ဦးသား ဝိုင်းရိုက်ကြသော်လည်းမမိလိုက်ဘဲ ကင်းကားအခန်းအမှောင်ထဲတွင် ရုတ်ချည်းပျောက်ကွယ်သွားလေ၏။

ကိုမျိုးမြင့်။ 'လာကွာ...ဟိုဘက်အခန်းမှာပဲ သွားအိပ်ကြရအောင်။ ခြင်ထောင်တွေဖြုတ်ခဲ့လိုက်'

နဂိုကတည်းကပင်တွေးကြောက်နေသော ကျွန်ုပ်အဖို့ သံသယတို့သည် တစ်စထက်တစ်စ တိုး၍သာလာကုန်၏။ သို့ပါသော်လည်း ခဏအကြာတွင်ကား အိပ်ပျော်ခြင်းသို့ရောက်လေ၏။

ရှေ့လဆက်လက်ဖော်ပြပေးပါမည်



နှုတ်သီးကြီးငဟစ် ငါးဖမ်းယူစားပုံ



ငဟစ်ဦးခေါင်း အနီးကပ်ပုံ



စားကျက်တွင် ငဟစ်အစာရှာနေပုံ

ငဟစ်တို့သည် အသားစားငှက်များဖြစ်သည်။ အများအားဖြင့် ရေဝပ်ဒေသများတွင် ကျက်စားပြီး အမျိုးမျိုးကွဲပြားခြားနားသည့် ရေနေသတ္တဝါများကို ရှာဖွေကျက်စားသည်။ အစာများမှာ ရေသတ္တဝါများဖြစ်သည့် ငါး၊ တွားသွားသတ္တဝါ၊ ကုန်းနေရေနေ သတ္တဝါ၊ ခရု၊ ကမာနှင့် ရေနေအင်းဆက်များ ဖြစ်သည်။

ငဟစ်မွဲ Grey Heron *Ardea cinerea* သည် အရွယ်ကြီး၊ လည်တံရှည်၊ ခြေတံရှည်ငှက်ဖြစ်သည်။ ကိုယ်ထည် အပေါ်ပိုင်းနှင့် တောင်ပံအပေါ်ပိုင်းသည် မီးခိုးရောင်ဖြစ်ပြီး၊ ဦးခေါင်း၊ လည်တိုင်အရှေ့ပိုင်းနှင့် အောက်ပိုင်းသည် ဖြူညစ်ညစ်အရောင်ဖြစ်သည်။ ဦးခေါင်းတွင် အမည်းရောင် အမွေးစင်းကြောင်းပါရှိပြီး လည်တိုင်အရှေ့ပိုင်းမှ ရင်ဘတ်ထိဆင်းသွားသည်။ ထူထဲသည့် အဝါရောင်နှုတ်သီးပါရှိသည်။ ပုခုံးနေရာတွင် အနက်ရောင်အကွက်ပါရှိသည်။ ပျံသန်းသည့်အခါ အဖြူရောင်တောင်ပံအပေါ်ဖုံးသည် အမည်းရောင် တောင်ပံဖျားမွေးနှင့် တောင်ပံလယ်မွေးသိသာစွာကွဲပြားသည်။ တောင်ပံအောက်ပိုင်းသည် အလားတူဖြစ်သည်။ ကုန်းတွင်းရေဝပ်ဒေသ(Inland Wetlands) နှင့် ကမ်းရိုးတန်း ရေဝပ်ဒေသများ (Coastal Wetlands)၊ စပါးစိုက်လယ်များ၊ ဒီရေတောများတွင် ကျက်စားသည်။ အာဖရိက၊ မဒတ်ဂတ်စကား၊ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်ဝမ်၊ ကိုရီးယား၊ ဂျပန်၊ ဆူမတ်တြာတို့တွင် ကျက်စားသည်။ အရှေ့တောင်အာရှတွင် မလေးကျွန်းဆွယ် အနောက်ပိုင်း၊ စင်္ကာပူ၊ ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနား၊ မြန်မာ၊ ထိုင်းနိုင်ငံတို့တွင် ကျက်စားသည်။ တစ်နှစ်ပတ်လုံး သားပေါက်ကျက်စားသည်။ အစုအဖွဲ့လိုက်နေသည်။ သစ်ပင်ပေါ်တွင် အသိုက်လုပ်၍ သားပေါက်ကြသည်။ တစ်ကြိမ်လျှင် ဥ(၃-၅)လုံးအုသည်။

ငဟစ် ဝမ်းဖြူ White-bellied Heron *Ardea insignis* သည် အထီးအမ အမွေးအရောင်တူသည်။ အလွန်အရွယ်ကြီးပြီး၊ လည်တိုင်အလွန်ရှည်သော ငှက်ဖြစ်သည်။ လည်မျို၊ ရင်ပိုင်း၊ စအိုပိုင်းသည် သိသာထင်ရှားသော အဖြူရောင်ဖြစ်သည်။ ဂုတ်ပိုင်းသည် မီးခိုးဖြူရောင်ဖြစ်သည်။ အဖြူရောင်အမွေးတန်းသည် လည်တိုင်အောက်ပိုင်း အရှေ့အောက်ဖက်မှ ရင်ဘတ်ထိရှိသည်။ ကျန်ကိုယ်ထည်ပိုင်းသည် မီးခိုးဖြူရောင်ဖြစ်သည်။ နှုတ်သီးသည် အမည်းရောင်ဖြစ်ပြီး နှုတ်သီးအရင်းပိုင်းနှင့် အောက်နှုတ်သီးပိုင်းသည် စိမ်းဝါရောင်ခပ်မှိုင်းမှိုင်းဖြစ်သည်။ ပျံသည့်အခါ တောင်ပံသည် ငဟစ်မွဲနှင့် ဆင်တူသော်လည်း တောင်ပံအပေါ်ဖုံးသည် ညီညာသောမီးခိုးရင့်ရောင်ဖြစ်သည်။ တောင်ပံအောက်ဖုံးသည် ညီညာသော ဖြူညစ်ညစ်ရောင်ဖြစ်သည်။ မြစ်ကြီးများနှင့် ရေဝပ်ဒေသအနီးဝန်းကျင်တွင် ပင်လယ်ရေမျက်နှာပြင် အမြင့်မီတာ(၁,၁၃၅)ထိ ကျက်စားသည်။ တစ်ကောင်တည်း အတွေ့များသည်။ တိတ်ဆိတ်စွာကျက်စားတတ်သည်။ အိန္ဒိယအရှေ့မြောက်၊ ဘူတန်၊ နီပေါတွင် ဌာနေငှက်အဖြစ် ကျက်စားသည်။ အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံမြောက်ပိုင်းတွင် အကောင်ရေနည်းပါးစွာ ကျက်စားသည်။ ယခင်က မြန်မာနိုင်ငံ အလယ်ပိုင်း၊အနောက်၊အနောက်တောင်၊ တောင်ပိုင်းတွင် ဌာနေငှက်အဖြစ် ကျက်စားသည်။ သားပေါက်ရာသီမှာ ဧပြီလ မှ ဇွန်လ ထိဖြစ်သည်။ သစ်ပင်အမြင့်ပိုင်းတွင် အသိုက်လုပ်သည်။ တစ်ကြိမ်လျှင် ဥ(၄)လုံး အုသည်။

ငဟစ် Purple Heron *Ardea purpurea* သည် ဦးကင်းနှင့် လည်ဂုတ်ပိုင်းအနက်ရောင်ဖြစ်သည်။ လည်တိုင်သည် နီမြန်းသော အုန်းခွံရောင်ဖြစ်ပြီး အနက်ရောင် စင်းလိုင်းသည် လည်တိုင်ဘေးနှင့် အရှေ့ပိုင်းတွင်ပါရှိသည်။ ဝမ်းဗိုက်၊ ကိုယ်ထည်ဘေးပိုင်းနှင့် ဖင်ပိုင်းသည် ကြက်သွေးရောင်နှင့် အုန်းခွံရောင်ရင့်ရင့်ဖြစ်သည်။ နှုတ်သီး၊ ခြေထောက်နှင့် ခြေချောင်းတို့သည် များသောအားဖြင့် အဝါရောင်သန်းသည်။ လည်တိုင်သည် ငဟစ်မွဲထက်သေးသွယ်ပြီးပိုရှည်သည်။ လည်တိုင်အပေါ်ပိုင်းသည် အရောင်ရင့်သည်။ ပခုံးတွင် အုန်းခွံရောင်နှင့် ကြက်သွေးရောင် အကွက်ပါရှိပြီး၊ လက်ပြင်ပိုင်းသို့ ပျံ့သွားသည်။ ပျံသည့်အခါ တောင်ပံအပေါ်ဖုံးသည် အရောင်ရင့်ပြီး တောင်ပံအောက်ဖုံးသည် အုန်းခွံရောင်နှင့် ကြက်သွေးရောင်ဖြစ်သည်။ ခြေထောက်သည် ရှည်လျားပြီး၊ ခြေဆန့်ပျံသန်း

သည့်အခါ အမြီးထက် ရှည်ထွက်နေသည်။ သစ်ပင်သစ်အုပ်များပေါများသည့် ရေဝပ်ဒေသများတွင် ပင်လယ်ရေမျက်နှာပြင် အမြင့်မီတာ (၁,၀၀၀)ထိ ကျက်စားသည်။ ဟောစ်သည် တစ်ကောင်ချင်း ကျက်စားတတ်ပြီး၊ ဟောစ်မွဲထက် ပိုမို၍သိုသိပ်စွာကျက်စားတတ်သည်။ အာဖရိကဆာဟာရ(အနိမ့်ပိုင်း)၊ မဒတ်ဂတ်စကား၊ အာရှ အလယ်ပိုင်း၊ အိန္ဒိယအရှေ့အလယ်ပိုင်း၊ တရုတ်အလယ်၊ တောင်နှင့် အရှေ့ပိုင်း၊တိုင်ဝမ်၊ဖိလိပိုင်တွင် ကျက်စားသည်။ အရှေ့တောင်အာရှတွင် မြန်မာ၊ ထိုင်း၊ မလေးကျွန်းဆွယ်၊ စင်္ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုတောင်ပိုင်း၊ ကိုချင်ချိုင်းနားတွင်ကျက်စားသည်။ တစ်နှစ်ပတ်လုံး သားပေါက်သည်။ သစ်ပင်ပေါ်နှင့် ကိုင်းတော၌ မြေပြင်တွင် အသိုက်လုပ်သည်။ တစ်ကြိမ်လျှင် ဥ (၃–၆)လုံးအုသည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature-IUCN)၏ (Red list) အရ ဟောစ်ဝမ်းဖြူ White-bellied Heron *Ardea insignis* ကို စိုးရိမ်ရသည့် မျိုးသုဉ်းမှု အန္တရာယ်ရှိ (Critically Endangered-CR) မျိုးစိတ်အဖြစ် လည်းကောင်း၊ ဟောစ်မွဲ Grey Heron *Ardea cinerea* နှင့် ဟောစ် Purple Heron *Ardea purpurea* တို့ကို မျိုးသုဉ်းမှုအန္တရာယ်ကျရောက်မှုနည်းသော (Least Concern-LC) မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းအရ ဟောစ်ဝမ်းဖြူကို လုံးဝကာကွယ်ထားသည့်(Completely Protected)ငှက်မျိုးစိတ်စာရင်းတွင် လည်းကောင်း၊ ဟောစ်နှင့်ဟောစ်မွဲကို သာမန်ကာကွယ်ထားသည့်(Protected) ငှက်မျိုးစိတ်စာရင်းတွင်လည်းကောင်း သတ်မှတ်ထိန်းသိမ်းထားသည်။

ဟောစ်တို့သည် ရေငှက်ကြီးမျိုးများဖြစ်ပြီး၊ ငါးနှင့်ရေသတ္တဝါအမျိုးမျိုးကို များစွာကျက်စားကာ ဘဝရှင်သန်ရပ်တည်ကြသည်ဖြစ်၍ ဟောစ် အကောင်ဦးရေ များပြားစွာကျက်စားသည့် ရေဝပ်ဒေသများတွင် ငါးနှင့် ရေသတ္တဝါမျိုးစိတ်များ ပေါများစုံလင်သည်ကို မှန်းဆနိုင်သည်။ လူတို့လုပ်ရပ်ကြောင့်ဖြစ်စေ၊ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် စားကျက်ယိုယွင်း ပျက်စီးခြင်း၊ ရေဝပ်ဒေသတိမ်ကောခြင်း၊ ရေထုညစ်ညမ်းခြင်းကြောင့် ရေသတ္တဝါများ လျော့နည်းပျက်စီးခြင်း စသည့် သဘာဝဂေဟစနစ် ထိခိုက်သည့်စိန်ခေါ်မှုကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ အရွယ်ကြီးငှက်မျိုး ဖြစ်၍ လူတို့ ဖမ်းဆီးသတ်ဖြတ်ခြင်းကိုလည်း ခံရသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် အကောင်ဦးရေ နည်းပါးစွာကျက်စားသည့် ဟောစ်ရင်ဖြူတို့သည် စိုးရိမ်ရသည့်မျိုးသုဉ်းမှုအန္တရာယ်ရှိ မျိုးစိတ်အဖြစ် သတ်မှတ်ထိန်းသိမ်းထားပါ၍ အလေးထားထိန်းသိမ်းရန် အရေးကြီးသည်။ ဟောစ်နှင့် ဟောစ်မွဲတို့သည် ရေဝပ်ဒေသများတွင် ကျက်စားကြသည်မှန်သော်လည်း အကောင်ဦးရေမှာ လျော့နည်းကျဆင်းလာသည်ကို သတိပြုမိကြရန်နှင့် ထိန်းသိမ်းရေးကို ဝိုင်းဝန်းကူညီကြရန် ရေးသားလိုက်ပါသည်။

## MRRP အောင်မြင်

ရခိုင်တောင်တန်း
မြို့ရှေ့အမ်းသည်
စိမ်းလန်းသာယာ
အေးချမ်းသာလို့
စိတ်မှာပီတိဖြစ်မိ၏။

အမ်းတောင်တစ်ကြော
ခရင်(ဝါး)တောများ
လွှမ်းပေါများလှ
သဘာဝထိန်း
ဇီဝထိန်းသည်
ထိန်းသိမ်းရေးရှည် တည်ရမည်။

ရာသီမဖောက်
တောမပျောက်ဖို့
တောက်လျှောက်ကြိုးစား
ဝန်ထမ်းများသည်
ပေးထားဝန်တာ
ကျေပွန်ပါလို့
MRRP မှန်စွာမုချအောင်ရမည်။




မျိုးဥချစ်သန်းထွန်း (အမ်းသစ်တော)



သဘာဝပေါက်ပင်ဖြစ်သည့်ဝါးနွယ်စိမ်းပင်

# အပူပိုင်းဒေသနှင့် ကိုက်ညီသည့် ဝါးနွယ်စိမ်းပင်

ငြိမ်းချမ်း(၄)၊ ဦးစီးအရာရှိ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောစိုက်ခင်းများ တည်ထောင်ရာ၌ စိုက်ခင်းတည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်နှင့် စိုက်ခင်းတည်ထောင်မည့်နေရာဒေသ၏ မြေမျက်နှာသွင်ပြင်အနေအထားတို့ကို မူတည်၍ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း (တောင်တန်းစိုက်ခင်း)၊ အခြား(လမ်းဘေး/ဝဲယာ စိမ်းလန်းစိုပြည်ရေး)စိုက်ခင်းနှင့် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်းလုပ်ငန်းများအား နှစ်စဉ်တည်ထောင်စိုက်ပျိုးလျက်ရှိပါသည်။



ဝါးနွယ်စိမ်းပင်ပန်းပွင့်ပုံ

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ ရေမြေရာသီဉတုနှင့် ဇီဝရူပ လက္ခဏာများအရ သစ်တောစိုက်ခင်းများတည်ထောင်ရာ၌ ဒေသရာသီဉတုနှင့် ရှိရင်းစွဲဂေဟစနစ်နှင့် လိုက်လျောညီထွေစွာ ရှင်သန်ကြီးထွားနိုင်ရန်အတွက် ဒေသသစ်မျိုးများကိုလည်း ဦးစားပေးရွေးချယ်စိုက်ပျိုးလျက်ရှိပါသည်။ ဒေသသစ်မျိုးရွေးချယ်ရာတွင် သစ်စေ့ရရှိနိုင်မှု၊ သစ်စေ့သိုလှောင်နိုင်သည့်ကာလ၊ ပျိုးထောင်ရန်လွယ်ကူမှု၊ အသုံးဝင်မှု၊ ဒေသတွင်းသဘာဝအလျောက် အမှန်တကယ်ပေါက်ရောက်ရှင်သန်နိုင်မှုအခြေအနေတို့ကိုချင့်ချိန်၍ ရာသီအချိန်မီ၊ အရွယ်အစားမီ ပျိုးထောင်စိုက်ပျိုးနိုင်မည့် ဒေသသစ်မျိုးများကို စိစစ်ရွေးချယ်စိုက်ပျိုးလျက်ရှိပါသည်။



ဝါးနွယ်စိမ်းပင် အသီးရင့်မှည့်နေပုံ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့မှ (၃၀)ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးခရီးစဉ်၌ ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်ရှိ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် သဘာဝပေါက်ပင်ဖြစ်သည့် ဝါးနွယ်စိမ်းပင်(ဝါးပင်မဟုတ်ပါ)များ ရှင်သန်ဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပြီး ရွှေပုံတောင်နယ်မြေဒေသတွင် ဝါးနွယ်စိမ်းပင်များ စမ်းသပ်စိုက်ပျိုးရန်၊ ဝါးနွယ်စိမ်းပင်များ သစ်စေ့ရရှိချိန်စုဆောင်း၍ ပျိုးထောင်ထားရှိရန်နှင့် ပျိုးထောင်ခြင်းလုပ်ငန်းအဆင့်ဆင့်အား ဓာတ်ပုံမှတ်တမ်းထားရှိရန် လမ်းညွှန်ခဲ့ပါသဖြင့် မှာကြားချက်နှင့်အညီဆောင်ရွက်ခဲ့ပါသည်။



သစ်စေ့များ

၎င်းအပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ချောက်မြို့နယ်က ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီ၌ အထူးစိမ်း(ဖြည့်စွက်) (၁၃၀၀၀)ပင် စိုက်ပျိုးရာတွင် ဝါးနွယ်စိမ်း(၁၀၀၀)ပင်အားထည့်သွင်းစမ်းသပ်စိုက်ပျိုးခြင်း ဆောင်ရွက်ခဲ့ရာ လက်ရှိ ပျမ်းမျှအမြင့် (၂ပေ၃လက်မ) ရှိပြီး စိုက်ပင်များရှင်သန်မှုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။



ဝါးနွယ်စိမ်းပျိုးပင်များ

သို့ဖြစ်ပါ၍ အပူပိုင်းဒေသနှင့်ကိုက်ညီမှုရှိသည့် ဝါးနွယ်စိမ်းပင်၏ အချက်အလက်များနှင့် ချောက်မြို့နယ်၊ ရွှေပုံတောင်ပျိုးဥယျာဉ်တွင် ဝါးနွယ်စိမ်းပင်

မျိုးထောင်ခြင်း ဆောင်ရွက်မှုမှတ်တမ်းများအား ပြုစုတင်ပြလိုက်ရပါသည်။

**၁။ သိပ္ပံအမည်**

*Salvadora oleoides* Decne.

**၂။ Family Name**

Salvadoraceae

**၃။ Common Name**

Bada Peelu, Jar, Vann

**၄။ မူလပေါက်ရောက်ရာဒေသများ**

မူလပေါက်ရောက်သော ဒေသများမှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပေါက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

**၅။ ပေါက်ရောက်နိုင်သော နေရာများ**

ပူပြင်းခြောက်သွေ့သော ဆူးချုံတော (Thorn Forest) များတွင် ပေါက်ရောက်သည်။ ဆားဓာတ်များသော (Saline Soils)ဧရိယာများတွင်လည်း ပေါက်ရောက်သည်။

**၆။ စိုက်ပျိုး၍ရသော ရာသီဥတုအခြေအနေ**

ပူပြင်းခြောက်သွေ့သော ဧရိယာများရှိ ပင်လယ်ရေမျက်နှာအထက် အမြင့်(၁၀၀၀)မီတာအထိ ပေါက်ရောက်လေ့ရှိပြီး နှင်းကျသောဒဏ်အား ခံနိုင်ရည်မရှိပေ။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် (၆၂၅) မီလီမီတာ (၂၅ လက်မခန့်) အောက်တွင် ကောင်းစွာရှင်သန်ကြီးထွားကြသည်။ နေရောင်ခြည်ကို အဓိကလိုအပ်ပြီး မြင့်မားသည့် ဆားငန်ဓာတ်ကို ခံနိုင်ရည်ရှိသည်။

**၇။ ဗိသေသလက္ခဏာများ**

- ချုံပုတ်ပင် (Shrub)(သို့မဟုတ်) အပင်သေး (Small-tree) အမျိုးအစားဖြစ်ပြီး အမြင့်(၆)မီတာမှ (၉) မီတာထိ ကောင်းစွာရှင်သန်ကြီးထွားသည်။
- ပင်စည်တိုပြီး လိမ်ကောက်၍ ကွေးနေတတ်သည်။ အချင်း(၂)မီတာအထိ ကြီးထွားမှုရှိသည်။ ကိုင်းထွက်များပြီး ဖြာကျနေလေ့ရှိသည်။
- အခေါက်မှာ အညိုရောင်(သို့မဟုတ်) အညိုဖျော့ရောင်ရှိသည်။
- အရွက်များမှာ အညိုရောင်သန်းနေသော အစိမ်းဖျော့ရောင်(သို့မဟုတ်) အပြာရောင်ရှိသည်။ အရွက်မှာ ရှည်လျားသေးသွယ်သော (သို့မဟုတ်) ဘဲဥပုံသွယ်သော ပုံပန်းသဏ္ဌာန်ရှိပြီး သားရေကဲ့သို့သော အထိအတွေ့မျိုးရှိ၍ အသားထူသည်။ အရွက်နုချိန်တွင် စိမ်းဝါရောင်ရှိပြီးရင့်ချိန်တွင် အညိုရောင်ရှိသည်။
- ပန်းပွင့်မှာ ရိုးတံ (သို့မဟုတ်) ရွက်ညှာမရှိဘဲ ကိုင်းမှ တိုက်ရိုက်ပေါက်သော ပန်းပွင့်အမျိုးအစား (Sessile) ဖြစ်သည်။ ဦးနောက်အခြမ်း ပုံပန်းသဏ္ဌာန်ပွင့်ချပ်(၄)ခုရှိသည်။
- အသီးမှာ အသားထူပြီး မအက်ကွဲသီး(Indehiscent Fruit) ဖြစ်ပြီး အချင်း(၆)စင်တီမီတာခန့်ရှိသည်။ ရင့်မှည့်ချိန်တွင် အဝါရောင်ရှိ၍ အသီးခြောက်သွားသောအခါ နီညိုရောင်(သို့မဟုတ်) အနီရောင်ပြောင်းသွားသည်။
- အစေ့မှာအချင်း(၃)မီလီမီတာရှိပြီးစိမ်းဝါရောင်ရှိသည်။

**၈။ ပန်းပွင့်ပွင့်ချိန်**

မတ်လ၊ ဧပြီလများတွင် အပွင့်ပွင့်ပါသည်။

ရွှေပုံတောင်ဒေသတွင် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း အဝါရောင် အခိုင်လိုက် အပွင့်ပွင့်ပြီး ဧပြီလတွင် အရွက်သစ်များထွက်ပေါ်ကြောင်း တွေ့ရှိရပါသည်။

**၉။ အသီးသီးချိန်**

ဇွန်လတွင် အသီးသီးလေ့ရှိသည်။

ရွှေပုံတောင်ဒေသတွင် မတ်လ၊ ဧပြီလတွင် အသီးသီးပြီး ဧပြီလ နောက်ဆုံးပတ်မှ မေလအတွင်း အောင်လုံသော အသီးများရရှိပြီး အသီးမှာစပျစ်သီး အသေးစားပုံပန်းသဏ္ဌာန်ဖြစ်ပြီး အရည်ပါရှိကြောင်းတွေ့ရှိရပါသည်။

**၁၀။ အကျိုးပြုပုံ**

မြေဆီလွှာတိုက်စားပျက်စီးမှုအား ကာကွယ်ပေးသည်။

ပူပြင်းခြောက်သွေ့သော နေရာများတွင် လေကာတန်း (သို့မဟုတ်) အရိပ်ပင်တန်းအဖြစ် စိုက်ပျိုးနိုင်သည်။ အစေ့ဆန်အားဆေးရွက်ကြီး စိုက်ပျိုးရာ၌ မြေဩဇာအဖြစ်သုံးသည်။

အမြစ်အောက်ခြေ မြစ်ပွားအတက်များရှိပြီး ပင်မပင်စည်မှာ တောင့်တင်းခိုင်မာသည့်အတွက် စည်းရိုးအရံအတားအဖြစ်လည်း စိုက်ပျိုးနိုင်သည်။

**၁၁။ ပိုးမွှားနှင့်ရောဂါများ**

*Microtermes mycophagus* ကဲ့သို့သော ပိုးမွှားကျရောက်ပြီး ပိုးတောင်မာများလည်းကျရောက်တတ် သည်။ မှိုစွဲကပ်မှုအား ခံနိုင်ရည်မရှိချေ။

**၁၂။ အသုံးဝင်ပုံ**

**အသီး**

- ချိုမြ၍ စားသုံးနိုင်သည်။ ဂလူးကို့စ်၊ ဖရက်တို့စ်နှင့် ကယ်လဆီယမ်ပမာဏများစွာပါဝင်သည်။ အစေ့ဆန်တွင် ပါဝင်သောအဆီမှာ ၄က်ဖျားရောဂါကို ဖြစ်စေသော ခြင်များအား အဆိပ်အတောက်ဖြစ်စေပြီး တိုက်ထုတ်ပေးနိုင်သည်။

**သစ်စေ့များ**

တိရစ္ဆာန်စာ

ကုလားအုတ်၊ ကျွဲ၊ နွားများကို အရွက်၊ အသီးများ ကျွေးနိုင်သည်။ အသီးအား ကျွဲ၊ နွားများကို နို့ထွက်ရှိမှုကောင်းစေရန် ကျွေးလေ့ရှိကြသည်။

**သစ်**

လယ်ယာသုံးပစ္စည်းများ၊ လှည်းများ၊ လှေများ ဆောက်လုပ်ရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။ ထင်းလောင်စာအဖြစ်လည်း အသုံးပြုကြသည်။

**အဆီ (Lipid)**

အစေ့တွင် ပါဝင်သော အက်ဆစ်၊ အဆီများအား ဆပ်ပြာနှင့် ဖယောင်းတိုင်များထုတ်လုပ်ရာတွင် အသုံးပြုလေ့ရှိသည်။

**ဆေးဝါး**

အရွက်မှာ ချောင်းဆိုးသက်သာစေသည်။ အခေါက်ကို အရေပြားနှင့် မျက်လုံးများယားယံခြင်းအတွက် ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။ အသီးအား သရက်ရွက် (Spleen) ကြီးမားလာခြင်း၊ အရိုးအဆစ် ကြွက်သားများ နာကျင်ကိုက်ခဲခြင်းနှင့် ဖျားနာခြင်း အစရှိသည့်ရောဂါများ ကုသမှုတွင် ဆေးဝါးအဖြစ်ထည့်သွင်းသုံးစွဲနိုင်သည်။ အခြားသော အပင်အစိတ်အပိုင်းများအား တိရစ္ဆာန် ဆေးဝါးအဖြစ်လည်းအသုံးပြုနိုင်သည်။

## ၁၃။ မျိုးပွားမှုနှင့်ပျံ့နှံ့မှု

အပင်ကြီးထွားနှုန်းနှေးကွေးပြီး မိခင် အပင်ကြီး အနီးတွင် အစေ့မှ ပေါက်ရောက်သော အပင်ငယ်များ၊ အမြစ်မှ ထွက်သော အပင်ပေါက်ငယ်များဖြင့် အပင်အစုအဝေးအဖြစ်ရှိတတ်ပါသည်။ ဒေသတွင်း အပင်ပျံ့နှံ့ရာတွင် အဓိကအားဖြင့် အသီးမှည့်များအား ငှက်များက စားသောက်ခြင်းဖြင့် ပျံ့နှံ့ခြင်းဖြစ်ပါသည်။

## ၁၄။ ပျိုးထောင်ခြင်းနည်းလမ်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ရွှေပုံတောင်ပျိုးဥယျာဉ်တွင် ပျိုးထောင်ခြင်းဆောင်ရွက်ခဲ့ပါသည်။ ငုတ်တက်ထွက်နှုန်းကောင်းမွန်ပြီး သဘာဝအတိုင်း အမြစ်မှ အပင်ပြန်လည်ပေါက်ရောက်နိုင်ပါကြောင်းတွေ့ရှိရပါသည်။ တစ်ပြည်တွင် အသီး(၂၀၀၀)ပါရှိပါသည်။ အသီးများကို အခြောက်ခံပြီး လေလုံသောဗူးများဖြင့် ပမာဏများစွာသိုလှောင်ထားနိုင်ပါသည်။

ပျိုးထောင်နည်းစနစ်မှာ ဒေသဓလေ့အရ ဆောင်ရွက်သော သမရိုးကျနည်းလမ်းများဖြင့် လွယ်ကူစွာပျိုးထောင်နိုင်ပါသည်။

အသီးအား ခွေယူပြီး (၁)ရက် နေလှန်းပါသည်။ ထို့နောက် နေလှန်းပြီးသော အသီးများအား ဇကာပေါ်တွင်ဖျစ်ခြေ၍ အသီးအတွင်းမှ အရည်ကြည်များ ထွက်သွားအောင် ရေးဦးစွာဆောင်ရွက်ပါသည်။ ထို့နောက် မျိုးစေ့များ သီးသန့်ဖယ်ထုတ်နိုင်ရန် အဆိုပါအသီးများအား ရေတွင်နှစ်၍ ဆေးကြောပါသည်။ ရေပေါ်တွင် ပေါ်လာသောအစေ့ခွံနှင့်အမှိုက်များအား ဖယ်ထုတ်၍ ရေတွင် နစ်မြုပ်နေသောအစေ့များအား ပျိုးအိတ်တွင် တိုက်ရိုက်ထည့်ပါသည်။ နံနက်ခင်းနှင့် ညနေပိုင်းများတွင် ရေဖျန်းပုံးဖြင့် ပုံမှန်ရေလောင်းခြင်း ဆောင်ရွက်ပြီးနောက် (၇)ရက်အကြာတွင် အညှောင့်များ ထွက်ပေါ်လာပါသည်။ အပင်ပေါက်နှုန်းကောင်းမွန်ပြီး (၆၀%) ရှိပါသည်။



ဝါးနွယ်စိမ်းပင်များစိုက်ပျိုးထားရှိခြင်း



**ကျမ်းကိုးစာရင်း**

၁။ http://tropical.theferns.info/viewtropical.php?id=Salvadora+oleoides

၂။ www.ijbio.com

၃။ Agroforestry Database 4.0 (Orwa et al.2009)

၄။ India Biodiversity Portal

၅။ ချောက်မြို့နယ်မှ ရွှေပုံတောင်ဒေသတွင် ဝါးနွယ်စိမ်းပင်ပျိုးထောင်ခြင်းနှင့် ၃/၂၀၂၀ စိုက်ပျိုးခြင်း ဆိုင်ရာတင်ပြချက်

တစ်စေ့မှ တစ်ပင်၊
တစ်ပင်မှ တစ်တော၊
တစ်တောမှ တစ်တောင်၊
တို့ စွမ်းဆောင်၊





# ငဟစ်

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ
မြန်မာငှက်နှင့်သဘာဝထိန်းသိမ်းရေးအသင်း







ငဟစ်ငှက်မျိုးသည် ခြေတံရှည်ရေချိုနှင့်ကမ်းရိုးတန်းဒေသတွင် ကျက်စားသည့် ရေငှက်တစ်မျိုးဖြစ်သည်။ ငှက်ကျား Stork၊ ခရုတုတ် Ibis၊ နှုတ်သီးပြား Spoonbill နှင့် ကြိုးကြာ Crane တို့နှင့်ဆင်သော်လည်း ပျံသည့်အခါ လည်တိုင်အနေအထားကွာခြားသည်။ ငဟစ်(Heron)၊ ဗျိုင်း(Egret)၊ ဗျိုင်းအောက်(Pond-heron)၊ လင်းဝက်(Night-heron)တို့သည် လည်တိုင်ကို ခန္ဓာကိုယ်ဖက်သို့ အင်္ဂလိပ်အက္ခရာ 'S' ပုံကွေးပြီးပျံသန်းကြပြီး၊ ကြိုးကြာ၊ ငှက်ကျား၊ ခရုတုတ်၊ ခရုစုတ်တို့သည် လည်တိုင်ဆန့်၍ပျံသန်းကြသည်။ ငဟစ်တို့သည် ခန္ဓာကိုယ်အလယ်အလတ်အရွယ်မှ ကြီးမားသည့်အရွယ်ထိဖြစ်ပြီး၊ ခြေတံ၊ လည်တံရှည်သည်။ လည်တိုင်သည် အထူးဖန်တီးထားသည့် လည်တိုင်ရိုးများဖြင့် ဖွဲ့စည်းထားခြင်းကြောင့် အင်္ဂလိပ်စာလုံး 'S'ပုံကွေးနိုင်၊ဆန့်နိုင်သည်။ ပျံသည့်အခါ လည်တိုင်ကွေးပြီး၊ ခြေထောက်ကိုနောက်သို့ ဆန့်တန်းထားသည်။ ပျံသန်းစဉ် လည်တိုင်ကိုကွေးထားခြင်းကြောင့် အခြားသော လည်တိုင်ရှည်ငှက်အများစုနှင့်မတူကွဲပြားသည်။ ခြေချောင်းတို့သည် ရှည်ပြီးသွယ်သည်။ နှုတ်သီးသည် ယေဘုယျအားဖြင့် ရှည်ပြီး လုံးသွားနှင့်တူသည်။

ငဟစ်တို့သည် အန္တာတိက(Antartica)မှလွဲ၍ ကမ္ဘာတစ်ဝန်းပျံ့နှံ့ကျက်စားကြသည်။ ကမ္ဘာပေါ်၌ Heron နှင့် Egret မျိုးစိတ်ပေါင်း(၄၅)မျိုး ကျက်စားသည်။ အရှေ့တောင်အာရှတွင် မျိုးစိတ်(၁၈)မျိုးရှိကြောင်း Craig Robson ရေးသားသည့် Birds of South East Asia, Second Edition တွင်ဖော်ပြပြီး၊ Night Heron, Pond Heron, Little Heron, Egret ငှက်မျိုးတို့ပါဝင်သည်။ Heron မျိုးစိတ်သည် အရှေ့တောင်အာရှတွင် ငဟစ်မျိုးစိတ်(၅)မျိုးရှိသည်။ မြန်မာနိုင်ငံတွင် (၄)မျိုးကျက်စားသည်။ ၎င်းတို့မှာ ငဟစ်မွဲ(Grey Heron *Ardea cinerea*)၊ ငဟစ်ဝမ်းဖြူ (White-bellied Heron *Ardea insignis*)၊ နှုတ်သီးကြီးငဟစ် (Great-billied Heron *Ardea sumatrana*)၊ ငဟစ် Purple Heron *Ardea purpurea*)တို့ဖြစ်သည်။ နှုတ်သီးကြီးငဟစ် Great-bellied Heron ကို မြန်မာနိုင်ငံ အနောက်တောင်၊ တနင်္သာရီတွင်တွေ့ကြောင်း မှတ်တမ်းတင်ထားသော်လည်း မျက်မှောက်အခြေအနေတွင် တွေ့မြင်ခြင်းမရှိပေ။ ငဟစ်ကြီး Goliath Heron *Ardea goliath* သည် အာဖရိက ဆာဟာရတောင်ပိုင်းတွင်ကျက်စားပြီး၊ မြန်မာနိုင်ငံတွင် ရှေးယခင်က တစ်ကြိမ်သာတွေ့ကြောင်း မှတ်တမ်းတင်ထားသည်။

စာမျက်နှာ – ၅၅ သို့